# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလဆန်း (၈) ရက် ၊ တနင်္ဂနွေနေ့ ၊ (25-6-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၅၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများကို ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပပြုလုပ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သားအားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများကို ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**နေပြည်တော်  ဇွန်  ၂၄**

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သားအားကစားသမားများနှင့်အုပ်ချုပ်သူနည်းပြများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာညစာခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုတံဆိပ်များ ချီးမြှင့်ပေးအပ်သည်။

အဆိုပါဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**




ရတနာပုံ
၂၀၂၄ ၊ ၊ ဇွန် ၂၅ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့သမိုင်းနှင့် မျိုးချစ်စိတ်

မြန်မာနိုင်ငံသည် ယဉ်ကျေးမှု၊ သွင်ပြင်လက္ခဏာ၊ ထုံးတမ်းစဉ်လာ၊ ရေမြေရာသီဥတု မတူကွဲပြားကြသည့် တိုင်းရင်းသားများစွာ စုပေါင်းနေထိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ တစ်တိုင်းပြည်လုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုလျှင် အဓိကကျသည့်အချက်တစ်ခုမှာ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ခိုင်မာရေးပင်ဖြစ်သည်။ မျိုးချစ်စိတ်ဟူသည် တိုင်းပြည်နှင့် လူမျိုးကို ချစ်ခင်သော စိတ်ဓာတ်ဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်က လက်ဆင့်ကမ်းသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အချင်းချင်း အေးအတူပူအမျှ စိတ်ဓာတ်သည် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှု၏ အန္တရာယ်များကို ဖယ်ရှားပေးနိုင်ပေသည်။ မိမိနိုင်ငံ၊ မိမိတိုင်းပြည်ကို တိုင်းတစ်ပါးက ထိပါးစော်ကား၊ နှောင့်ယှက်မှုမပြုနိုင်အောင်၊ စည်းလုံးညီညွတ်မှုမပြိုကွဲအောင်အတွက် မျိုးချစ်စိတ်ဓာတ်တံတိုင်းကြီး မဖြစ်မနေထားရပါမည်။ တိုင်းပြည်နှင့်လူမျိုးကို ချစ်ခင်သောစိတ်ဓာတ်မှာ မျိုးချစ်စိတ်ဖြစ်သည့်အတွက် မျိုးချစ်စိတ်များ ကိန်းအောင်းနေရန် မိမိတိုင်းပြည်၊ မိမိလူမျိုး၏သမိုင်းကြောင်းကိုလည်း မဖြစ်မနေ လေ့လာထားရှိကြရပါမည်။

မိမိနိုင်ငံ၏ သမိုင်းကြောင်းကို မှန်မှန်ကန်ကန် သိရှိဆင်ခြင်နိုင်ရန် အရေးကြီးပုံနှင့်ပတ်သက်၍လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဇွန် ၁၆ ရက် နံနက်ပိုင်း၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရုံး၊ ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိငယ်များကို တွေ့ဆုံအမှာစကားပြောကြားရာ၌ **တပ်မတော်သားများသည် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နေသူများ၊ အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်နေသူများဖြစ်သည့်အတွက် ခေတ်အဆက်ဆက် နိုင်ငံ၏သမိုင်းကို မှန်မှန်ကန်ကန်သိရှိရန်လိုအပ်ကြောင်း၊ အမျိုးသားနိုင်ငံရေးနှင့် အမျိုးသားအကျိုးစီးပွားကို ဆောင်ရွက်ရာတွင် နိုင်ငံ၏သမိုင်းကြောင်းကို မှန်မှန်ကန်ကန်သိရှိထားမှသာ မိမိတို့၏ အမျိုးသားနိုင်ငံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ၏သမိုင်းကြောင်းမှ သင်ခန်းစာများကို ဖော်ထုတ်ပြီး နိုင်ငံ့အကျိုးအတွက် ဆောင်ရွက်ရန်လိုကြောင်း၊** စသည်ဖြင့် နိုင်ငံ၏ သမိုင်းရေးရာများ မှန်မှန်ကန်ကန်သိရှိပြီး လေးနက်စွာ ဆင်ခြင်နိုင်ရေးအတွက် ပြောကြားခဲ့ပါသည်။

မိမိတို့နိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးခန့်ရှိပြီး တိုင်းရင်းသားအားလုံး၏ အကျိုးစီးပွားဖြစ်သည့် အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ရာတွင် တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးစိတ်၊ စွန့်လွှတ်အနစ်နာခံစိတ်ဖြစ်သော မျိုးချစ်စိတ်ဓာတ်သည် အလွန်အရင်းခံကျသောစိတ်ဓာတ်ဖြစ်ပါသည်။

မိမိတို့နိုင်ငံ၏ မျိုးဆက်သစ်လူငယ်လူရွယ်များစွာ၏ ရင်ထဲ၊ နှလုံးသားထဲတွင် မျိုးချစ်စိတ်ဓာတ် စွဲမြဲစွာကိန်းအောင်းနေရပါမည်။ မိမိနိုင်ငံ၊ မိမိလူမျိုး၊ ဘာသာသာသနာ၊ စာပေယဉ်ကျေးမှုအဖုံဖုံတို့ကို ကျရာကဏ္ဍမှ အသက်ထက်ဆုံး ထိန်းသိမ်းစောင့်ရှောက်ရမည်ဟူသော မျိုးချစ်စိတ်ကိန်းအောင်းရှင်သန်နေသည့် မျိုးဆက်သစ်များအတွက် နိုင်ငံ့သမိုင်းကို မှန်မှန်ကန်ကန်သိရှိနားလည်စေရေး ပညာရေးကဏ္ဍမှတစ်ဆင့် အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဇွန် ၂၄**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၁၅၈၂၁၁ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နယ်စုံဒေသက ဘုရားဖူးတွေ လာရောက်ဖူးမြော်ကြပါတယ်။ ရာသီဥတုကောင်းရင် ဘုရားဖူးတွေ ပိုပြီးလာရောက်ဖူးမြော်ကြတာကို တွေ့ရပါတယ်။ ရာသီဥတုပူပြင်းတဲ့ အခါမှာလဲ ဘုရားဖူးတွေဟာ နားနေဆောင်မှာ အနားယူအပန်းဖြေကြပြီးတော့ ဘုရားဖူးကြတာကို တွေ့ရပါတယ်။ အမှတ်တရပစ္စည်း အရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်။ လိုဏ်ဂူအတွင်းကိုလဲ ဝင်ရောက်လေ့လာကြပါတယ်။ အမှတ်တရဓာတ်ပုံရိုက်သူတွေလဲရှိပါတယ်"ဟု ဝေဠုဝန်ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၁၃၈ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၁၅၅၄၄၈ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၆၂၅ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# ကျေးရွာအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်ထားသည့် စိန်ပန်းကုန်းကျေးရွာတွင် ခရီးသွားဝင်ရောက်လည်ပတ်မှုများပြားလျက်ရှိ

**မန္တလေး ဇွန် ၂၄**

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် စိန်ပန်းကုန်းကျေးရွာတွင် ခရီးသွားဝင်ရောက်လည်ပတ်မှုများပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

လက်ရှိတွင် ခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် ကျေးရွာများထဲမှ ခရီးသွားများစိတ်ဝင်စားမှုရှိသည့်ကျေးရွာမှာ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ စိန်ပန်းကုန်းကျေးရွာဖြစ်ကြောင်း၊ စိန်ပန်းကုန်းကျေးရွာ၌ ရက်ကန်းလုပ်ငန်း၊ အိုးလုပ်ငန်း၊ ခမောက်လုပ်ငန်း၊ ဆေးပေါ့လိပ်လုပ်ငန်းနှင့် ဖိနပ်လုပ်ငန်းများအပါအဝင် မြန်မာ့လက်မှုပညာဖြင့် ဖန်တီးပုံဖော်ထားသောပစ္စည်းများကိုလည်း ခရီးသွားများ စိတ်ဝင်စားမှုရှိကြောင်း သိရသည်။

"ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်း ဖော်ဆောင်ဖို့အတွက် ၂၀၁၄ ခုနှစ်ကနေစပြီးတော့ သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)နဲ့ ငါးလုပ်ငန်းဦးစီးဌာန၊ ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်။ လုပ်ငန်းဖော်ဆောင်ထားတဲ့ကျေးရွာတွေကတော့ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းမှာက ဆင်ကျွန်းကျေးရွာ၊ အေးကျွန်းကျေးရွာ၊ မြေစွန်းကျေးရွာ၊ စိန်ပန်းကုန်းကျေးရွာ၊ စဉ့်ကူးမြို့နယ်အတွင်းကတော့ မြစ်ကမ်းကြီးကျေးရွာ၊ ဆည်သည်ကျေးရွာနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းမှာ ဖော်ဆောင်တာကတော့ ရွာသစ်ကျေးရွာ၊တကောင်းကျေးရွာ၊ ရှိမ်းမကားကျေးရွာတို့ဖြစ်ပါတယ်။ အခုလက်ရှိတော့ စိန်ပန်းကုန်းကျေးရွာကို မန္တလေးဆိပ်ကမ်းကနေ သင်္ဘောနဲ့သွားရောက်လည်ပတ်တဲ့ခရီးသည်တွေ တော်တော်လေးပြန်များလာတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

စိန်ပန်းကုန်းကျေးရွာသို့ ဝင်ရောက်လည်ပတ်သည့် ခရီးသွားဦးရေမှာ ဇွန်လ ပထမပတ်က တစ်ရက်လျှင် ဦးရေ ၁၀၀ ကျော်သာရှိခဲ့သော်လည်း ဇွန်လ တတိယပတ်မှစ၍ ဝင်ရောက်လည်ပတ်သည့်ခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၂၀၀ ကျော်ထိ ရှိလာကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးဈေးကွက်အတွင်း မြင်းမူဘက်မှထွက်ရှိသည့် ဂျုံများ ပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၃၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး ဇွန် ၂၄**

မန္တလေးဈေးကွက်အတွင်း မြင်းမူဘက်မှထွက်ရှိသည့် ဂျုံများ ပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၃၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ မြင်းမူဘက်မှထွက်ရှိသည့် ဂျုံများ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာပြီး ကုန်သည်များအနေဖြင့် ဝယ်ယူမှုများပြားလာသည့်အပြင် ဈေးကွက်အတွင်း၌ပါ ဈေးကောင်းရရှိလာကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ ငါန်းဇွန်၊ မြို့သာ၊ မုံရွာတွေဘက်က ဝင်လာတဲ့ဂျုံတွေလဲ ရှိပါတယ်။ ဒါပေမဲ့လဲ မြင်းမူဘက်ကဂျုံတွေက မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်အနည်းငယ်ပြန်ကောင်းမွန်လာတာကြောင့် ဈေးကောင်းပြန်ရနေတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ဇွန်လ ဒုတိယပတ်အတွင်းက မြင်းမူဘက်မှထွက်ရှိသည့်ဂျုံများ အရောင်းအဝယ် အေးနေခဲ့ခြင်းကြောင့် ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀ သာရှိခဲ့ကြောင်း၊ ဇွန် ၂၃ ရက် ပေါက်ဈေးအရ မြင်းမူဘက်မှထွက်ရှိသည့် ဂျုံများ အဝယ်ပြန်လိုက်လာခြင်းကြောင့် ပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၃၀၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ ဂျုံအရောင်းအဝယ်လုပ်တဲ့ကုန်သည်တွေ အခုလတ်တလော တော်တော်လေးပြန်ပြီးများလာတယ်။ ပြည်ပဈေးကွက်ကိုတော့ ဂျုံတင်ပို့မှုက အနည်းငယ်လောက်ပဲရှိတယ်။ ဂျုံအသစ်တွေ ဈေးကွက်ထဲပြန်ဝင်လာပြီဖြစ်တာကြောင့် နောက်ပိုင်း ဂျုံဈေးကတော့ ဈေးကောင်းထပ်ပြီး ရဖို့ရှိနေပါတယ်"ဟု ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖောက်သည်အဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပင်းတယမြို့နယ် ချုပ်ချက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပင်းတယ ဇွန် ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ကူးကောင်ကျေးရွာအုပ်စု ချုပ်ချက်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလင်းထွဋ်ခိုင်က ချုပ်ချက်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဦးကျော်စိန်နှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၃ ဒသမ ၀၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ချုပ်ချက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၆ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၃ ဒသမ ၀၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ရိုင်**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တစ်ရက်လျှင် အုန်းသီးအလုံးရေ ၅၀၀၀ ထိ တင်ပို့ရောင်းချနေရ



**ဘိုကလေး ဇွန် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တစ်ရက်လျှင် အုန်းသီးအလုံးရေ ၅၀၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း ဘိုကလေးမြို့နယ် အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးဇော်ထက်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်အုန်းသီးများကို ဝယ်ယူပြီး အခွံပါ၊ အခွံမပါနှင့် အနုသီး စသည့်ပုံစံဖြင့် အသီးသုံးမျိုးကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ ပြီးခဲ့သည့် မေလအတွင်းက တစ်ရက်လျှင် အုန်းသီးအလုံးရေ ၁၅၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး ဇွန် ၁ ရက်မှ ယနေ့ထိ တစ်ရက်လျှင် အုန်းသီးအလုံးရေ ၅၀၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း သိရသည်။

“ဘိုကလေးမြို့နယ်က အုန်းသီးတွေထွက်ရှိတယ်။ ဒေသစီးပွားရေးလုပ်ငန်းအနေနဲ့ စပါးစိုက်ပျိုးရေးလုပ်ငန်းအပြင် အုန်းသီးစိုက်ပျိုးတဲ့လုပ်ငန်းကိုလဲ ပူးတွဲလုပ်ကိုင်ကြတယ်။ လက်ရှိ အုန်းသီးအလုံးရေ ၅၀၀၀ ထိ တင်ပို့ရောင်းချနေရတယ်။ အုန်းဝယ်ယူမှုတက်လာသလို ဈေးကောင်းလဲရရှိနေတာဖြစ်ပါတယ်။ ဒေသထွက်အုန်းသီးတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချတာဖြစ်ပါတယ်။ ရန်ကုန်ကနေတစ်ဆင့် ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချပါတယ်။ ဒေသထွက်အုန်းသီးတွေကို ဆိုဒ်သုံးမျိုးနဲ့ တင်ပို့ရောင်းချနေတာပါ”ဟု ဘိုကလေးမြို့နယ် အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးဇော်ထက်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့်အုန်းသီးများကို ကုန်တင်ကား၊ ကုန်တင်ရေယာဉ်များဖြင့် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေပြီး အုန်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၅၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဒေသထွက်အုန်းသီးများ ဈေးကောင်းရရှိခြင်း၊ ဝယ်ယူမှုကောင်းလာခြင်းကြောင့် အုန်းစိုက်တောင်သူများ၊ ကုန်ထမ်းလုပ်သားများ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေနေကြောင်း ဦးဇော်ထက်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဟုမ္မလင်းမြို့နယ် နားနွှံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဟုမ္မလင်း ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားနွှံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဇွန် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟုမ္မလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်ယုမေ၊ ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟန်မင်းဆွေနှင့် တာဝန်ရှိသူများက နားနွှံးကျေးရွာ၌ စီမံကိန်းစာရင်းဇယား ဖြည့်သွင်းထားရှိမှုအခြေအနေများနှင့် စီမံကိန်းပံ့ပိုးရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

နားနွှံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၇၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူငါးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၅၉ ဦးကို ငွေကျပ် ၆၁၁ သိန်းထုတ်ချေးပေးထားကြောင်း သိရသည်။

**ချစ်ဦးကို**

# သနပ်ပင်မြို့နယ် အနီးကိုက်ကျေးရွာ၌ ၄၀၀ ပို့ဓာတ်အားလိုင်းသွယ်တန်းပြီးစီးမှု စစ်ဆေး

**သနပ်ပင် ဇွန် ၂၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အနီးကိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေနှင့် ဝန်ထမ်းများက ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့်အတူ အနီးကိုက်ကျေးရွာ၌ ၄၀၀ ဗို့ ဓာတ်အားလိုင်းပေ ၃၀၀၀ သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင်ထိန်းသိမ်းရန် မှာကြားသည်။

အနီးကိုက်ကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်းပေ ၃၀၀၀ သွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၆ ဒသမ ၃ သန်းဖြင့် ယခုနှစ် ဧပြီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက ပြောပြ၍ သိရသည်။

**အေးမြတ်**

# ရမည်းသင်းမြို့နယ်အတွင်း ဆောင်ရွက်မည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေး

**ရမည်းသင်း ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးသက်သက်ခိုင်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ၊ တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများနှင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်၍ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းအလိုက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရမည်းသင်းမြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ထီးလှိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ကုန်ထုတ်တံတားတည်ဆောက်ခြင်း၊ သပြေလှ၊ ကန်သာ၊ သာယာအေး၊ သီးကုန်းကျေးရွာတို့၌ ကျေးလက်ရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်းလေးခုတို့ကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ၊ တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၄၆၇ ဒသမ ၄၂၇ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



# မလေးရှားမှ မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်သို့ စားသုံးဆီတင်ပို့မှုနှင့် အနာဂတ်အလားအလာများ

မလေးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် စားအုန်းဆီထုတ်လုပ်မှုအများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံပြီးလျှင် ဒုတိယလိုက်သောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ မလေးရှားနိုင်ငံ၏ မလေးရှားစားအုန်းဆီကောင်စီ (Malaysia Palm Oil Council-MPOC) သည် မလေးရှားနိုင်ငံ၏ စားအုန်းဆီဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်သည်။ မလေးရှားနိုင်ငံသည် စားအုန်းဆီကို ၂၀၂၂ ခုနှစ်တွင် မက်ထရစ်တန် ၁၅ ဒသမ ၃၅ သန်းခန့် ပြည်ပတင်ပို့ခဲ့သည်။ အဆိုပါအရေအတွက်သည် ၂၀၂၁ ခုနှစ်က တင်ပို့ခဲ့သော မက်ထရစ်တန် ၁၄ ဒသမ ၈၄ သန်းထက် ၃ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်လာသည်။ မလေးရှားရင်းဂစ်အားဖြင့် ၂၀၂၂ ခုနှစ် စားအုန်းဆီတင်ပို့မှုသည် ၈၂ ဘီလီယံဖိုးရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၏ အဓိကဖောက်သည်နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်သည်။ အိန္ဒိယနိုင်ငံသို့ မက်ထရစ်တန် ၃ ဒသမ ၄၄ သန်း တင်ပို့ခဲ့သည်။ တရုတ်နိုင်ငံသို့ မက်ထရစ်တန် ၁ ဒသမ ၇၇ သန်းနှင့် အီးယူသို့ မက်ထရစ်တန် ၁ ဒသမ ၄၂ သန်း တင်ပို့ခဲ့ကြောင်း သိရသည်။ မလေးရှားနိုင်ငံသည် အိန္ဒိယနှင့် တရုတ်နိုင်ငံအပြင် အရှေ့အလယ်ပိုင်းနိုင်ငံများ၊ အရှေ့နှင့်မြောက်ပိုင်းအာဖရိကနိုင်ငံများ၊ ဗီယက်နမ်နှင့်ဖိလစ်ပိုင်နိုင်ငံတို့ကိုလည်း အနာဂတ်၏ ဈေးကွက်ကောင်းများအဖြစ် မျှော်မှန်းထားသည်ဟု ဆိုသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သော ဂျပန်နှင့် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံများကိုလည်း တင်ပို့သွားမည်ဟု သိရသည်။

**မလေးရှား၏ အာဆီယံဈေးကွက်**

မလေးရှားစားအုန်းဆီကောင်စီ၏ စာတမ်းတစ်ခုဖြစ်သော အာဆီယံ၏ စားအုန်းဆီဈေးကွက်ဆိုင်ရာ အခွင့်အလမ်းများကိုဖော်ပြရာတွင် အာဆီယံ၏ ဖောက်သည်နိုင်ငံများမှာ အဓိကအားဖြင့် ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့ဖြစ်သည်ဟုဆိုသည်။ အာဆီယံတွင် နိုင်ငံပေါင်း ၁၀ နိုင်ငံပါဝင်ပြီး မလေးရှားနိုင်ငံက အာဆီယံနိုင်ငံများသို့ ဆီတင်ပို့နေမှုအခြေအနေမှာ ၂၀၂၀ ပြည့်နှစ်တွင် မက်ထရစ်တန် ၁ ဒသမ ၅ သန်းခန့်၊ ၂၀၂၁ ခုနှစ်တွင် မက်ထရစ်တန် ၁ ဒသမ ၂ သန်းခန့်နှင့် ၂၀၂၂ ခုနှစ်တွင် မက်ထရစ်တန် ၁ ဒသမ ၂၅ သန်းခန့် တင်ပို့ခဲ့ကြောင်း သိရသည်။ ထိုအထဲတွင် အဆင့်မြင့်စားအုန်းဆီတင်ပို့မှုမှာ ၆၈ ဒသမ ၃ ရာခိုင်နှုန်းထိရှိကြောင်း သိရသည်။ အာဆီယံနိုင်ငံများသို့ တင်ပို့မှုကိုကြည့်လျှင် ဖိလစ်ပိုင်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ပြီး တင်ပို့နိုင်မှုမှာ ၂၀၂၀ ပြည့်နှစ်တွင် ၆၉၃၄၄၁ မက်ထရစ်တန်၊ ၂၀၂၁ ခုနှစ်တွင် ၅၇၉၈၀၆ မက်ထရစ်တန်နှင့် ၂၀၂၂ ခုနှစ်တွင် ၆၃၈၇၁၈ မက်ထရစ်တန်ရှိသည်။ မလေးရှားမှ အာဆီယံနိုင်ငံများအတွင်း စားအုန်းဆီဒုတိယအများဆုံးတင်ပို့သောနိုင်ငံမှာ ဗီယက်နမ်နိုင်ငံဖြစ်သည်။ ဗီယက်နမ်သို့တင်ပို့မှုမှာ ၂၀၂၀ ပြည့်နှစ်တွင် ၄၃၆၈၃၉ မက်ထရစ်တန်၊ ၂၀၂၁ ခုနှစ်တွင် ၃၄၆၆၃၆ မက်ထရစ်တန်နှင့် ၂၀၂၂ ခုနှစ်တွင် ၃၁၃၈၈၁ မက်ထရစ်တန်ဖြစ်သည်။ တတိယအများဆုံး စားအုန်းဆီတင်ပို့သောနိုင်ငံမှာ စင်ကာပူနိုင်ငံဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ၂၉၄၃၉၈ မက်ထရစ်တန်၊ ၂၀၂၁ ခုနှစ်တွင် ၂၀၉၅၇၁ မက်ထရစ်တန်နှင့် ၂၀၂၂ ခုနှစ်တွင် ၂၄၀၂၆၆ မက်ထရစ်တန်ဖြစ်သည်။ မလေးရှားနိုင်ငံမှ စားအုန်းဆီ စတုတ္ထအများဆုံးတင်ပို့နေသောနိုင်ငံမှာ မြန်မာနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံသို့ တင်ပို့မှုမှာ ၂၀၂၀ ပြည့်နှစ်တွင် ၄၀၉၉၇ မက်ထရစ်တန်၊ ၂၀၂၁ ခုနှစ်တွင် ၂၄၇၁၉ မက်ထရစ်တန်နှင့် ၂၀၂၂ ခုနှစ်တွင် မက်ထရစ်တန် ၄၃၄၂၀ ရှိသည်။

အဆိုပါနိုင်ငံများသို့ မလေးရှားနိုင်ငံမှ စားအုန်းဆီတင်ပို့မှုသည် အာဆီယံနိုင်ငံအားလုံးသို့ တင်ပို့မှုစုစုပေါင်း၏ ၇၈ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းထိရှိသည်ကိုတွေ့ရသည်။ အဆိုပါနိုင်ငံများသည် အခြားသောစားသုံးဆီများ ပြည်တွင်းတွင် ထုတ်လုပ်သည်များရှိပြီး ဆီနှင့်ဆီထွက်သီးနှံများ ပြည်ပသို့ တင်ပို့ပြီး နိုင်ငံခြားငွေရှာဖွေခြင်းကိုပြုလုပ်သကဲ့သို့ ဈေးသက်သာသောစားအုန်းဆီများကိုလည်း ပြည်ပမှ(အထူးသဖြင့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံ)တင်သွင်းစားသုံးကြသည်ကို တွေ့ရသည်။

**ဖိလစ်ပိုင်နိုင်ငံ**

ဖိလစ်ပိုင်နိုင်ငံသည် အုန်းဆီနှင့် အုန်းသီးထုတ်ကုန်ထုတ်လုပ်မှုတွင် ကျော်ကြားထင်ရှားသည်ကို တွေ့ရသည်။ အုန်းဆီနှင့် အုန်းသားခြောက်ထုတ်လုပ်မှုမှာ ကမ္ဘာ့ဈေးကွက်၏ ဝေစုအနေဖြင့် ၄၁ ရာခိုင်နှုန်းထိရှိကြောင်း သိရသည်။ အုန်းဆီထုတ်လုပ်မှု၏ ၇၁ ရာခိုင်နှုန်းကို ပြည်ပသို့တင်ပို့ကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် အုန်းဆီထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့၍ ရရှိသောနိုင်ငံခြားငွေဖြင့် စားအုန်းဆီဝယ်ယူစားသုံးသည့်အနေအထားကို တွေ့ရသည်။

**❖ ပြည်တွင်းကုန်ထုတ်လုပ်မှုကို စဉ်ဆက်မပြတ်တိုးတက်စေရေးအတွက် မလေးရှားစားအုန်းဆီထုတ်လုပ်ရေးကို စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရသည်။ မလေးရှားတွင် ဆီအုန်းစိုက်ပျိုးမှုသည် သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်များ၏ ဂေဟပတ်ဝန်းကျင်ကိုထိခိုက်စေသည်ဟူသောအချက်ကို ချေဖျက်နိုင်ရန်ကြိုးစားနေရသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် ရေရှည်မျှော်မှန်းချက်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် အစိုးရ၏စီမံခန့်ခွဲမှုကောင်းမွန်ရေးတို့ကို ဦးတည်ဆောင်ရွက်လျက်ရှိသည်။ ❖**

ထို့ကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ ဆီတင်သွင်းမှုတွင် စားအုန်းဆီကို အများအပြားတင်သွင်းနေသည်ကိုတွေ့နိုင်သည်။ ပြည်တွင်းစားသုံးမှုကိုကြည့်လျှင် စားအုန်းဆီမှာ ၇၆ ရာခိုင်နှုန်းရှိပြီး ပဲပုပ်ဆီစားသုံးမှုမှာ ငါးရာခိုင်နှုန်း၊ ဝက်ဆီစားသုံးမှုမှာ လေးရာခိုင်နှုန်း၊ အုန်းဆီစားသုံးမှုမှာလေးရာခိုင်နှုန်းနှင့် အခြားဆီများစားသုံးမှုမှာ ၁၁ ရာခိုင်နှုန်းရှိကြောင်းသိရသည်။ ဖိလစ်ပိုင်နိုင်ငံသည်တောင်ဘက်ခြမ်းတွင် ဆီအုန်းအနည်းငယ်စိုက်ပျိုးမှုရှိပြီး ၂၀၂၂-၂၀၂၃ ခုနှစ်တွင်စိုက်ဧရိယာမှာဟက်တာ ၆၆၀၀၀ ရှိပြီး ထုတ်လုပ်မှုမှာမက်ထရစ်တန် ၁၀၀၀၀၀ ရှိကြောင်း သိရသည်။ စားအုန်းဆီကို ဖိလစ်ပိုင်နိုင်ငံတွင် အမြန်စားအစားအစာများ၊ မုန့်ဖုတ်လုပ်ငန်းများတွင် အများအပြားသုံးစွဲကြသည်ဟုဆိုသည်။ ဖိလစ်ပိုင်နိုင်ငံ၏ အားကျစရာတစ်ခုမှာ အုန်းဆီထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှုများဖြစ်သည်။ အုန်းဆီနှင့် အုန်းမှအခြားတင်ပို့မှုများမှာ ၂၀၂၁ ခုနှစ်တွင် အမြင့်ဆုံးရောက်ခဲ့ပြီး အမေရိကန်ဒေါ်လာ နှစ်ဘီလီယံဖိုးထိရောက်ရှိခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၃ ဘီလီယံဖိုး တင်ပို့ခဲ့သည်။ အုန်းဆီနှင့် အုန်းသားခြောက် စသောထုတ်ကုန်များကို အမေရိကန်၊ တရုတ်နှင့် နယ်သာလန်နိုင်ငံတို့သို့ အများဆုံးတင်ပို့ရကြောင်း သိရသည်။

**ဗီယက်နမ်နိုင်ငံ**

မလေးရှားနိုင်ငံ၏ အာဆီယံနိုင်ငံများသို့ စားအုန်းဆီတင်ပို့မှုတွင် ဗီယက်နမ်နိုင်ငံသည် ဒုတိယလိုက်နေသည်ကို တွေ့ရသည်။ ဗီယက်နမ်၏ စားသုံးမှုဓလေ့တွင် ဆီစားသုံးမှုနည်းပါးသော်လည်း ဗီယက်နမ်တွင် ဆီသန့်စင်စက်ရုံများနှင့် ဆီတင်သွင်းမှုများရှိနေခြင်းသည် ပြည်တွင်းစားသုံးမှုထက် ပြည်ပသို့ ပြန်လည်တင်ပို့မှုများရှိသည့်အတွက်ဖြစ်သည်ဟု ဆိုနိုင်သည်။ ဗီယက်နမ်နိုင်ငံ၏ ဆီနှင့် အဆီတင်သွင်းမှုများ၏ ၈၇ ရာခိုင်နှုန်းသည် စားအုန်းဆီဖြစ်ကြောင်း သိရသည်။ ပဲပုပ်ဆီနှင့် ဝက်ဆီတို့ကို ပြည်တွင်းတွင် အများအပြားထုတ်လုပ်စားသုံးသည်ဟု သိရသည်။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ၏ အစာလိုအပ်ချက်အရလည်း ပြည်တွင်းပဲပုပ်ဆီထုတ်လုပ်မှုလိုအပ်ချက်ကို မြင့်တက်စေသည်။

ဝက်ဆီမှာလည်း ပြည်တွင်းကျေးလက်ဒေသများ၏ အဓိကစားသုံးဆီဖြစ်သည့်အတွက် လိုအပ်ချက်မြင့်မားသောဆီတစ်မျိုးဖြစ်သည်ဟုဆိုသည်။ ပြည်တွင်းစားသုံးဆီလိုအပ်ချက်ကို ပြည်တွင်း၌ ပြည့်ဝအောင်ထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် ပြည်ပမှ တင်သွင်းရကြောင်း သိရသည်။ ပြည်တွင်းစားသုံးဆီလိုအပ်ချက်၏ ၆၈ ရာခိုင်နှုန်းကျော်ကို ပြည်ပမှ တင်သွင်းရသည်။ ပြည်တွင်းစားသောက်ကုန်လုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ တင်သွင်းရမှုလည်း လိုက်လံမြင့်တက်လာသည်။ ပြည်တွင်းကုန်ထုတ်လုပ်မှုတိုးတက်လာသည်နှင့်အမျှ စားသုံးဆီသုံးစွဲမှုနှုန်းသည်လည်း မြင့်တက်လာပြီး စားအုန်းဆီစားသုံးသည့်နှုန်းမှာလည်း ပြည်တွင်းစားသုံးနှုန်း၏ ၅၈ ဒသမ ၅ ရာခိုင်နှုန်းထိရှိသည်ဟုဆိုသည်။

လက်ရှိအခြေအနေတွင် ဗီယက်နမ်သည် အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီကို ပိုမိုတင်သွင်းလာသည့်အပြင် အမေရိကန်နိုင်ငံမှ ပဲပုပ်ဆီကိုလည်း တင်သွင်းလာသဖြင့် မလေးရှားနိုင်ငံမှတင်သွင်းမှု လျော့ကျလာကြောင်း မလေးရှားစားအုန်းဆီကောင်စီ၏ သတင်းများအရ သိရသည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၂၁ ခုနှစ်၏ စုစုပေါင်းပို့ကုန်တန်ဖိုး ၃၃၅ ဘီလီယံ၏ သုည ဒသမ ၀၂၆ ရာခိုင်နှုန်းဖြစ်သော အမေရိကန်ဒေါ်လာ ၈၇ သန်းကျော်ဖိုးထိရှိကြောင်း သိရသည်။ ၂၀၂၀ ပြည့်နှစ်ထက် အနည်းငယ်တိုးတက်လာကြောင်း သိရသည်။ အဓိကအားဖြင့် ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့သို့ ထပ်ဆင့်တင်ပို့ခဲ့ခြင်းဖြစ်သည်။

**မြန်မာနိုင်ငံ**

မြန်မာနိုင်ငံအနေဖြင့် စားအုန်းဆီတင်သွင်းမှုသည် ၂၀၂၀ ပြည့်နှစ်ထိ တန်ချိန် ရှစ်သိန်းခန့် တင်သွင်းခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ကိုဗစ်ရောဂါဖြစ်ပွားခြင်းနှင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှစ၍ တင်သွင်းမှုကန့်သတ်ချက်ကြောင့် တင်သွင်းမှုများလျော့နည်းသွားသည်။ ထို့ပြင် မြန်မာနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံမှ ပိုမိုတင်သွင်းခဲ့သည်။ ထို့ကြောင့် ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းက အင်ဒိုနီးရှားနိုင်ငံ၏ ပို့ကုန်ကန့်သတ်ချက်ကြောင့် စားအုန်းဆီတင်သွင်းမှုတွင် များစွာလျော့ကျသွားခဲ့သည်ကိုတွေ့ရသည်။ မြန်မာနိုင်ငံ၏ လက်ရှိအချိန် စားအုန်းဆီတင်သွင်းမှုသည် တစ်လလျှင် ပျမ်းမျှတန်ချိန် လေးသောင်းခန့်ရှိသဖြင့် တစ်နှစ်လျှင် တန်ချိန် လေးသိန်းရှစ်သောင်းခန့်တင်သွင်းသည်ဟု ခန့်မှန်းနိုင်သည်။ အဆိုပါတင်သွင်းမှုတွင် မလေးရှားနိုင်ငံ MPOC၏ စာရင်းဇယားအရ ၂၀၂၂ ခုနှစ်တွင် တန်ချိန် ၄၂၀၀၀ ခန့်ကို မလေးရှားနိုင်ငံမှ တင်သွင်းခဲ့ခြင်းဖြစ်သဖြင့် တင်သွင်းမှုစုစုပေါင်း၏ ၈ ဒသမ ၇ ရာခိုင်နှုန်းခန့်ရှိသည်။

မြန်မာနိုင်ငံတွင် အိမ်ထောင်စုများ ချက်ပြုတ်စားသောက်ရန်အတွက် စားသုံးဆီလိုအပ်ချက်သည် တန်ချိန် ငါးသိန်းခန့်ဖြစ်ပြီး စားသောက်ကုန်နှင့် စားသောက်ဆိုင်များအတွက် လိုအပ်ချက်မှာ တန်ချိန်လေးသိန်းခန့်ရှိမည်ဟု ခန့်မှန်းထားသဖြင့် တစ်နိုင်ငံလုံး၏ ဆီလိုအပ်ချက်မှာ တန်ချိန်ကိုးသိန်းကျော်ရှိနိုင်သည်။ လက်ရှိတွင် ပြည်တွင်းဆီစက်များထုတ်လုပ်မှုသည် တိုးတက်လျက်ရှိပြီး တန်ချိန် သုံးသိန်းကျော်မည်ဟု ခန့်မှန်းကြသည်။ အဆိုပါ ပြည်တွင်းထုတ်လုပ်မှု၊ ဆီတင်သွင်းမှုနှင့် လိုအပ်ချက်တို့ကိုကြည့်ပါက ဆီတင်သွင်းမှုကိုလျှော့ချနိုင်လာပြီး ပြည်တွင်းထုတ်လုပ်မှုအတွက် တွန်းအားများဖြစ်ပေါ်လာသည်ကို တွေ့နိုင်ပါသည်။

**အနာဂတ်မျှော်မှန်းချက်များ**


မလေးရှားနိုင်ငံသည် ကမ္ဘာ့စားအုန်းဆီကဏ္ဍ၏ ၃၀ ရာခိုင်နှုန်းခန့်ကို ပိုင်ဆိုင်ထားသော်လည်း ဈေးကွက်များကိုထိန်းသိမ်းထားနိုင်ရန်နှင့် ပိုမိုတိုးချဲ့နိုင်ရန်အတွက် ကြိုးစားလျက်ရှိသည်။ တစ်ဖက်တွင်လည်း ပြည်တွင်းကုန်ထုတ်လုပ်မှုကို စဉ်ဆက်မပြတ်တိုးတက်စေရေးအတွက် မလေးရှားစားအုန်းဆီထုတ်လုပ်ရေးကို စီမံချက်များချမှတ် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ မလေးရှားတွင် ဆီအုန်းစိုက်ပျိုးမှုသည် သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်များ၏ ဂေဟပတ်ဝန်းကျင်ကိုထိခိုက်စေသည်ဟူသောအချက်ကို ချေဖျက်နိုင်ရန်ကြိုးစားနေရသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် ရေရှည်မျှော်မှန်းချက်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် အစိုးရ၏ စီမံခန့်ခွဲမှုကောင်းမွန်ရေးတို့ကို ဦးတည်ဆောင်ရွက်လျက်ရှိသည်။

ဈေးကွက်တိုးတက်အောင် ဆောင်ရွက်မှုများတွင် တူရကီကဲ့သို့နိုင်ငံများနှင့်ပူးတွဲ၍ ထပ်ဆင့်ပို့ကုန် Re-export ကို အာရှအရှေ့ဖျားနိုင်ငံများသို့တင်ပို့နိုင်ရန် ကြိုးစားလျက်ရှိသည်။ ထို့ပြင် အီဂျစ်စသော အာဖရိကမြောက်ပိုင်းနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများသို့ ဈေးကွက်ဝေစုပိုမိုရရှိရေးအတွက် ကြိုးပမ်းလျက်ရှိသည်။ တစ်ဖက်မှကြည့်လျှင်လည်း အရှေ့တောင်အာရှရှိ စားအုန်းဆီတင်သွင်းသောနိုင်ငံများဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့်မြန်မာနိုင်ငံတို့မှလည်း စားအုန်းဆီတင်သွင်းမှုကိုလျှော့ချပြီး ပြည်တွင်းထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်နေသည်များရှိသကဲ့သို့ ဆီကြမ်းမှ စားအုန်းဆီချောထုတ်လုပ်ပြီး ထပ်ဆင့်တင်ပို့မှုများကို ဆောင်ရွက်လိုသောနိုင်ငံလည်းရှိသည်။ မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် ပြည်တွင်းဆီအုန်းစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် စားအုန်းဆီချောထုတ်လုပ်နိုင်ရန်အတွက် ကြိုးပမ်းလျက်ရှိသဖြင့် မလေးရှားနိုင်ငံအနေဖြင့် ပြည်ပတင်ပို့မှုတိုးတက်ရေးနှင့် ဈေးကွက်ကျယ်ပြန့်ရေးကို များစွာကြိုးပမ်းရမည့်အခြေအနေဖြစ်သည်။

ထို့ပြင် မလေးရှားနိုင်ငံသည် လူဦးရေ ၃၂ သန်းခန့်သာရှိသောနိုင်ငံဖြစ်သဖြင့် စားအုန်းဆီစိုက်ပျိုးခြင်းနှင့် စားအုန်းဆီထုတ်လုပ်ခြင်းလုပ်ငန်းများအတွက် လုပ်သားအင်အားအများစုကို ပြည်ပမှ လုပ်သားများကိုအားကိုးနေရဆဲဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ၏ အနာဂတ်မျှော်မှန်းချက်မှာ အရည်အသွေးကောင်းမွန်၍ ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီများကိုသာ ပြည်သူများစားသုံးနိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရသည်။ ထို့ပြင် စားသောက်ကုန်များထုတ်လုပ်ရာတွင် စားအုန်းဆီ၏အခန်းကဏ္ဍမှာ အလွန်အရေးပါနေသည်ဖြစ်၍ စားသောက်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အာရှနိုင်ငံများ၏ စားအုန်းဆီတင်သွင်းမှုများသည်လည်း ရေမြင့်လျှင်ကြာမြင့်ဆိုသကဲ့သို့ တိုးတက်လာဖွယ်ရာရှိနေကြောင်း ရေးသားလိုက်ရပါသည်။

မျိုးသူ(ကုန်သွယ်မြင့်)

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၄၅၈၀၁ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၄၅၈၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ယခင်နှစ် မိုးပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ပဲမျိုးစုံဧက ၈၂၄၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲမျိုးစုံ ၄၅၈၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် စစ်ကိုင်းမြို့နယ်မှာ ပဲမျိုးစုံဧက ၈၂၄၀၀ စိုက်ပျိုးဖို့ လျာထားတယ်။ လက်ရှိအချိန်ထိ ၄၅၈၀၁ ဧက စိုက်ပြီးနေပြီ။ ပဲမျိုးစုံဧက လျာထားချက်ပြည့်မီအောင်စိုက်ပျိုးသွားမှာပါ။ ပဲမျိုးစုံ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာ ပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် ပဲမျိုးစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မိုးကြိုပဲတီစိမ်း ၁၀၂ ဧက၊ မိုးပဲတီစိမ်း ၂၁၀၅၃ ဧက၊ ပဲစင်းငုံ ၁၇၃၂၅ ဧက၊ ပဲလွမ်းဧက ၂၆၀၊ အခြားပဲ ၇၀၆၁ ဧကဖြစ်ကြောင်း၊ ပဲမျိုးစုံစိုက်ပျိုးရန်လျာထားမှုအနေဖြင့် မိုးပဲတီစိမ်း ၄၅၁၉၄ ဧက၊ မိုးကြိုပဲတီစိမ်း ၃၄၁ ဧက၊ ပဲစင်းငုံ ၁၉၇၈၅ ဧက၊ ပဲလွမ်း ၄၅၇ ဧက၊ စွန်တာပြာဧက ၁၁၅၀၊ ထောပတ်ပဲ ၉၁၅ ဧက၊ အခြားပဲ ၁၄၅၅၈ ဧက စုစုပေါင်းပဲမျိုးစုံဧက ၈၂၄၀၀ ဖြစ်ကြောင်း သိရသည်။

ပဲမျိုးစုံစိုက်ပျိုး တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ မြေသြဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲမျိုးစုံ ၅၂၂၆၉ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ ဧက ၄၉၃၅၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ထားဝယ်မြို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းငွေစာရင်းရေးသွင်းထိန်းသိမ်းနည်းနှင့် MIS စနစ်ဖြင့် စီမံကိန်းဆိုင်ရာအချက်အလက်များဖြည့်သွင်းနည်းသင်တန်းဆင်း

**ထားဝယ် ဇွန် ၂၄**

တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထားဝယ်မြို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းရေးသွင်းထိန်းသိမ်းနည်းနှင့် MIS စနစ်ဖြင့် စီမံကိန်းဆိုင်ရာအချက်အလက်များဖြည့်သွင်းနည်း သင်တန်းဆင်းပွဲကို ဇွန် ၂၃ ရက် ညနေ ၄ နာရီက အဆိုပါဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးရဲခေါင်က တက်ရောက်လာကြသော သင်တန်းသား၊ သင်တန်းသူများအနေဖြင့် တက်ရောက်သင်ယူထားသည့်ပညာများကို အကျိုးရှိရှိအသုံးပြုကြရန်၊ စီမံကိန်းကျေးရွာများသို့ ကွင်းဆင်းပြီး စာရင်းဇယားများ ကြည့်ရှုစစ်ဆေးခြင်းဆောင်ရွက်ရာတွင် ကျေးရွာလုပ်ငန်းအဖွဲ့များသို့ သေချာစွာနားလည်အောင် ချပြရှင်းလင်းကြရန် ပြောကြားသည်။

အဆိုပါသင်တန်းသို့ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၊ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ခရိုင်လေးခရိုင်၊ မြို့နယ် ၁၀ မြို့နယ်မှ သင်တန်းသား၊ သင်တန်းသူ ၂၄ ဦး တက်ရောက်သည့်အပြင် Video Conferencing စနစ်ဖြင့် တက်ရောက်သူ ၁၄ ဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၃၈ ဦးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးနှင့်အဖွဲ့က မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းရေးသွင်းထိန်းသိမ်းနည်းနှင့် MIS စနစ်ဖြင့် စီမံကိန်းဆိုင်ရာအချက်အလက်များဖြည့်သွင်းနည်း သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ဖြင့် ဇွန် ၂၁ ရက်မှ ဇွန် ၂၃ ရက်ထိ သုံးရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မင်းမြင့်မိုရ်**

# ရေကြည်တစ်အိုး

- အိုင်တွေ့တိုင်း ခြေဆေးကြသတဲ့
ပဝေရှေးအစ ယနေ့ထိပင်။

- ယောက်ျားတချို့
ဖောက်ပြားလို့ အကျင့်မလျော်သမျှ
ဖွင့်ဖော်ကာ လက်ညှိုးထိုး
ဆိုရိုးအစဉ်။

- အငြင်းမပွားပါနဲ့
စဉ်းစားကာ အဖြေရှာက
သေအချာ သဘောပေါက်ပေလိမ့်
သောက်ရေအိုး အခြေတည်ပါတဲ့
ရေသီတာ ကြည်စိမ့်အေးကိုတော့
ဘယ်သူခြေဆေး မှာလဲဟင်
ဒါပဲခင် အစဉ်သဖြင့်။

- ကိုယ့်အလှရှာ မြင်
ကိုယ့်ဘဝ ကိုယ်သာသခင်မို့
ဆိုပါလျှင် အခြေယိုင်မယွေ့ရှာတဲ့
ရေအိုင်လေး အဖြစ်မခံဘဲ
အစစ်အမှန် ထိန်းသိမ်းအလှနဲ့
မိန်းမတို့ ဣန္ဒြေညီလို့
စိန်ရွှေမည် ရေကြည်တစ်အိုးလိုပေါ့
ခင်ရေ. . .
မျိုးမြတ်အောင်ကျင့်။ ။

**ချစ်စုအောင်**

# မြန်အောင်မြို့နယ် အင်းဝတောင်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မြန်အောင် ဇွန် ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အင်းဝတောင်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၃ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်က စီမံကိန်းရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်အောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနေဇော်ထက်က စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းရွေးချယ်ခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူများက အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**သံသာ**

ပလင်းတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# နိုင်ငံတကာ သတင်းများ

## လေယာဉ်မှူးတစ်ဦး တာဝန်ယူနိုင်စွမ်းမရှိမှုကြောင့် အဲကနေဒါလေယာဉ်တစ်စင်း မြေပြင်ဆင်းသက်ခဲ့ရ

**အော့တာဝါ ဇွန် ၂၄**

အဲကနေဒါ လေကြောင်းလိုင်း ခရီးသည်တင် လေယာဉ်တစ်စင်း ပြည်တွင်းခရီးစဉ်တစ်ခု ပျံသန်းနေစဉ် လေယာဉ်မှူးတစ်ဦးမှာ ပုံမှန်တာဝန်များ ရယူနိုင်စွမ်းမရှိခဲ့ရာ တာဝန်ချိန်ပြင်ပလေယာဉ်မှူးတစ်ဦးက လေယာဉ်ဆင်းသက်နိုင်ရေးအတွက် ကူညီပေးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဇွန် ၂၃ ရက်တွင် ဖော်ပြခဲ့သည်။

တာဝန်ချိန်ပြင်ပလေယာဉ်မှူး၏အကူအညီကြောင့် အဆိုပါ ခရီးသည်တင်လေယာဉ်မှာ ဘေးကင်းလုံခြုံစွာ မြေပြင်သို့ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း အဲကနေဒါ လေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါဖြစ်စဉ်သည် ဇွန် ၇ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ကနေဒါအစိုးရ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုံခြုံရေးဘုတ်အဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဲကနေဒါလေကြောင်းလိုင်း ခရီးသည်တင် လေယာဉ်သည် တိုရွန်တိုမြို့မှ နယူးဖောင်လန်ပြည်နယ် စိန့်ဂျွန်မြို့သို့ မိုင် ၁၃၀၀ ကွာဝေးသည့်ခရီးစဉ်ကို ပျံသန်းနေစဉ် လေယာဉ်မှူးတစ်ဦး ပုံမှန်လုပ်ငန်း တာဝန်ရယူနိုင်စွမ်းကင်းမဲ့မှုဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါခရီးသည်တင်လေယာဉ်မှာအဲဘတ်စ် အေ-၂၂၀အမျိုးအစားခရီးသည်တင်လေယာဉ်ဖြစ်ကြောင်း ကနေဒါမီဒီယာများ၏ အဆိုအရ သိရသည်။

အဲဘတ်စ်အေ-၂၂၀ အမျိုးအစားခရီးသည်တင်လေယာဉ်များသည် ခရီးသည်ဦးရေ ၁၄၀ ခန့်ထိ သယ်ဆောင်နိုင်ကြောင်း သိရသည်။

KKO

## နိုင်ငံတကာနဂါးလှေလှော်ပြိုင်ပွဲကို ဟောင်ကောင်ဒေသ၌ ပြန်လည်ကျင်းပ

**ဟောင်ကောင် ဇွန် ၂၄**

နိုင်ငံတကာ နဂါးလှေလှော်ပြိုင်ပွဲကိုတရုတ်နိုင်ငံ ဟောင်ကောင်ဒေသ၌ ယနေ့တွင် စတင်ကျင်းပခဲ့ရာ လှေလှော်အားကစားသမားရာပေါင်းများစွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဟောင်ကောင်တာဝန်ရှိသူများသည် လေးနှစ်ကြာရပ်ဆိုင်းထားခဲ့သော နိုင်ငံတကာနဂါးလှေလှော်ပြိုင်ပွဲကို ယခုနှစ်တွင် ပထမဆုံးအကြိမ် ပြန်လည်ကျင်းပခဲ့ခြင်းဖြစ်သည်။

နှစ်ရက်ကြာ ကျင်းပသည့် ဟောင်ကောင်နိုင်ငံတကာ နဂါးလှေလှော်ပြိုင်ပွဲတွင် တရုတ်ပြည်မကြီးနှင့် တရုတ်(တိုင်ပေ) အသင်းများအပါအဝင် နိုင်ငံတကာ နဂါးလှေအသင်း ၁၆၀ တို့မှ အားကစားသမား ဦးရေ ၄၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်နေသည်။

အဆိုပါနဂါးလှေလှော်ပြိုင်ပွဲကို ဟောင်ကောင် ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့နှင့် ဟောင်ကောင်တရုတ်နဂါးလှေအသင်းတို့ပူးပေါင်းကျင်းပနေခြင်းဖြစ်သည်။

နဂါးလှေများသည် လွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀ ကျော်ကပင် တရုတ်နိုင်ငံတောင်ပိုင်း လင်းနန်ဒေသမှ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သော်လည်း ခေတ်သစ်ပုံစံနဂါးလှေများကမူ ဟောင်ကောင်၌ လွန်ခဲ့သောနှစ်ပေါင်း ၄၀ က ပေါ်ထွက်လာခြင်းဖြစ်သည်။

ယခုနှစ် ဟောင်ကောင်နဂါးလှေလှော်ပြိုင်ပွဲကို နာမည်ကျော် ဗစ်တိုးရီးယား ဆိပ်ကမ်းနယ်မြေ၌ ကျင်းပနေခြင်းဖြစ်ကြောင်း သိရသည်။

KKO



## ထိုင်းလွှတ်တော်သစ် ပထမဆုံးအစည်းအဝေးကို ဇူလိုင် ၃ ရက်တွင် ကျင်းပမည်



**ဗန်ကောက် ဇွန် ၂၄**

ရွေးကောက်ပွဲအနိုင်ရ ထိုင်းလွှတ်တော် အမတ်သစ်များသည် လာမည့်ဇူလိုင် ၃ ရက်တွင် ပထမဆုံးလွှတ်တော်အစည်းအဝေးစတင်ကျင်းပမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဇွန် ၂၃ ရက်တွင် ဖော်ပြခဲ့သည်။

ထိုင်းလွှတ်တော် အမတ်သစ်များ ပထမဆုံးလွှတ်တော်ဆွေးနွေးပွဲကို ဇူလိုင် ၃ ရက်တွင် ကျင်းပမည့်အစီအစဉ်အား ထိုင်းဘုရင့်နန်းတော်က အမိန့်ဒီကရီတစ်ရပ်ဖြင့် ဇွန် ၂၃ ရက်တွင် အတည်ပြုထားသည်။

ထိုင်းရွေးကောက်ပွဲကော်မရှင်သည် ထိုင်းအောက်လွှတ်တော် ရွေးကောက်ပွဲများ၌ အနိုင်ရထားသောအမတ်ဦးရေ ၅၀၀တို့၏ အနိုင်ရလဒ်များကို ဇွန် ၁၉ ရက်တွင် အတည်ပြုပေးခဲ့ပြီးဖြစ်သည်။

ရွေးကောက်ပွဲ ကော်မရှင်၏ အနိုင်ရလဒ်အတည်ပြုချက် ထွက်ပေါ်ခဲ့ပြီးနောက် ထိုင်းလွှတ်တော်အမတ်သစ်များအနေဖြင့် ဇူလိုင်လအစောပိုင်းတွင် လွှတ်တော်အစည်းအဝေးများစတင်ကျင်းပ၍ လွှတ်တော်ဥက္ကဋ္ဌသစ်ကို ရွေးချယ်ရမည်ဖြစ်သည်။

ထို့နောက် အထက်လွှတ်တော်နှင့် အောက်လွှတ်တော် နှစ်ရပ်ပေါင်း၍ ဝန်ကြီးချုပ်သစ်ကို မဲခွဲရွေးချယ်ရမည်ဖြစ်သည်။

မေ ၁၄ ရက်တွင် ကျင်းပခဲ့သော ထိုင်းအောက်လွှတ်တော်ရွေးကောက်ပွဲတွင် ရှေ့သို့ချီပါတီနှင့် ဖေ့ထိုင်းပါတီတို့ကအမတ်နေရာများ အများဆုံးရရှိထားကြောင်း သိရသည်။

KKO

## တရုတ်လေတပ်မှ စစ်လေယာဉ်ရှစ်စီး တရုတ်(တိုင်ပေ) ကမ်းရိုးတန်းအနီး ချဉ်းကပ်ပျံသန်း

**တိုင်ပေ ဇွန် ၂၄**



တရုတ်လေတပ်မှ စစ်လေယာဉ်ရှစ်စီးသည် ယနေ့တွင် ထိုင်ဝမ်ရေလက်ကြား အလယ်မျဉ်းကိုကျော်ဖြတ်၍ တရုတ်(တိုင်ပေ) ကမ်းရိုးတန်းအနီး ချဉ်းကပ်ပျံသန်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ တရုတ်လေတပ်စစ်လေယာဉ်များသည် တရုတ်(တိုင်ပေ)ကမ်းရိုးတန်းကို ရေမိုင် ၂၄ မိုင်အကွာထိ ချဉ်းကပ်ပျံသန်းခဲ့ကြောင်း တရုတ်(တိုင်ပေ) ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

တရုတ်(တိုင်ပေ)သည် ကမ်းရိုးတန်းမှ ရေမိုင် ၂၄ မိုင်ထိ ဝေးသော ရေပြင်ဇုန်ကို တရုတ်(တိုင်ပေ) ကမ်းရိုးတန်းနှင့် တစ်ဆက်တည်းရှိသော နယ်မြေအဖြစ် သတ်မှတ်ထားပြီး ကမ်းရိုးတန်းမှ ရေမိုင် ၁၂ မိုင် အကွာအဝေးအတွင်းရှိနယ်မြေကို တရုတ်(တိုင်ပေ)ပိုင်နက်အဖြစ် သတ်မှတ်ထားသည်။

တရုတ်လေတပ် စစ်လေယာဉ်များသည် တရုတ်(တိုင်ပေ)ကမ်းရိုးတန်းကို ရေမိုင် ၂၄ မိုင်အကွာမှ ချဉ်းကပ် ပျံသန်းခဲ့သော်လည်း တရုတ်(တိုင်ပေ) လေပိုင်နက်အတွင်း ဝင်ရောက်မှုမရှိခဲ့ကြောင်း သိရသည်။

တရုတ်အစိုးရသည် တရုတ်(တိုင်ပေ)ကို ပြည်မကြီးအချုပ်အခြာပိုင်နယ်မြေအဖြစ် သတ်မှတ်ထားပြီး ပြည်မကြီးနှင့်ပြန်လည်ပေါင်းစည်းရေးအတွက် စစ်ရေးအရရော သံတမန်ရေးအရပါ ဖိအားပေးလျက်ရှိသည်။

တရုတ်လေတပ် စစ်လေယာဉ်များသည် ပြီးခဲ့သည့်နှစ် ဩဂုတ်လမှစ၍ ထိုင်ဝမ်ရေလက်ကြားအလယ်မျဉ်းကို ပုံမှန်လိုလိုဖြတ်ကျော်ပျံသန်းခဲ့ကြကြောင်း သိရသည်။ KKO

## အီရန်မှတင်သွင်းခဲ့သောရေနံများအတွက် လက်ဖက်တင်ပို့ခြင်းဖြင့် အလဲအထပ်လုပ်ပေးချေရန် သီရိလင်္ကာနိုင်ငံစီစဉ်

**ကိုလံဘို ဇွန် ၂၄**

အီရန်မှဝယ်ယူထားသော ရေနံများအတွက်ပေးချေရမည့်ငွေကြေးကို လက်ဖက်တင်ပို့ခြင်းဖြင့် အလဲအထပ်လုပ်ပေးချေရန် သီရိလင်္ကာနိုင်ငံက စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ဇွန် ၂၃ ရက်တွင် ဖော်ပြခဲ့သည်။

သီရိလင်္ကာနှင့် အီရန်နိုင်ငံတို့သည် ၂၀၁၂ ခုနှစ်အတွင်း ဝယ်ယူတင်သွင်းထားသော ရေနံများအတွက် လက်ဖက်တင်ပို့ခြင်းဖြင့် အလဲအထပ်လုပ် ငွေပေးချေရန် ၂၀၂၁ ခုနှစ်အတွင်းကပင် သဘောတူထားကြသည်။

သို့သော် ပြီးခဲ့သည့်နှစ်အတွင်း သီရိလင်္ကာနိုင်ငံမှာ ဘဏ္ဍာရေးကပ်ဆိုက်မှုပြဿနာနှင့် ရင်ဆိုင်နေရမှုကြောင့် ရေနံဖိုးနှင့် လက်ဖက်အလဲအထပ်အစီအစဉ် နှောင့်နှေးခဲ့ရသည်။

သို့သော် ပေးချေရမည့်ရေနံဖိုးငွေကြေးများအတွက် လာမည့်လမှစ၍ လက်ဖက်များတင်ပို့ခြင်းဖြင့် ပေးချေမည်ဖြစ်ကြောင်းသီရိလင်္ကာ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အီရန်နှင့် ရယူထားသော သဘောတူညီချက်အရ သီရိလင်္ကာနိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ ငါးသန်းတန်ဖိုးရှိ လက်ဖက်ခြောက်များကို ၄ဂလတိုင်တိုင် အီရန်နိုင်ငံသို့ တင်ပို့ရမည်ဖြစ်ကြောင်း သိရသည်။

သို့သော် မိမိတို့အနေဖြင့် လာမည့်လမှစ၍ အမေရိကန်ဒေါ်လာ နှစ်သန်းတန်ဖိုးရှိ လက်ဖက်များကို အီရန်နိုင်ငံသို့ စတင် တင်ပို့မည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့တစ်ဝန်း၌ စီလုံလက်ဖက်ဟူ၍ ထင်ရှားသော သီရိလင်္ကာလက်ဖက်သည် ယင်းနိုင်ငံ၏ အဓိကနိုင်ငံခြားငွေ အရင်းအမြစ်ဖြစ်ပြီး ပြီးခဲ့သည့်နှစ်အတွင်း စီလုံလက်ဖက်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ဒသမ ၂၅ ဘီလီယံရရှိခဲ့ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## ထရက်ပစ်-၁ ကြယ်စနစ်အတွင်းရှိ ကျောက်သားဂြိုဟ်တစ်စင်းပေါ်တွင် လေထုလွှာမရှိနိုင်သလို ရှိခဲ့ပါကလည်း မယုံကြည်နိုင်လောက်အောင်ပါးလွှာနေမည်



**ဝါရှင်တန် ဇွန် ၂၄**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်မှရရှိသည့် သတင်းအချက်အလက်များအရ ထရက်ပစ်-၁ ကြယ်စနစ်အတွင်းရှိ ကျောက်သားဂြိုဟ်တစ်စင်းပေါ်တွင် လေထုလွှာမရှိနိုင်သလို ရှိခဲ့ပါကလည်း မယုံကြည်နိုင်လောက်အောင် ပါးလွှာနေမည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

ဂျာမနီသိပ္ပံပညာရှင်များသည် ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်ကိုအသုံးပြု၍ ထရက်ပစ်-၁ ကြယ်စနစ်အတွင်းရှိ ထရက်ပစ်-၁ စီ ဂြိုဟ်ကို အသေးစိတ်လေ့လာခဲ့ကြသည်။

လေ့လာချက်ရလဒ်များအရ ထရက်ပစ်-၁ စီဂြိုဟ်၏ နေ့ကာလအပူချိန်မှာ ၂၂၅ ဒီဂရီဖယ်ရင်ဟိုက်(၁၀၇ ဒီဂရီ ဆဲလ်စီးယပ်စ်)ထိရှိကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ရသည်။

အထက်ပါ နေ့ကာလအပူချိန်အရ ထရက်ပစ်-၁ စီဂြိုဟ်၌ လေထုလွှာမရှိနိုင်သလို ရှိခဲ့လျှင်လည်း လွန်စွာပါးလွှာနိုင်သည်ဟု ဂျာမနီသိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ထရက်ပစ်-၁ ကြယ်စနစ်တွင် ထရက်ပစ်-၁ အမည်ရှိ အနီရောင်ကြယ်သိမ်တစ်စင်းကို ထရက်ပစ်-၁ စီ အပါအဝင် ကျောက်သားဂြိုဟ်ခုနစ်စင်းက ဗဟိုပြုလှည့်ပတ်လျက်ရှိကြောင်း သိရသည်။

ထရက်ပစ်-၁ ကြယ်စနစ်သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၄၀ အကွာတွင် တည်ရှိကြောင်း သိရသည်။

KKO

# HEALTH

## အစေ့အဆန်ပါ အိုမီဂါ-၃ ဖက်တီးအက်စစ်က ALS ရောဂါ၏ဆိုးကျိုးကို လျှော့ချပေးနိုင်

**နယူးယောက် ဇွန် ၂၄**

နှမ်းကြွက်စေ့နှင့်သစ်ကြားသီးကဲ့သို့ အစေ့အဆန်များတွင် ပါဝင်သော အိုမီဂါ-၃ ဖက်တီးအက်စစ်သည် Amyotrophic Lateral Sclerosis (ALS) ခေါ် ရောဂါတစ်မျိုးကြောင့် ရုပ်ပိုင်းဆိုင်ရာစွမ်းဆောင်ရည်ကျဆင်းမှုကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇွန် ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

ALS ရောဂါသည် ဦးနှောက်အတွင်းရှိ အာရုံနှာ့ဗ်ဆဲလ်များအပေါ် ဆိုးကျိုးသက်ရောက်မှုရှိတတ်သည့် အာရုံနှာ့ဗ်ဆဲလ်ရောဂါတစ်မျိုးဖြစ်ပြီး ၎င်းရောဂါဖြစ်ပွားပါက ကြွက်သားလှုပ်ရှားမှုများကို ထိန်းချုပ်နိုင်စွမ်း ပျောက်ဆုံးသွားတတ်ကြောင်း သိရသည်။

သို့ရာတွင် အိုမီဂါ-၃ ဖက်တီးအက်စစ်စားသုံးခြင်းဖြင့် ALS ရောဂါကြောင့် ရုပ်ပိုင်းဆိုင်ရာစွမ်းဆောင်ရည် ကျဆင်းမှုကို လျှော့ချပေးနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် ALS လူနာ ၄၄၉ ဦးတို့၏ ဓာတ်စာရွေးချယ်စားသောက်ပုံများကို ၁၈ လကြာ လေ့လာခဲ့ကြောင်း သိရသည်။

လေ့လာမှုမှ ပေါ်ထွက်လာသောရလဒ်များအရ သွေးအတွင်း အိုမီဂါ-၃ ဖက်တီးအက်စစ်ပါဝင်မှုနှုန်း အမြင့်ဆုံးသူများသည် အနည်းဆုံးသူများထက် လေ့လာမှုကာလအတွင်း ALS ရောဂါကြောင့် သေဆုံးနိုင်ခြေ ၅၀ ရာခိုင်နှုန်း ပိုနည်းပါးသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အိုမီဂါ-၃ ဖက်တီးအက်စစ်များအနက် Alpha-Linolenic Acid ခေါ် အိုမီဂါ-၃ ဖက်တီးအက်စစ်မှာ ALS လူနာများအတွက် အကျိုးအရှိဆုံးဖြစ်ကြောင်း သိရသည်။

KKO


## Space-X ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုသစ်တစ်အုပ်ကို ဇွန် ၂၃ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့

**ဝါရှင်တန် ဇွန် ၂၄**

အမေရိကန်နိုင်ငံအခြေစိုက် Space-X ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုသစ်တစ်အုပ်ကို ဇွန် ၂၃ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

Space-X ကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တုသစ် ၅၆ စင်းသယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် ဖယ်လ်ကွန်-၉ ဒုံးပျံထိပ်ဖူးယာဉ်သည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တုများအား သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်နိုင်ခဲ့ကြောင်း သိရသည်။




ဇွန် ၂၃ ရက် စတားလင့်ခ်မစ်ရှင်သည် Space-X ကုမ္ပဏီအတွက် ယခုနှစ်၏ ၄၃ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်သည်။

ထို့ပြင် ဖယ်လ်ကွန်-၉ ဒုံးပျံများ၏ အောင်မြင်မှုရှိခဲ့သော ၂၄၂ ကြိမ်မြောက် မစ်ရှင်လည်းဖြစ်သည်။

Space-X ကုမ္ပဏီသည် လက်ရှိအချိန်ထိ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၄၅၀၀ ကျော်ကို လွှတ်တင်ထားရာ ၎င်းဂြိုဟ်တုများအနက် ၄၂၀၀ ခန့်မှာ ပုံမှန်လုပ်ငန်းလည်ပတ်နေကြောင်း သိရသည်။

KKO

## လူမှုမီဒီယာသုံးစွဲချိန်ကို မိနစ် ၃၀ မျှသာထားခဲ့ပါက စိတ်ကျန်းမာရေးပြဿနာများလျော့ကျနိုင်

**နယူးယောက် ဇွန် ၂၄**

လူငယ်များအနေဖြင့် လူမှုမီဒီယာသုံးစွဲချိန်ကို တစ်ရက်လျှင်မိနစ် ၃၀ မျှသာထားခဲ့ပါက စိတ်ကျန်းမာရေးပြဿနာများပေါ်လာနိုင်ခြေ လျော့ကျနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇွန် ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။


အမေရိကန်နိုင်ငံ အိုင်အိုးဝါးပြည်နယ် တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ကောလိပ်ကျောင်းသား ၂၃၀ တို့ကိုနှစ်စုခွဲ၍ တစ်စုကို လူမှုမီဒီယာအသုံးပြုချိန်ကို တစ်ရက်လျှင် သုံးနာရီ ၁၅ မိနစ်မှ မိနစ် ၃၀ ထိသို့ လျှော့ချစေပြီး သီတင်းနှစ်ပတ်ကြာ လေ့လာစောင့်ကြည့်ခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသောရလဒ်များအရ လူမှုမီဒီယာကို တစ်ရက်လျှင် မိနစ် ၃၀ သာသုံးခဲ့သူများ၌ စိတ်ကျန်းမာရေးအခြေအနေများပို၍ ကောင်းမွန်လာသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

လူငယ်များကြားစိတ်ကျန်းမာရေးပြဿနာများပေါ်ထွက်မှုနှုန်း မြင့်တက်နေချိန်တွင် လူမှုမီဒီယာသုံးစွဲချိန်ကို မိနစ် ၃၀ ထိလျှော့ချခြင်းဖြင့် စိတ်ကျန်းမာရေးပြဿနာများအား ရှောင်လွှဲနိုင်ကြောင်း သုတေသနပညာရှင်များက တင်ပြခဲ့ကြခြင်းဖြစ်သည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ လူမှုမီဒီယာသုံးစွဲချိန်ကို လျှော့ချပေးပါက စိတ်ရှင်လန်းတက်ကြွမှုပင် ပေါ်ထွက်လာသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

KKO



## နာဆာ၏ ပတ်ကားနေလေ့လာရေးအာကာသယာဉ်က နေကို ၁၆ ကြိမ်မြောက်အဖြစ် အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့

**ဝါရှင်တန် ဇွန် ၂၄**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ပတ်ကား နေလေ့လာရေးအာကာသယာဉ်သည် ဇွန် ၂၂ ရက်တွင် နေကို ၁၆ ကြိမ်မြောက်အဖြစ် အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

၁၆ ကြိမ်မြောက် အနီးကပ်ဖြတ်ကျော်ပျံသန်းမှုအတွင်း ပတ်ကားနေလေ့လာရေး အာကာသယာဉ်သည် နေ၏အပြင်လေထုလွှာအတွင်းသို့ တိုးဝင်ပျံသန်းခဲ့ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

ပတ်ကားနေလေ့လာရေး အာကာသယာဉ် တိုးဝင်ပျံသန်းချိန်တွင် နေအပြင်လေထုလွှာအပူချိန်မှာ ဒီဂရီဖယ်ရင်ဟိုက် ၁ ဒသမ ၈ သန်းထိ မြင့်တက်နေနိုင်ကြောင်း သိရသည်။

သို့ရာတွင် ပတ်ကားနေလေ့လာရေး အာကာသယာဉ်၌ တပ်ဆင်ထားသည့် အပူဒဏ်ကာစနစ်ကြောင့် ယာဉ်၌တပ်ဆင်ထားသော စူးစမ်းလေ့လာရေး စနစ်များမှာ အပူချိန် ၈၅ ဒီဂရီဖယ်ရင်ဟိုက်အောက်တွင် ပုံမှန်လည်ပတ်နိုင်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

ပတ်ကားနေလေ့လာရေး အာကာသယာဉ်သည် ပင်မ မစ်ရှင်ကာလအတွင်း နေလေထုလွှာအတွင်းသို့ ဖြတ်သန်းတိုးဝင်မှုပေါင်း ၂၄ ကြိမ်ထိ ပြုလုပ်မည်ဖြစ်သည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)အဖွဲ့သည် ပတ်ကားနေလေ့လာရေး အာကာသယာဉ်ကို ၂၀၁၈ ခုနှစ် ဩဂုတ်လက လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

## နိုင်ငံတကာ အားကစားသတင်းများ

# လုပ်ပွဲကစားခဲ့မှုကြောင့် အိုဆာဆူနာအသင်းကို ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲမှ ယူအီးအက်ဖ်အေထုတ်ပယ်



**မက်ဒရစ် ဇွန် ၂၄**

ဥရောပ ဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)က ပြီးခဲ့သည့် ဆယ်စုနှစ်က လုပ်ပွဲကစားခဲ့မှုကြောင့် စပိန်ကလပ် အိုဆာဆူနာအသင်းကို ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲမှ ထုတ်ပယ်ခဲ့ကြောင်း Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အိုဆာဆူနာအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး စပိန်လာလီဂါပြိုင်ပွဲပြီးဆုံးချိန်တွင် ရမှတ် ၅၃ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့် (၇)နေရာတွင်ရပ်တည်ခဲ့သည့်အတွက် ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲကို ပထမဆုံးအကြိမ်ဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

သို့သော် အိုဆာဆူနာအသင်းသည် ပြီးခဲ့သည့် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီက အခြားပြိုင်ဘက်ကစားသမားများကို ငွေကြေးပေးကာ လုပ်ပွဲကစားခဲ့မှုဖြစ်ပွားခဲ့ပြီး အဆိုပါလုပ်ရပ်အတွက် အိုဆာဆူနာအသင်းဥက္ကဋ္ဌ အာချန်ကိုနှင့် ဒါရိုက်တာအဖွဲ့ဝင် ငါးဦးတို့မှာ ထောင်ဒဏ်များ အသီးသီးချမှတ်ခံခဲ့ရပြီး အသင်းအနေဖြင့်လည်း ဒဏ်ကြေးငွေ ယူရို ၆၅၀၀၀၀ ထိ ပေးဆောင်ခဲ့ရသည်။

အိုဆာဆူနာ အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲကို ဝင်ခွင့်ရရှိထားသော်လည်း ယခုအခါ ဥရောပဘောလုံးအဖွဲ့ချုပ်က အိုဆာဆူနာအသင်းသည် လုပ်ပွဲကစားခဲ့မှုများကြောင့် ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်ရန် အရည်အချင်း မပြည့်မီကြောင်း ကြေညာပြီး ပြိုင်ပွဲမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

အိုဆာဆူနာအသင်းက အဆိုပါဖြစ်ရပ်အတွက် အယူခံဝင်ရောက်သွားမည်ဟု ကြေညာခဲ့ပြီး အယူခံမအောင်မြင်ပါက အဆင့်(၈)နေရာမှ ဘီလ်ဘာအိုအသင်းက အစားထိုးဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။ STA

# ချဲလ်ဆီးကစားသမား အက်ပီလီကျူတာ အင်တာမီလန်သို့ နှစ်နှစ်စာချုပ်ဖြင့် ပြောင်းရွှေ့

**မီလန် ဇွန် ၂၄**

အင်တာမီလန် အသင်းသည် ချဲလ်ဆီးအသင်းနှင့် ၂၀၂၄ ခုနှစ်မှ စာချုပ်သက်တမ်း ကုန်ဆုံးမည့် ခံစစ်ကစားသမား အက်ပီလီကျူတာကို နှစ်နှစ်သဘောတူစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့သည်ဟု ဒေးလီးမေးလ် သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၃ နှစ်ရှိ အက်ပီလီကျူတာသည် ပြီးခဲ့သည့် ဘောလုံးရာသီကတည်းက အသင်းမှထွက်ခွာရန် စီစဉ်ခဲ့ပြီး ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရန် ကြိုးပမ်းခဲ့သော်လည်း ပိုင်ရှင်သစ် တော့ဘိုလီက ပြောင်းရွှေ့ခွင့်မပြုခဲ့ဘဲ ၂၀၂၄ ခုနှစ်ထိ တစ်နှစ်သက်တမ်း တိုးခဲ့သော်လည်း အသင်းအနေဖြင့် ပြီးခဲ့သည့် ဘောလုံးရာသီက ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၆၀၀ကျော် အသုံးပြုခဲ့သောကြောင့် ဘဏ္ဍာရေးစည်းမျဉ်းနှင့် ကိုက်ညီစေရန်အတွက် အသင်းခေါင်းဆောင် အက်ပီလီကျူတာကို စာချုပ်ဖျက်သိမ်း၍ အလွတ်ပြောင်းရွှေ့ကြေးဖြင့် အသင်းမှ ထွက်ခွာခွင့်ပြုခဲ့ကြောင်း သိရသည်။

ခံစစ်ကစားသမား အက်ပီလီကျူတာသည် ၎င်း၏ကစားသမားဘဝကို ၂၀၀၆ ခုနှစ်က စပိန်ကလပ် အိုဆာဆူနာအသင်းနှင့် စတင်ခဲ့ပြီးနောက် ၂၀၁၂ ခုနှစ်တွင် ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ကာ အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၅၀၈ ပွဲ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၁၇ ဂိုးထိသွင်းယူနိုင်ခဲ့ပြီး အသင်းအား ပရီးမီးယားလိဂ်ဆုဖလား နှစ်ကြိမ်၊ အက်ဖ်အေဖလား တစ်ကြိမ်၊ ကွာရာဘောင်းဖလား တစ်ကြိမ်၊ ချန်ပီယံလိဂ်ဖလား တစ်ကြိမ်၊ ယူရိုပါလိဂ်ဖလား တစ်ကြိမ်၊ ယူအီးအက်ဖ်အေစူပါဖလား တစ်ကြိမ်၊ ဖီဖာကမ္ဘာ့ဖလားချန်ပီယံဖလားတစ်ကြိမ် ဆွတ်ခူးပေးနိုင်ခဲ့ပြီး လက်ရှိအချိန်ထိ အသင်းခေါင်းဆောင်အဖြစ်ခန့်အပ်တာဝန်ပေးခံခဲ့ရသည်။

အင်တာမီလန် အသင်းသည် ခံစစ်ကစားသမား အက်ပီလီကျူတာကို နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ပြီးနောက် လူငယ်ခံစစ်ကစားသမား ချာလိုဘက်ကိုပါ ထပ်မံခေါ်ယူရန် ပစ်မှတ်ထားနေသည့်အပြင် အငှားခေါ်ယူထားသည့် တိုက်စစ်မှူး လူကာကူကိုလည်း အပြီးသတ်ခေါ်ယူနိုင်ရန် ဆွေးနွေးမှုပြုလုပ်ခဲ့ရာ ချဲလ်ဆီးအသင်းက လူကာကူကို ပြန်လည်ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ML



# မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်းက ဘက်စ်ကွက်ကိုခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်

**ဝါရှင်တန် ဇွန် ၂၄**

အမေရိကန် မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်းသည် တိုက်စစ်မှူး မက်ဆီကိုခေါ်ယူခဲ့ပြီး နှစ်ပတ်အကြာတွင် ဘာစီလိုနာအသင်းမှထွက်ခွာမည့် ကွင်းလယ်ကစားသမား ဘက်စ်ကွက်ကို ထပ်မံခေါ်ယူနိုင်ခဲ့သည်ဟု ထုတ်ပြန်ခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာစီလိုနာအသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည့် ဘက်စ်ကွက်ကို အစောပိုင်းက ဆော်ဒီကလပ် အယ်နာဆာအသင်းက စီရော်နယ်ဒိုနှင့် တွဲဖက်အသုံးပြုရန်အတွက် ငွေကြေးအမြောက်အမြားဖြင့် ကမ်းလှမ်းခဲ့သော်လည်း ကစားသမားအနေဖြင့် ဘာစီလိုနာအသင်းတွင် ၁၃ နှစ်ကြာ လက်တွဲခဲ့သည့် တိုက်စစ်မှူး မက်ဆီနှင့်သာ လက်တွဲကစားရန် ဆုံးဖြတ်ခဲ့ပြီး အင်တာမီယာမီအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အင်တာမီယာမီအသင်းနှင့် ဘက်စ်ကွက်တို့ကြား နှစ်နှစ်သက်တမ်းဖြင့် ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့ပြီး အပြီးသတ်လက်မှတ်ရေးထိုးရန် စီစဉ်နေသော်လည်း အပြောင်းအရွှေ့နှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ခြင်းမရှိခဲ့ကြောင်း သိရသည်။

အင်တာမီယာမီ အသင်းသည် တိုက်စစ်မှူးမက်ဆီကို ခေါ်ယူခဲ့ရာတွင် ဘာစီလိုနာ၊ အယ်ဟိုင်လာအသင်းတို့နှင့် ယှဉ်ပြိုင်ခဲ့ရသော်လည်း လက်ဦးမှုရယူနိုင်ခဲ့ပြီး အသင်းအနေဖြင့် မက်ဆီကို တစ်နှစ်လုပ်ခအတွက် ဒေါ်လာ သန်း ၆၀ အပြင်၊ ပုံရိပ် အသုံးပြုခ၊ အသင်းရှယ်ယာယူခွင့်များ ခွင့်ပြုပေးခဲ့ရသကဲ့သို့ ယခုအခါ ဘက်စ်ကွက်ကိုလည်း ဆော်ဒီကလပ် အယ်နာဆာအသင်းနှင့်အပြိုင်ကမ်းလှမ်းခဲ့ရပြီး အသင်းသို့ ခေါ်ယူနိုင်ခဲ့သော်လည်းမည်သည့် သဘောတူညီချက်များ ပါဝင်သည်ကို ထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း သိရသည်။

ML

## အားကစားသတင်း အတိုအထွာများ

- အင်တာမီလန်အသင်းက ဥရောပထိပ်သီးကလပ်အသင်းများက စိတ်ဝင်စားနေသည့် တိုက်စစ်မှူး သူရမ်ကို သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။
- ကွင်းလယ်ကစားသမား ရာဘီယို့စ်က ဂျူဗင်တပ်အသင်းတွင် ဆက်လက်ကစားရန်ဆုံးဖြတ်ခဲ့ပြီး တစ်နှစ်သက်တမ်းတိုးခဲ့ကြောင်း သိရသည်။
- ချဲလ်ဆီးအသင်း ခံစစ်ကစားသမား ကူလီဘာလေကို ဆော်ဒီကလပ် အယ်ဟိုင်လာအသင်းက ယူရို သန်း ၂၀ ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။
- မန်ယူအသင်းက မေဆင်မောင့်ကို ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၆၃ သန်းဖြင့် တတိယအကြိမ် ထပ်မံကမ်းလှမ်းခဲ့ရာ ချဲလ်ဆီးအသင်းက ပယ်ချခဲ့ကြောင်း သိရသည်။ ML

# နည်းပြဘင်နီတက်ဇ်ကို ခန့်အပ်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း ဆဲလ်တာဗီဂိုအသင်း ထုတ်ပြန်

**မက်ဒရစ် ဇွန် ၂၄**

ဆဲလ်တာဗီဂို အသင်းသည် ယခုလအစောပိုင်းက အသင်းနှင့် နှစ်ဖက်သဘောတူစာချုပ်ဖျက်သိမ်းခဲ့သည့် နည်းပြ ကာဗယ်ဟိုနေရာတွင် အစားထိုးရန်အတွက် နည်းပြဘင်နီတက်ဇ်ကို ခေါ်ယူရန်ဆွေးနွေးခဲ့ရာ သဘောတူညီမှုရရှိခဲ့သည်ဟု ထုတ်ပြန်ခဲ့ကြောင်း ESPNသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၆၃ နှစ်ရှိ နည်းပြဘင်နီတက်ဇ်သည် ၂၀၂၂ ခုနှစ်က အဲဗာတန်အသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် အသင်းလက်မဲ့ဖြစ်နေသောကြောင့် ဆဲလ်တာဗီဂိုအသင်းတာဝန်ရှိသူများက နည်းပြကာဗယ်ဟိုနေရာတွင် ဘင်နီတက်ဇ်နှင့် အစားထိုးရန် ကြိုးပမ်းခဲ့ရာ သဘောတူညီမှုရရှိခဲ့ပြီး ၂၀၂၆ခုနှစ်ထိ စာချုပ်ချုပ်ဆိုမည်ဖြစ်သည်။

ဆဲလ်တာဗီဂိုအသင်းဘုတ်အဖွဲ့က "အသင်းအနေနဲ့ ဘင်နီတက်ဇ်ကို နည်းပြသစ်ခန့်အပ်ဖို့ နှစ်ဖက်သဘောတူညီမှု ရရှိခဲ့ပါတယ်။ နည်းပြဘင်နီတက်ဇ်ဟာ အောင်မြင်မှုရရှိထားတဲ့ နည်းပြတစ်ဦးဖြစ်သလို အကောင်းဆုံးတွေ လုပ်ပြနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် အသင်းအနေနဲ့ လာမဲ့ဇူလိုင်လမှာ ရာသီအကြိုခြေစမ်းပွဲတွေမတိုင်မီ အပြီးသတ်လက်မှတ်ရေးထိုးသွားမှာပါ" ဟု ပြောကြားခဲ့သည်။



ဘင်နီတက်ဇ်သည် ၎င်း၏ နည်းပြသက်တမ်းတစ်လျှောက်တွင် ဗယ်လာဒိုးလစ်၊ အိုဆာဆူနာ၊ တီနီရိုက်၊ ဗလင်စီယာ၊ လီဗာပူး၊ အင်တာမီလန်၊ ချဲလ်ဆီး၊ နာပိုလီ၊ ရီးရဲလ်မက်ဒရစ်၊ နယူးကာဆယ်၊ ဒါလီယန်နှင့် အဲဗာတန်အသင်းတို့ကို တာဝန်ယူကိုင်တွယ်ခဲ့ပြီး ဥရောပဆုဖလားသုံးကြိမ်နှင့်အခြားဆုဖလားများစွာ ရယူနိုင်ခဲ့ကြောင်း သိရသည်။

ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၉) တွင် ရှမ်းယူနိုက်တက်အသင်းက ရတနာပုံအက်ဖ်စီအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိ



**ရန်ကုန် ဇွန် ၂၄**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ် (၉) အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့်ရတနာပုံအက်ဖ်စီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုးများနှင့်အတူ ရှမ်းယူနိုက်တက်အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံးခြေစွမ်းပိုင်းကွာခြားမှုမရှိဘဲ အပြန်အလှန် ဂိုးပေါက်ခြိမ်းခြောက်မှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၂၈ မိနစ်တွင် မက်ဆာကီက ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည်။

ဦးဆောင်ဂိုးပေးခဲ့ရပြီးနောက်ပိုင်း ရတနာပုံအက်ဖ်စီအသင်းက ပြန်လည်ဖိအားပေး ကစားခဲ့ရာမှ ပွဲချိန် ၃၆ မိနစ်တွင် အံ့မော်ဦးက ရတနာပုံအက်ဖ်စီအသင်းအတွက် ချေပဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပထမပိုင်းပြီးဆုံးခါနီး ပွဲချိန် ၄၅ မိနစ်တွင် ဇယ်လိုက ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် နှစ်သင်းစလုံးခြေစွမ်းပိုင်း ကွာခြားမှုမရှိဘဲ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၅၂မိနစ်တွင် စွမ်းထက်က ရတနာပုံအက်ဖ်စီအသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သော်လည်း ပွဲပြီးဆုံးခါနီး ၉၂ မိနစ်တွင် မက်ဆာကီက ရှမ်းယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ရှမ်းယူနိုက်တက်အသင်းက ရတနာပုံအက်ဖ်စီအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုကို ရတနာပုံအက်ဖ်စီအသင်းမှ လူငယ်တိုက်စစ်ကစားသမား စွမ်းထက်က ရရှိခဲ့ကြောင်း သိရသည်။ STA

# Travelers Championship ပြိုင်ပွဲကို မက္ကာသီနှင့်ဘရက်ဒ်လေတို့ ပူးတွဲဦးဆောင်

**ဝါရှင်တန် ဇွန် ၂၄**

အမေရိကန်နိုင်ငံ ကွန်နက်တီကပ်တွင် ကျင်းပနေသည့် Travelers Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် မက္ကာသီနှင့် ဘရက်ဒ်လေတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်ထားကြောင်း The News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားတစ်ဦးဖြစ်သည့် ချိဗ်ရီဗီက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး တစ်နိုင်ငံတည်းသား ကစားသမားတစ်ဦးဖြစ်သည့် အဲရစ်ကိုးက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

မက္ကာသီသည် ပထမနေ့တွင်လည်း အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့သည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်ပြီး ဘရက်ဒ်လေသည်လည်း ပထမနေ့ကထက် ဒုတိယနေ့တွင် စွမ်းဆောင်ရည်ပိုင်း ပိုမိုကောင်းမွန်လာသည့်အတွက် ဒုတိယနေ့အပြီးတွင် မက္ကာသီနှင့်အတူ အမှတ်ပေးဇယားအား ဦးဆောင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

မက္ကာသီအနေဖြင့်PGA Tour တွင် ပထမဆုံးဆုဖလားကို ဆွတ်ခူးနိုင်ရန်မျှော်လင့်နေပြီး ပထမနေ့နှင့် ဒုတိယနေ့တို့၌ ကစားထားနိုင်သည့်ပုံစံကိုသာ ဆက်လက်ထိန်းသိမ်းနိုင်ပါက ချန်ပီယံဆုကို မျှော်လင့်နိုင်မည်ဖြစ်သည်။

မက္ကာသီက "ဒီပြိုင်ပွဲမတိုင်မီ US Open ဂေါက်သီးရိုက်ပြိုင်ပွဲနဲ့ Memorial ဂေါက်သီးရိုက်ပြိုင်ပွဲတို့မှာ ပါဝင်ယှဉ်ပြိုင်ဖြစ်ခဲ့ပါတယ်။ ပြိုင်ပွဲနှစ်ရပ်စလုံး အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့သလို စိတ်ကျေနပ်မှုရစေတဲ့ ရလဒ်တွေရခဲ့ပါတယ်။ အခုဒီပြိုင်ပွဲမှာလဲ ဒုတိယနေ့ပြီးတဲ့ထိ အကောင်းဆုံး ကစားထားနိုင်တယ်လို့ယုံကြည်တယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# One Championship ၏ ပြိုင်ဘက်ကင်း ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ မာလီခင်ဖြစ်လာ




**ဗန်ကောက် ဇွန် ၂၄**

One Championship ကမ္ဘာ့ဟဲဗီးဝိတ်တန်း စိန်ခေါ်ပွဲစဉ်အဖြစ် ရုရှားကစားသမား မာလီခင်နှင့် လက်ရှိချန်ပီယံအိန္ဒိယကစားသမား ဘူလားတို့ ဇွန် ၂၃ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ထိုးသတ်ခဲ့ရာ မာလီခင်က တတိယအချီတွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိကာ ပြိုင်ဘက်ကင်းကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ ဖြစ်လာခဲ့ကြောင်း GMA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရိုင်နီယာကို အနိုင်ထိုးသတ်ပြီး One Championship လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်ခွင့်ရခဲ့သည့် မာလီခင်သည် ဟဲဗီးဝိတ်တန်းတွင် တက်ရောက်ထိုးသတ်ခဲ့ခြင်းဖြစ်ပြီး ဘူလားကိုအနိုင်ထိုးသတ်နိုင်ခဲ့ခြင်းကြောင့် မာလီခင်သည် လိုက်ဟဲဗီးဝိတ်တန်းနှင့် ဟဲဗီးဝိတ်တန်းတို့၏ ကမ္ဘာ့ချန်ပီယံအဖြစ် ရပ်တည်ခွင့်ရသွားခဲ့သည်။

မာလီခင်နှင့် ဘူလားတို့ပွဲစဉ်တွင် မာလီခင်က Stand Fight နည်းဗျူဟာဖြင့်သာ ထိုးသတ်သွားခဲ့ပြီး ဘူလားက Ground Fight နည်းဗျူဟာကို အသုံးပြုရန်အတွက် မာလီခင်ကို ဝင်လုံးခဲ့သော်လည်း မာလီခင်က ဘူလား၏နည်းဗျူဟာအတွင်း အဝင်မခံဘဲ ထိုးချက်၊ ကန်ချက်များဖြင့် ဖိအားပေးထိုးသတ်သွားခဲ့သည်။

တတိယမြောက်အချီတွင်ဘူလားသည် ၎င်း၏နည်းဗျူဟာအတွင်းသို့ မာလီခင်ဝင်လာအောင် ကြိုးစားနိုင်ခဲ့သော်လည်း မာလီခင်က ဘူလား၏ ချုပ်ကွက်အတွင်းအဝင်မခံဘဲ တတိယအချီ ၂ မိနစ် ၄၂ စက္ကန့်တွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိစေမည့် ထိုးချက်များဖြင့် ဘူလားအား တစ်ဖက်သတ်ဖိအားပေး ထိုးသွားနိုင်ခဲ့သည်။

ဘူလားအနေဖြင့်လည်း မာလီခင်၏ ထိုးချက်များအား ကာကွယ်နိုင်ခြင်းမရှိတော့ဘဲ ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ်ကို လက်လွှတ်လိုက်ရမည့် အခြေအနေဖြင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

AZL

# Queen's Club Championships ဆီမီးဖိုင်နယ်သို့ အယ်ကာရက်ဇ်တက်ရောက်

**လန်ဒန် ဇွန် ၂၄**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် Queen's Club Championships တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် စပိန်တင်းနစ်ကစားသမားအယ်ကာရက်ဇ်နှင့် ဘူလ်ဂေးရီးယားတင်းနစ်ကစားသမား ဒီမီထရော့ဖ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၆-၄၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း First Post သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့် (၂) တင်းနစ်ကစားသမား အယ်ကာရက်ဇ်သည် မြက်ကွင်းတွင်ကျင်းပသော ပြိုင်ပွဲများတွင် ချန်ပီယံဆုဖလားဆွတ်ခူးထားဖူးခြင်းမရှိဘဲ လက်ရှိ ကစားသမားဘဝ၏ ပထမဆုံးသော မြက်ကွင်းတွင် ကျင်းပသည့် ပြိုင်ပွဲ၏ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေသည်။

အယ်ကာရက်ဇ်က "ဒီမီထရော့ဖ်ဟာ ထိပ်တန်းကစားသမားတစ်ယောက်ပါ။ ဒီမီထရော့ဖ်ဟာ ဘယ်ကွင်းအမျိုးအစားမှာ မဆို အကောင်းဆုံးကစားနိုင်တဲ့ ကစားသမားတစ်ဦးဖြစ်ပြီး အထူးသဖြင့် မြက်ကွင်းမှာပိုပြီးတော့ ကောင်းတဲ့ကစားသမား တစ်ယောက်ပါ။ ကျွန်တော့်အနေနဲ့ မြက်ကွင်းမှာကျင်းပတဲ့ ပြိုင်ပွဲတွေမှာမှတ်တမ်းတွေက သိပ်မကောင်းဘူး။ ဒါပေမဲ့လဲ ဒီပြိုင်ပွဲမှာတော့ ပထမအဆင့်မှာကတည်းက အကောင်းဆုံးကစားနိုင်ခဲ့တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL




# FIFA-MFF U-15 Youth League 2023 ကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် စတင်ကျင်းပ

**ရန်ကုန် ဇွန် ၂၄**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးပြီး လူငယ် မျိုးဆက်သစ်လူငယ်ကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ယူ-၁၅သင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် FIFA- MFF U-15 Youth League 2023(မြန်မာယူ-၁၅လိဂ်ပြိုင်ပွဲ) ပွဲစဉ် (၁)ကို ယနေ့နံနက်ပိုင်းမှစတင်ပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

FIFA- MFF U-15 Youth League 2023 (မြန်မာယူ-၁၅ လိဂ်ပြိုင်ပွဲ)ကို အထက်မြန်မာပြည်ဇုန်နှင့် အောက်မြန်မာပြည်ဇုန်ဟူ၍ ပြိုင်ပွဲနှစ်ခု ကျင်းပလျက်ရှိနေပြီး အထက်မြန်မာပြည်ဇုန်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ကိုးသင်းဖြင့် မန္တလေးမြို့၌ ကျင်းပနေပြီး အောက်မြန်မာပြည်ဇုန်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ရန်ကုန်မြို့တွင် ကျင်းပနေခြင်းဖြစ်သည်။

ယနေ့တွင် အောက်မြန်မာပြည်ဇုန်ပွဲစဉ်များအဖြစ် Sporting Hantha အသင်းနှင့် အာသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ Sporting Hantha အသင်းက သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ဖားစည်မြေအသင်းနှင့် Royal Yangon အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ Royal Yangon အသင်းက ငါးဂိုး တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့သည်။

အလားတူ အထက်မြန်မာပြည်ဇုန်ပွဲစဉ်များအဖြစ် ကချင်စတားအသင်းနှင့် ချင်းတွင်းအသင်းတို့ကစားခဲ့ရာ ချင်းတွင်းအသင်းက ငါးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ Soccer Care အသင်းနှင့် ရှမ်းအက်ဖ်စီ(မြောက်ပိုင်း) အသင်းတို့ကစားခဲ့ရာ Soccer Care အသင်းက လေးဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြပြီး FIFA- MFF U-15 Youth League 2023 (မြန်မာယူ-၁၅ လိဂ်ပြိုင်ပွဲ)ပွဲစဉ်(၁) ပွဲစဉ်များကို ဇွန် ၂၅ ရက်တွင် ဆက်လက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ STA

# အာရှ၏နိုင်ငံစုံကုန်သွယ်မှုပြိုင်ပွဲတွင် အရှုံးနှင့်ရင်ဆိုင်နေရသော အမေရိကန်

ဒစ်ဂျစ်တယ်ကုန်သွယ်မှုသည် နိုင်ငံတကာ ကုန်သွယ်မှုလုပ်ငန်းတွင် ကုန်ကျစရိတ်သက်သာခြင်း၊ ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်ညှိနှိုင်းပေါင်းစပ်ရာတွင် အဆင်ပြေချောမွေ့စေခြင်းတို့ဖြစ်ပေါ်စေသည့်အပြင် စီးပွားရေးလုပ်ငန်းများစွာနှင့် စားသုံးသူများကို ချိတ်ဆက်ခြင်းများ လုပ်ဆောင်ပေးနိုင်သည်။

ဒစ်ဂျစ်တယ်နည်းပညာများသည် စီးပွားရေးဖွံ့ဖြိုးမှုအတွက် ထုတ်ကုန်သစ်များ၊ ဝန်ဆောင်မှုများ၊ ဈေးကွက်များနှင့်အခွင့်အလမ်းများစွာကိုဖန်တီးပေးနိုင်သည်။ အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် နယ်ပယ်ပေါင်းစုံတွင် တိုးတက်အောင်မြင်မှုများရှိနေသော်လည်း ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှု အလားအလာနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်သွားနိုင်ရေး နည်းလမ်းရှာဖွေသွားရန် လိုအပ်သည်။


ကမ္ဘာ့ဘဏ် (WB)၏ ကိန်းဂဏန်းအချက်အလက်များအရ ဒစ်ဂျစ်တယ်စီးပွားရေးသည် ကမ္ဘာလုံးဆိုင်ရာ GDP ၏ ၁၅ ရာခိုင်နှုန်းကျော်ရှိပြီး နည်းပညာဆိုင်ရာ ကုန်စည်များကုန်သွယ်မှုမှသည် ဒစ်ဂျစ်တယ် ဝန်ဆောင်မှုများထိ တိုးချဲ့ဆောင်ရွက်နိုင်မည်ဟုဆိုသည်။ ဒစ်ဂျစ်တယ်ကုန်သွယ်မှုကို ချဉ်းကပ်မှုများသည် နယ်ပယ်ပေါင်းစုံတွင်ရှိနေပြီး အထူးသဖြင့် တရုတ်နိုင်ငံနှင့် အမေရိကန်တို့က ဒစ်ဂျစ်တယ် ကုန်သွယ်မှုကို အလေးထားဆောင်ရွက်လျက်ရှိသည်။ နှစ်နိုင်ငံစလုံးသည် ဒေသတွင်း ဘက်စုံစီးပွားရေးမိတ်ဖက်အဖွဲ့အစည်း (RCEP)နှင့် အင်ဒို-ပစိဖိတ်သာယာဝပြောရေးဆိုင်ရာ စီးပွားမိတ်ဖက်မူဘောင် (IPEF) တို့အပါအဝင် အမျိုးမျိုးသောစီးပွားရေးမူဘောင်များမှတစ်ဆင့် ဒစ်ဂျစ်တယ်စီးပွားရေးတွင် ၎င်းတို့၏လွှမ်းမိုးမှုကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ RCEP သည် ဒစ်ဂျစ်တယ်ကုန်သွယ်မှုအပါအဝင် လွတ်လပ်သော ကုန်သွယ်မှုကိုကျော်လွန်သည့် ကုန်သွယ်မှုသဘောတူညီချက်များ ပါဝင်သည်။ IPEF သည် ဒစ်ဂျစ်တယ် ကုန်သွယ်မှုကဲ့သို့သော မတူညီသောကဏ္ဍများပါဝင်သော စီးပွားရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းဖြစ်သည်။

အမေရိကန်နိုင်ငံသည် ၂၀၂၃ ခုနှစ် မေ ၂၃ ရက်တွင် IPEF ကို စတင်ဖော်ဆောင်ခဲ့ပြီး ဩစတြေးလျ၊ ဘရူနိုင်း၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ တောင်ကိုရီးယား၊ မလေးရှား၊ နယူးဇီလန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်တို့ကို အဆိုပါအဖွဲ့တွင် ပူးပေါင်းပါဝင်လာရန် ဖိတ်ခေါ်ခဲ့သည်။ IPEF သည် ကုန်သွယ်မှု၊ ထောက်ပံ့ဖြန့်ဖြူးရေးကွင်းဆက်၊ သန့်ရှင်းသော စီးပွားရေးနှင့် မျှတသောစီးပွားရေးဟူသည့် ဒေါက်တိုင်လေးခုပါဝင်သော ဦးတည်ချက်များကို မျှဝေသွားရန်ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

ကုန်သွယ်မှုဒေါက်တိုင်သည် ဒစ်ဂျစ်တယ်ကုန်သွယ်မှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အရေးပါပုံကို မီးမောင်းထိုးပြထားပြီး အင်တာနက်နှင့်သတင်းအချက်အလက်ရရှိမှု မြှင့်တင်ခြင်း၊ ဒစ်ဂျစ်တယ်ကုန်သွယ်မှု အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ခြင်း၊ ခွဲခြားဆောင်ရွက်မှု အလေ့အထများဖြေရှင်းခြင်း၊ ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံ လုံခြုံမှုနှင့် ကြံ့ကြံ့ခံနိုင်မှုမြှင့်တင်ခြင်းအားဖြင့် အားလုံးအကျုံးဝင်သော ဒစ်ဂျစ်တယ်စီးပွားရေး တိုးမြှင့်ဆောင်ရွက်သွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

အမေရိကန်သည် IPEF မှတစ်ဆင့် လွတ်လပ်ပွင့်လင်းသော အချက်အလက်များစီးဆင်းရန် တွန်းအားပေးခြင်းအားဖြင့် တရုတ်နိုင်ငံ၏ အချက်အလက်ထိန်းချုပ်မှုမှ လွတ်ကင်းအောင် သီးခြားနေထိုင်လျက်ရှိသည်။ IPEF သည် ပွင့်လင်းမြင်သာသော ဒစ်ဂျစ်တယ်ကုန်သွယ်မှုတိုးမြှင့်နိုင်ရေး ဒေသတွင်းလိုအပ်ချက်များနှင့် နယ်စပ်ဖြတ်ကျော် အချက်အလက်စီးဆင်းမှုအပေါ် ကန့်သတ်ချက်များလျှော့ချနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

IPEF သည် အားထားရနိုင်သော နယ်စပ်ဖြတ်ကျော် အချက်အလက်များစီးဆင်းမှု၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သည့် အားလုံးအကျုံးဝင်သောစီးပွားရေးနှင့် တိုးတက်လာသည့်နည်းပညာများကို တာဝန်ယူမှုရှိသော အသုံးပြုမှုများကိုထောက်ပံ့ကူညီသွားရန် အခိုင်အမာဆုံးဖြတ်ထားပြီးဖြစ်သည်။ IPEF သည် RCEP ထက် ပိုမိုကျယ်ပြန့်လျက်ရှိသည်။




အခြားတစ်ဖက်တွင်လည်း အကြီးမားဆုံးကုန်သွယ်ရေးအုပ်စုကြီးဖြစ်သည့် RCEP သည် ဘုံဦးတည်ချက်အောင်မြင်မှုရရှိရေး ပိုမိုကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုများ ဖော်ဆောင်နိုင်သည့် စည်းကြပ်ခွန်ချိန်ညှိခြင်း၊ အငြင်းပွားမှုဖြေရှင်းရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ယန္တရားများကို ကမ်းလှမ်းထားရှိသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ပြင်ပမှမိတ်ဖက်ငါးနိုင်ငံဖြစ်သည့် ဩစတြေးလျ၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် နယူးဇီလန်တို့သည် RCEP တွင် လက်မှတ်ရေးထိုးထားရှိသည်။

RCEP သည် ဒစ်ဂျစ်တယ်ကုန်သွယ်မှုကို အီလက်ထရွန်နစ်ဆိုင်ရာ ကူးသန်းရောင်းဝယ်မှုအဖြစ် သဘောထားပြီး ဒစ်ဂျစ်တယ်နည်းပညာများ အထောက်အပံ့ဖြင့် သမားရိုးကျကုန်စည်များဖြန့်ဝေပေးလျက်ရှိသည်။ RCEP သည် အီလက်ထရွန်နစ်စီးပွားရေးပလက်ဖောင်းကို အသုံးပြုနိုင်ရန် သုတေသနနှင့် လေ့ကျင့်ရေးဆိုင်ရာ လှုပ်ရှားမှုများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊ အသေးစားနှင့် အငယ်စားစီးပွားရေးလုပ်ငန်းများတွင် စွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာပေးခြင်းအားဖြင့် ဒစ်ဂျစ်တယ်စီးပွားရေးအခွင့်အလမ်းများကို ဖန်တီးပေးသွားမည်ဖြစ်သည်။

ဒစ်ဂျစ်တယ်ကုန်သွယ်မှုသည် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုစနစ်တွင် သိသာထင်ရှားလာပြီဖြစ်သည့်အတွက် များစွာအကျိုးဖြစ်ထွန်းလျက်ရှိပြီး RCEP အဖွဲ့ဝင်နိုင်ငံများသည် ဒစ်ဂျစ်တယ်ပြုပြင်ပြောင်းလဲမှုအတွက် အထောက်အပံ့များပေးသွားရန် လိုအပ်သည်။ တရုတ်နိုင်ငံသည် RCEP အဖွဲ့ဝင်နိုင်ငံများအတွက် ဒစ်ဂျစ်တယ်စီးပွားရေးစနစ် လွှမ်းမိုးမှုရှိရေးတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ၎င်း၏ ဒစ်ဂျစ်တယ်စီးပွားရေးပုံစံသည် အင်ဒို-ပစိဖိတ်ဒေသတွင် ဦးဆောင်လမ်းပြဖြစ်လာပြီဖြစ်သည်။ WeChat နှင့် Alipay အပါအဝင် တရုတ်ကုမ္ပဏီကြီးများသည် အခြားနိုင်ငံများ လိုက်ပါဆောင်ရွက်နိုင်သော နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုများနှင့်အလေ့အထများကို ဦးဆောင်လမ်းပြဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးသည် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများစွာကို စီစဉ်ဖန်တီးပေးလျက်ရှိသည်။

တရုတ်နိုင်ငံသည် RCEP တွင် လွှမ်းမိုးဆောင်ရွက်ခြင်းအားဖြင့် အင်ဒို-ပစိဖိတ်ဒေသတွင် ဒစ်ဂျစ်တယ်ကုန်သွယ်မှုနယ်ပယ်စနစ် သက်ဝင်လှုပ်ရှားမှုဖြစ်ပေါ်လာစေရန် မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ တရုတ်နိုင်ငံ၏ လွှမ်းမိုးမှုမြင့်တက်လာလျက်ရှိသဖြင့် အမေရိကန်အနေဖြင့် စီးပွားရေးဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများထက် အာရှဒေသတွင် လွှမ်းမိုးမှုကျဆင်းလာမှုအပေါ် ဘိုင်ဒင်အစိုးရအဖွဲ့၏ စိုးရိမ်ပူပန်မှုများကြောင့် IPEF ကို ဖန်တီးခဲ့ဖွယ်ရာရှိနေသည်။

အဖွဲ့ဝင်နိုင်ငံများအနေဖြင့် သဘောတူညီချက်ပါမူလပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်သွားရန် လိုအပ်သည်ဆိုသော ချဉ်းကပ်မှုပုံစံဖြင့် RCEP က ဆောင်ရွက်လျက်ရှိသည်။ အီလက်ထရွန်နစ် ကုန်သွယ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ဆောင်ရာတွင် RCEP သည် အဖွဲ့ဝင်နိုင်ငံများ၏ အခြေအနေများနှင့် လိုက်လျောညီထွေရှိသော အစီအမံများ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများ၏ အမျိုးသားအကျိုးစီးပွားကို အလေးထားလျက်ရှိသည်။

သို့သော် IPEF သည် အဖွဲ့ဝင်နိုင်ငံများကို ၎င်းတို့စိတ်ပါဝင်စားသည့်ဒေါက်တိုင်တွင်သာ ရွေးချယ်ခွင့်ပြုထားသော ချဉ်းကပ်မှုပုံစံကိုချမှတ်ထားသည်။ အထူးသဖြင့် အိန္ဒိယအနေဖြင့် ကုန်သွယ်မှုကိုအလေးထားသည့် ဒေါက်တိုင် (၁) တွင် ပူးပေါင်းဆောင်ရွက်ရန်ငြင်းဆိုထားသည်။ ထို့ကြောင့် ကတိကဝတ်ပြုထားသည့် IPEF မူဘောင်အချို့ကို အကောင်အထည်ဖော်နိုင်စွမ်း မရှိတော့ပေ။

ပြည်တွင်းပြုပြင်ပြောင်းလဲမှုများကို သာတူညီမျှ အကောင်အထည်ဖော်ဆောင်နိုင်မှု အာမခံချက်မရှိသောကြောင့် အဖွဲ့ဝင်နိုင်ငံများသည် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များလုပ်ဆောင်ရန် စိတ်ဆန္ဒထက်သန်မှုမရှိသည့်အတွက် ထိရောက်မှုမရှိသော မိတ်ဖက်အရေအတွက်များသာ များပြားလာမည်ဖြစ်သည်။ စည်းကြပ်ခွန်ချိန်ညှိမှုအပါအဝင် စီးပွားရေးဆိုင်ရာမက်လုံးများမရှိခြင်းသည် အဖွဲ့ဝင်နိုင်ငံများအပေါ် IPEF ၏ တောင်းဆိုချက်များ ကျဆင်းလာမည်ဖြစ်သည်။

RCEP အဖွဲ့ဝင်များသည် ကုန်သွယ်မှုဆိုင်ရာကုစားမှုနှင့် အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ ယန္တရားများကို ရွေးချယ်ပိုင်ခွင့်ရှိနေသည်။ သို့သော် RCEP ၏ အီလက်ထရွန်နစ်ကုန်သွယ်မှု အခန်းကဏ္ဍသည် အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ ယန္တရားများအောက်သို့ လုံးလုံးလျားလျား ကျရောက်နေခြင်းမရှိသဖြင့် ကုန်သွယ်မှုလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အငြင်းပွားခြင်းနှင့် ဆွေးနွေးညှိနှိုင်းခြင်းများ လုပ်ဆောင်နိုင်ပေသည်။ RCEP ၏ ငါးနှစ်တစ်ကြိမ်ပြန်လည်သုံးသပ်မှုသည် အဖွဲ့ဝင်နိုင်ငံများကို အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ ယန္တရားများအနေဖြင့် အီလက်ထရွန်နစ်ကုန်သွယ်မှုနှင့်ဆက်စပ်သောအငြင်းပွားမှုများကို ဖြေရှင်းနိုင်စွမ်းရှိသလားဆိုသောအချက်ကို ပြန်လည်သုံးသပ်သွားနိုင်မည်ဖြစ်သည်။

IPEF တွင် အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ ယန္တရား သို့တည်းမဟုတ် ကုန်သွယ်မှုဆိုင်ရာအခြားသောကုစားမှုများမရှိခြင်းသည် ၎င်း၏အကျိုးသက်ရောက်မှုမရှိကြောင်းကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ ထို့ပြင် IPEF အနေဖြင့် အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာယန္တရား သို့မဟုတ် ကုန်သွယ်မှုဆိုင်ရာကုစားမှုများ ချမှတ်သွားမလားဆိုသောအချက်ကိုလည်း ဆုံးဖြတ်နိုင်ခြင်းမရှိသေးပေ။

IPEF သည် စည်းကြပ်ခွန်ချိန်ညှိမှုများ သို့တည်းမဟုတ် သမားရိုးကျဈေးကွက်များတွင် ပါဝင်ဆောင်ရွက်နိုင်မှုများ ကမ်းလှမ်းထားခြင်းမရှိသောကြောင့် ပြဋ္ဌာန်းချက်များ အာဏာသက်ဝင်မှုရှိလာစေရန် နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်စေလျက်ရှိသည်။ အခွန်စည်းကြပ်မှုကို ညှိနှိုင်းဆောင်ရွက်နိုင်ခြင်းမရှိလျှင် ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်များသည် အာဏာသက်ဝင်မှု ရှိမည်မဟုတ်ချေ။ ထိုသို့ဖြစ်ပေါ်နေခြင်းသည် IPEF ကို ဦးတည်ချက်များအောင်မြင်မှုရရှိစေရန် အခက်အခဲဖြစ်ပေါ်စေလျက်ရှိသည်။

IPEF သည် RCEP ကဲ့သို့ အခွန်စည်းကြပ်မှုချိန်ညှိခြင်းများ၊ ဈေးကွက်အပြန်အလှန် ထိုးဖောက်နိုင်မှု၊ ဒစ်ဂျစ်တယ်ကုန်သွယ်မှု မူဘောင်တိုးတက်ရေးအတွက် စွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် နည်းပညာအထောက်အကူများကဲ့သို့သော အလားအလာကောင်းသည့် အကျိုးစီးပွားများ ကမ်းလှမ်းထားခြင်းမရှိသဖြင့် အမေရိကန်အနေဖြင့် တရုတ်နိုင်ငံ၏ ဒေသတွင်းလွှမ်းမိုးမှုများကို တုံ့ပြန်နိုင်ရေးကြိုးပမ်းမှုများ ပိုမိုလုပ်ဆောင်သွားရန်လိုအပ်ပေသည်။အထူးသဖြင့် IPEFသည် ထင်ရှားသော စီးပွားရေးကုန်သွယ်မှု လွတ်လပ်ခြင်း၊ ဖြေရှင်းမှုယန္တရားများနှင့် စီးပွားရေးမက်လုံးများ ပေးအပ်သွားနိုင်ရေးအတွက် ဆွေးနွေးသွားသင့်ပေသည်။ မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံ ဦးဆောင်သော RCEP သည် အမေရိကန်၏ သက်ဝင်မှုမရှိသော IPEFထက် ဒစ်ဂျစ်တယ်နှင့် အခြားသောကုန်သွယ်မှုများ ပိုမိုးတိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

**ကိုးကား**

– **US is losing Asia's multilateral trade game by Asia Times.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ဒဂုံမြို့နယ် Queen Shin Saw Pu Art Studio & Gallery ၌ ခရီးသွားများ အွန်လိုင်းပန်းချီ ပြပွဲပြသသွားမည်



**ရန်ကုန် ဇွန် ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် Queen Shin Saw Pu Art Studio & Gallery ပြခန်းတွင် ခရီးသွားများအွန်လိုင်းပန်းချီပြပွဲကို ဇွန် ၂၈ ရက်မှ ဇူလိုင် ၈ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြခန်း တာဝန်ခံ မသဇင်ကျော့ရှင်းက ပြောပြ၍ သိရသည်။

အဆိုပါခရီးသွားများ အွန်လိုင်းပန်းချီပြပွဲတွင် နာမည်ရပန်းချီဆရာများဖြစ်ကြသည့် ပန်းချီ စစ်မိုးအောင်၊ ပန်းချီဆရာမ ဝင်းသန္တာ၊ ပန်းချီ စောစတီးလ်ဖ၊ ပန်းချီ သက်မွန်၊ ပန်းချီ မွန်သက်၊ ပန်းချီ မောင်မောင်မြင့်အောင်တို့၏ လက်ရာစုံ ပန်းချီကား ၂၀ ကို ပြသရောင်းချပေးသွားမည်ဖြစ်ပြီး ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံ ပန်းချီလက်ရာများကို ရှုမြင်ရမည်ဖြစ်ကြောင်း သိရသည်။

“နာမည်ရပန်းချီဆရာ၊ ဆရာမတွေရဲ့ ပန်းချီလက်ရာတွေထဲက ခရီးသွားတွေနဲ့ဆိုင်တဲ့ ပန်းချီကားတွေကိုချည်း သီးသန့်ရွေးချယ်ပြသမှာဖြစ်တဲ့အတွက် ပန်းချီကားအရေအတွက်ကတော့ နည်းသွားပါတယ်။ ဒါပေမဲ့ ထူးထူးခြားခြားဖြစ်မယ်။ Story လေးတစ်ခုလို ကြည့်နိုင်မှာဖြစ်တဲ့အတွက် ပန်းချီချစ်သူတွေ ကျေနပ်ကြမယ်လို့ ထင်ပါတယ်”ဟု Queen Shin Saw Pu Art Studio & Gallery ပြခန်း တာဝန်ခံ မသဇင်ကျော့ရှင်းက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄)လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈)လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ ငွေကျပ် ခုနစ်သိန်းမှ သိန်း ၃၀ ထိရှိကြောင်း သိရသည်။

ASH

# ကမ္ဘာကျော်မင်းသားကြီး ဟယ်ရီဆင်ဖို့ ရုပ်ရှင်လောကမှ အနားမယူသေးဟုပြော

**နယူးယောက် ဇွန် ၂၄**

ကမ္ဘာကျော်ရုပ်ရှင်မင်းသားကြီး ဟယ်ရီဆင်ဖို့အနေဖြင့် ရုပ်ရှင်လောကမှ အနားမယူသေးဟုပြောကြောင်း Variety သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။


မိမိအနေဖြင့် ရုပ်ရှင်လောက၌ ကြာနိုင်သမျှ ကြာကြာဆက်ရှိနေရန် မျှော်လင့်ထားကြောင်း အသက် ၈၀ အရွယ် မင်းသားကြီး ဟယ်ရီဆင်ဖို့က Variety သတင်းဝက်ဘ်ဆိုက်သို့ ထုတ်ဖော်ပြောကြားထားသည်။

သရုပ်ဆောင်နေရစဉ် အချိန်အတွင်း ကိုယ့်ကိုယ်ကိုယ် အသုံးဝင်သည့်လူတစ်ဦးအဖြစ် မိမိခံစားရကြောင်း၊ သို့ဖြစ်ရာ မိမိအနေဖြင့် ရုပ်ရှင်လောကမှ အနားယူရန် အစီအစဉ်မရှိသေးကြောင်း ဟယ်ရီဆင်ဖို့က ပြောကြားခဲ့သည်။

ဟယ်ရီဆင်ဖို့သည် ယနေ့အချိန်ထိပင် ဟောလိဝုဒ်၏ ပထမတန်းမင်းသားတစ်ဦးအဖြစ် ဆက်လက်ရပ်တည်နေဆဲဖြစ်သည်။

လက်ရှိအချိန်မှာပင် မင်းသားကြီး ဟယ်ရီဆင်ဖို့သည် မာဗယ်စတူဒီယို၏ စူပါဟီးရိုးရုပ်ရှင်ဇာတ်ကားဖြစ်သော Thunderbolt ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်လျက်ရှိပြီး ၎င်းပါဝင်သရုပ်ဆောင်ထားသော ပဉ္စမမြောက် Indiana Jones ဇာတ်ကားဖြစ်သည့် Indiana Jones and the Dial of Desting ဇာတ်ကားသည်လည်း ဇွန် ၃၀ ရက်တွင်စတင်ရုံတင်မည်ဖြစ်ကြောင်း သိရသည်။

KKO



# ကျိန်စာသင့်နတ်သုဒ္ဓါ ရုပ်သံဇာတ်လမ်းတွဲကို Silver Egg App မှ ထုတ်လွှင့်ပြသမည်

**ရန်ကုန် ဇွန် ၂၄**

Iron Steel ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်သည့် ကျိန်စာသင့်နတ်သုဒ္ဓါ ရုပ်သံဇာတ်လမ်းတွဲကို Silver Egg App မှ ဩဂုတ်လအတွင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးခဲ့သူ ဒါရိုက်တာစတီးလ်(ခွေးမေတ္တာ)က ပြောပြ၍ သိရသည်။

အဆိုပါဇာတ်လမ်းတွဲ၏ ဝတ္ထုကို မြှားစကြာ၊ ဇာတ်ညွှန်း နေစိုးသော်က ရေးသားပြီး ဒါရိုက်တာစတီးလ်(ခွေးမေတ္တာ) Assistant Director သားငယ်၊ Art Director ဟိန်းထက်စိုးတို့က ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ လမ်းဘေးအလေအလွင့် ခွေးလေးများကို ထိန်းသိမ်းစောင့်ရှောက်ရသည့် ခွေးဂေဟာတစ်ခုအတွင်း အလုပ်လုပ်ကိုင်နေသည့် မိသားစုတစ်ခုကို အခြေခံကာ ရိုက်ကူးထားသည့် ဒရာမာဇာတ်လမ်းတွဲဖြစ်ကြောင်း သိရသည်။

“တိရစ္ဆာန်လေးတွေကို သနားညှာတာဖို့၊ သူတို့လေးတွေ စောင့်ရှောက်ပေးဖို့ ရည်ရွယ်ရိုက်ထားတယ်။ တိရစ္ဆာန်လေးတွေ ကယ်တင်တဲ့ကားမို့ အများသိသွားအောင်




စိတ်ဆန္ဒတစ်ခုကြောင့်လဲပါတယ်။ ဇာတ်လမ်းတွဲဆိုပြီး ရိုက်ကူးခဲ့ပေမဲ့ ရုပ်ရှင်အနေနဲ့ ပြသချင်လို့ တချို့အပိုင်းတွေ ဖြတ်ထုတ်လိုက်တယ်။ ရုပ်ရှင်တစ်ကားစာလို ဖြတ်လို့မရလို့ ၃ နာရီ ၅၂ မိနစ်စာ ပြသမှာပါ။ ပထမက ရုပ်ရှင်ဆန်ဆန်ရိုက်ထားတာမို့ အပိုတွေဖြတ်ထုတ်လိုက်တယ်။ ဒီဇာတ်ကားက ရုပ်ရှင်ကားအတိုင်း အသံပိုင်းတွေကို သေချာအားစိုက်လုပ်ထားတဲ့ ဇာတ်ကားပါ”ဟု ဒါရိုက်တာ စတီးလ်(ခွေးမေတ္တာ)က ပြောပြသည်။

ကျိန်စာသင့်နတ်သုဒ္ဓါ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် နေထက်လင်း၊ ဘုန်းလျှံ၊ နေရဲ၊ ဘရန်ဒိုလီ၊ လင်းအောင်ခေတ်၊ နေနော်၊ မိုးဒီ၊ တိမ်ညွန့်၊ ကောင်းစံ၊ ခိုင်နှင်းဝေ၊ ရွှေသမီး၊ ဟန်နီချို (Miss Universe)၊ မာဂရက်၊ ဝါဝါမေမောင် စသည့် အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Mortal Kombat-2 ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများ စတင်နေပြီဖြစ်

**နယူးယောက် ဇွန် ၂၄**

ဗီဒီယိုဂိမ်းအခြေခံရုပ်ရှင်ဇာတ်ကားဖြစ်သည့် Mortal Kombat-2 ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇွန်၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

Mortal Kombat-2 ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းစတင်နေမှုကို ရုပ်ရှင်ထုတ်လုပ်သူ တော့ဂါနာက အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

Mortal Kombat-2 ဇာတ်ကားကို ဒါရိုက်တာ ဆိုင်မွန်မက်ကွစ်က ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီအတွက် တာဝန်ယူရိုက်ကူးနေခြင်းဖြစ်ကြောင်း သိရသည်။

Mortal Kombat-2 ဇာတ်ကားကို Mortal Kombat(2021) ဇာတ်ကားထက် ပို၍ကောင်းအောင် ရိုက်ကူးမည်ဖြစ်ကြောင်း ထုတ်လုပ်သူများက ပြောကြားထားသည်။

Mortal Kombat-2 ဇာတ်ကားတွင် မင်းသား လူးဝစ်တန်၊ ကားအာဘင်၊ မာတင်ဖို့နှင့် မင်းသမီး ဂျက်ဆီကာမက်နာမီ၊ တာတီဂါဘရီယယ်တို့ ပါဝင်သရုပ်ဆောင်ထားပြီး အဆိုပါဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO



# အောင်ပန်းမြို့နယ်မှ မိခင်ဆုံးပါးသွားသည့် ၁၂ ရက်သားအရွယ်သားငယ်နှစ်ဦးကို ခိုင်နှင်းဝေရင်သွေးလေးများဂေဟာက ပြုစုစောင့်ရှောက်ရန်ခေါ်ယူ

**ရန်ကုန် ဇွန် ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့နယ်မှ မိခင်ဆုံးပါးသွားသည့် ၁၂ ရက်သားအရွယ်သားငယ်နှစ်ဦးကို ခိုင်နှင်းဝေ ရင်သွေးလေးများဂေဟာက ပြုစုစောင့်ရှောက်ရန် ဇွန် ၂၃ ရက်က အဆိုပါမြို့သို့ သွားရောက်ခေါ်ယူခဲ့ကြောင်း သရုပ်ဆောင် ခိုင်နှင်းဝေက ပြောပြ၍ သိရသည်။

အဆိုပါသားငယ်နှစ်ဦး၏ မိခင်သည် အောင်ပန်းမြို့တွင် နေထိုင်သူဖြစ်ပြီး တောင်ကြီးဆေးရုံတွင် ကလေးငယ်များကို ဗိုက်ခွဲမွေးဖွားသော်လည်း နှလုံးရောဂါနှင့် ဆီးချိုရောဂါအခံရှိသောကြောင့် မွေးပြီးပြီးချင်း ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည့်အတွက် မိသားစုက ခိုင်နှင်းဝေ ရင်သွေးလေးများဂေဟာမှ ပြုစုစောင့်ရှောက်ပေးရန် ဆက်သွယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“အစ်မဆီ ဖုန်းဆက်အကြောင်းကြားတော့ ကလေးအမွှာလေးတွေ မွေးတယ်။ မိခင်ဖြစ်သူက မွေးပြီးပြီးချင်း ၁ နာရီလောက်အကြာမှာ ဆုံးသွားတယ်။ သူတို့က ကလေးတွေလဲပေးချင်တယ်။ ကလေးတွေက ကျန်းမာရေးလဲမကောင်းဘူး။ အုပ်ထိန်းသူအဖေနဲ့ အဘွားပဲရှိတယ်။ သူတို့စားဝတ်နေရေး ခက်ခဲနေတဲ့အကြောင်းတွေ ပြောပြတယ်”ဟု သရုပ်ဆောင် ခိုင်နှင်းဝေက ပြောပြသည်။

ခိုင်နှင်းဝေရင်သွေးလေးများဂေဟာက ပြုစုစောင့်ရှောက်ရန် ခေါ်ယူမွေးစားခဲ့သည့် ကလေးအများစုမှာ ရက်သားကလေးငယ်လေးများသာဖြစ်ပြီး လက်ရှိ ခိုင်နှင်းဝေ ရင်သွေးလေးများဂေဟာတွင် ကလေးငယ်ဦးရေ ၈၀ ကျော် ပြုစုစောက်ရှောက်ပေးထားကြောင်း သိရသည်။

ASH

# Tatmadaw member athletes, coaches who brought honour to the nation in 32nd SEA Games and 12th ASEAN Para Games honoured


A tea party being hosted to honour Tatmadaw member athletes and their manager coaches in the 32nd SEA Games and 12th ASEAN Para Games.

**Nay Pyi Taw June 24**

A ceremony to present honorary cash awards to Tatmadaw member athletes and their manager coaches who brought honour to the nation in the 32nd SEA Games and 12th ASEAN Para Games was held at Bayintnaung Yeiktha, here this morning, addressed by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, who also gave away honorary badges.

Also present together with the Senior General were his wife, Daw Kyu Kyu Hla, Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife Daw Than Than Nwe, Chief of General Staff (Army, Navy and Air) General Maung Maung Aye and wife, the Commander-in-Chief (Navy) and wife, the Commander-in-Chief (Air) and wife, union level officials and wives, senior military officers from Office of Commander-in-Chief and wives, deputy ministers and honoured guests.

**Honorary speech**

The Senior General said the ceremony to honour athletes who achieved success with **unyielding spirit and the spirit to overcome any kind of hardships** by applying their talent is to honour the persons worthy of honour and to foster the patriotism of new generation athletes and to encourage them.

The Senior General said at the State Flag handing over ceremony, he had urged the athletes **to compete with all-out efforts with the conviction that the Flag of the Republic of Union of Myanmar, handed over to the Myanmar sports contingent to 32nd SEA Games, is not only the dignity of the country, but it also represents the national duty for the Flag to fly proudly in all events**. All athletes including Tatmadaw members who showed true Myanmar spirit with the conviction to accomplish their mission as good soldiers by striving for the State Flag to fly with dignity are honoured.

It is clear that athletes with disabilities need extraordinary enthusiasm and efforts to win medals. By winning medals in the prestigious international game, the athletes with disabilities prove that they can achieve success in life as able persons do. Especially those who sacrificed limbs for the country are praised for their eagerness and hard work to achieve success. Other soldiers who sacrificed limbs for the country must also be urged to pursue sports at least for health.

Naturally, majority of sports events need physical and spiritual power based on fitness of the contestant. Endurance, hard training, techniques, and stamina are also requisites.

*See Page 13*


Senior General Min Aung Hlaing presents cash award to a medalist.


Daw Kyu Kyu Hla presents cash award to a medalist.


Vice-Senior General Soe Win presents cash award to a medalist.


Daw Than Than Nwe presents cash award to a medalist.



A medalist receives cash award.

*From Page 12*

Sports events like boxing, judo, weightlifting, taekwondo, Myanmar thaing provide soldiers with the power of combat readiness in their national defence duties apart from healthiness. Soldier athletes who took part in para games won medals in events in connection with the self-defence, and coaches were able to bring about athletes who could shine the national image.

Moreover, the athletes were able to preserve the cultural legacy and won gold medals in traditional sports competitions. It was also found that the image of female athletes including those from the Tatmadaw achieved success that won the heart and soul of the people by competing against powerful rivals out of perseverance and diligence until the last minutes and seconds based on the spirit of invincinity.

It is known to all that sports competitions are organized at the company, battalion, regional command and Commander-in-Chief of Defence Services levels in the Tatmadaw every year. It can be seen that ports contribute not only to health through different ways and means but also to unity and social development.

**Certificates of honour and cash rewards presented**

Then, presenting honorary prizes to athletes and coaches of the Tatmadaw who improved the image of the country, the Senior General awarded certificates of honour and cash rewards of the Commander-in-Chief of Defence Services to WO-2 Aung Zaw, who won the gold medal in Chinlone (Team Event) and the silver medal in Sepak Takraw (Team Event), and WO-2 Aung Kyaw Moe and Cpl Kyaw Zeyar Win, who won the gold medal in Chinlone (Team Event), in the $32^{nd}$ Sea Games, and Cpl Maung Lin, who won the gold medals in track and field events for individual (800-metre) and (1500-metre), the silver medal in track and field event for individuals (400-metre) and the bronze medal in track and field event for teams (400-metre Relay Race) in the $12^{th}$ ASEAN Para Games.

Afterwards, the wife of the Senior General presented certificates of honour and cash rewards to civilian substitute appointed staff Ma May Zin Nwe and Ma Aye Aye Moe, who won the silver medal in Football (Female) in the $32^{nd}$ Sea Games.

Then, the Vice Senior General presented certificates of honour and cash rewards to WO-2 Tin Nyo, who won the gold medals in track and field events for individuals (Javelin) and (Shot Put) and the silver medal in track and field events for individuals (Discus), and Sgt Soe Wai, who won the gold medal in track and field event for individuals (100-metre), the silver medal in the track and field event for individuals (200-metre), the bronze medals in track and field event for teams (100-metre) and in track and field event for individuals (400-metre), Cpl Aung Tun Lin, who won the gold medal in track and field event for individuals (Discus) and the silver medal in track and field event for individuals (Shot Put) and Cpl Ye Min Soe, who won the gold medal in track and field event for individuals (Discus) in the $12^{th}$ ASEAN Para Games.

Next, the wife of the Vice-Senior General presented certificates of honour of the Commander-in-Chief and cash awards to Tatmadaw-substitute civilian staff members Ma Yupar Khaing and Ma Khin Than Wai who won the silver medal in the women's football tourney of the $32^{nd}$ SEA Games.

The Chief of the General Staff (Army, Navy and Air) presented certificates of honour of the Commander-in-Chief and cash awards to silver and bronze medalist deputy warrant officer Than Zin Oo, silver medalist corporal Zaw Min Lwin, silver medalist corporal Pyae Phyo and double bronze medalist lance corporal Soe Win in their respective sports events.

The Commander-in-Chief (Navy), Commander-in-Chief (Air), Adjutant General and Quartermaster General presented certificates of honour of the Commander-in-Chief and cash awards to the victorious Tatmadaw sports athletes, managers and coaches.

**Words of thanks**

On behalf of the victorious Tatmadaw sports athletes, managers and coaches, Sergeant Soe Pei spoke words of thanks. After recounting the experiences and winning of medals, he said he was **so glad to see the Tatmadaw sports athletes bring honour and victories to the State**. And the result is thanks to the assistance from the government and the Tatmadaw. Such victories came from that fact that handsome prizes were presented to the award-winning athletes while more prizes were awarded this year. **Sincere thanks go to the SAC Chairman Commander-in-Chief of Defence Services and all other officials for promoting the coaches who helped the Tatmadaw sports athletes win medals and presenting the Commander-in-Chief's certificates of honour and cash rewards. Representing the State and the Tatmadaw, continued efforts will be made to achieve greater success in international sports events to come in order to bring honour to the country.**

**Performances presented**

The Senior General and wife and party then hosted a tea party for the victorious Tatmadaw sports athletes, managers and coaches, and the Myawady band played songs.

After the ceremony, the Senior General and wife and party cordially greeted the victorious Tatmadaw sports athletes, managers and coaches. 100

# Mike Pence challenges rivals to back 15-week abortion ban

**Washington June 24**

Former US Vice-President Mike Pence has challenged his rivals in the Republican presidential field to support a 15-week national abortion ban.

He told a conservative gathering every Republican candidate for president should support 15 weeks "as a minimum nationwide standard" on abortion.

Last year the Supreme Court overturned the constitutional right to abortion in the US.

Anti-abortion groups want to make a federal ban a key 2024 election issue.

The leader of one such group, Marjorie Dannenfelser with Susan B Anthony Pro-Life America, has said she will oppose any presidential candidate who does not embrace a 15-week national ban.

She called Mr Pence "the definition of an unapologetic pro-life leader".


Mr Pence, who has long made his evangelical faith central to his political identity, is one of the few Republican candidates to have spoken unequivocally about his support for such a ban.

On Friday at the Faith & Freedom Coalition's annual conference in Washington DC, Mr Pence said: "Let me say from my heart - the cause of life is the calling of our time and we must not rest and must not relent until we restore the sanctity of life to the centre of American law in every state in this country."

According to Britain's National Health Service, at 15 weeks a human foetus is about the size of an apple, eyelashes and eyebrows are starting to develop, and the unborn child is beginning to hear.

Opinion polls suggest a majority of Americans back some form of legal abortion access, though public support for the procedure being legal drops notably by the end of the second trimester of a pregnancy.

BBC




# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## Elbit ထုတ် Watchkeeper X ဒရုန်း သုံးစင်းကို ကန်ဒေါ်လာသန်း ၁၈၀ ဖြင့် ရိုမေးနီးယားနိုင်ငံ ဝယ်ယူခဲ့




ရိုမေးနီးယားနိုင်ငံသည် Watchkeeper X ဒရုန်းဝယ်ယူသည့် ခုနစ်စင်းအနက် ပထမဆုံးသုံးစင်းကို Elbit Systems ကုမ္ပဏီထံမှ အမေရိကန်ဒေါ်လာသန်း ၁၈၀ ဖြင့်ဝယ်ယူခဲ့ကြောင်း www.thedefensepost.com တွင် ဇွန် ၂၂ ရက်က ရေးသားဖော်ပြခဲ့သည်။

အဆိုပါရောင်းချမှုသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ရိုမေးနီးယားအမျိုးသားကာကွယ်ရေးဝန်ကြီးဌာနက လက်မှတ်ရေးထိုးခဲ့သည့် အမေရိကန်ဒေါ်လာ သန်း ၄၁၀ တန်ဖိုးရှိ ဒရုန်းစနစ်များဝယ်ယူတပ်ဆင်ရေးသဘောတူညီချက်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

စာချုပ်အရ လုပ်ငန်းကိုနှစ်နှစ်ကျော်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဖြစ်သည်။

Elbit ကုမ္ပဏီသည် အခြေခံအဆောက်အအုံနှင့် စက်မှုလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုအပါအဝင် ၎င်း၏ဗြိတိန်နှင့်ရိုမေးနီးယားတို့ရှိ လက်အောက်ခံကုမ္ပဏီများနှင့် ပူးပေါင်းကာ ရိုမေးနီးယားနိုင်ငံတွင် ထောက်လှမ်းရေးဒရုန်းများကို ထုတ်လုပ်သွားမည်လည်းဖြစ်သည်။

Watchkeeper X ဒရုန်းစနစ်ကို ထောက်လှမ်းရေး၊ စောင့်ကြည့်ရေး၊ ပစ်မှတ်စိစစ်ဖော်ထုတ်ရေးနှင့်ကင်းထောက်မစ်ရှင်များလုပ်ဆောင်ရန် တော်ဝင်ဗြိတိန်ကြည်းတပ်အတွက် Elbit ကုမ္ပဏီလက်အောက်ခံ UK-Tacs က တီထွင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် Hermes 450 ဒရုန်းကို အခြေခံ၍ တီထွင်ထုတ်လုပ်ထားသော WK450 ဒရုန်း အနည်းဆုံးအစင်း ၄၀ ဖြန့်ကြက်အသုံးပြုလျက်ရှိသည်။

ရိုမေးနီးယားနိုင်ငံတွင် Spectro XR Multi-Spectral Electro-Optical Payload နှင့် ဆက်သွယ်ရေးစွမ်းရည်အသစ်များကဲ့သို့သော အဆင့်မြင့်အင်္ဂါရပ်များပါဝင်လာမည့် အဆင့်မြှင့်တင်ထားသော Watchkeeper X UAS ကို လက်ခံရရှိမည်ဖြစ်သည်။

အဆိုပါ ဒရုန်းသည် NATO စံနှုန်းများနှင့်ကိုက်ညီပြီး မဟာမိတ်တပ်ဖွဲ့များနှင့် အပြန်အလှန်ချိတ်ဆက်လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Watchkeeper Platform တွင် ကျွန်ုပ်တို့ ရင်းနှီးမြှုပ်နှံနေသည့် သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုသည် ပြောင်းလဲနေသော စစ်ဆင်ရေးဆိုင်ရာလိုအပ်ချက်များနှင့်ကိုက်ညီရန် ရိုမေးနီးယားနှင့် ဗြိတိန်လက်နက်ကိုင်တပ်ဖွဲ့များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်လိမ့်မည်ဟု Elbit Systems Aerospace အထွေထွေမန်နေဂျာ Yoram Shmuely က ပြောကြားခဲ့ကြောင်း သိရသည်။

**Romania Purchases Three Elbit Watchkeeper X Drones for $180 Million ကို ဘာသာပြန်ဆိုထားပါသည်။**

## ပြင်သစ်ရေတပ်က Horizon ဖျက်သင်္ဘောမှ HELMA-P လေဆာလက်နက်စမ်းသပ်မှုပြုလုပ်

ပြင်သစ်နိုင်ငံ ရေတပ်သည် Horizon ဖျက်သင်္ဘောမှ ၎င်း၏တိုက်ရိုက်စွမ်းအင်သုံး HELMA-P (High-Energy Laser for Multiple Applications – Power) လေဆာလက်နက်စနစ်ကို စမ်းသပ်မှုတစ်ရပ် ထပ်မံပြုလုပ်ခဲ့ကြောင်း ဇွန် ၂၁ ရက်က The Defense Post တွင် ဖော်ပြထားသည်။

မြေထဲပင်လယ်တွင် ပြုလုပ်ခဲ့သော အဆိုပါလေဆာလက်နက်စနစ် စမ်းသပ်မှုကို ပြင်သစ်နိုင်ငံ၏ စစ်လက်နက်ညွှန်ကြားရေးဦးစီးဌာန (DGA)နှင့် ဒေသတွင်း လေဆာနည်းပညာကုမ္ပဏီ CILAS တို့ ပူးပေါင်း၍ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ပြင်သစ်ရေတပ်၏အဆိုအရ အဆိုပါ စမ်းသပ်မှုသည် ပင်လယ်ပြင်ရေကြောင်း ပတ်ဝန်းကျင်တွင် ဒရုန်းများ၏ ခြိမ်းခြောက်မှုကိုတုံ့ပြန်လုပ်ဆောင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

ပင်လယ်ပြင်တွင် သင်္ဘောများနှင့် လေယာဉ်များကို စောင့်ကြည့်ရန်၊ နှောင့်ယှက်ရန် သို့မဟုတ် တိုက်ခိုက်ရန် ဒရုန်းများကို အသုံးပြုလာနိုင်ကြောင်း၊ ပြင်သစ်ရေတပ်အနေဖြင့် အခြားတပ်ဖွဲ့များ၊ DGA တို့နှင့်အတူ ဒရုန်းများတန်ပြန်တိုက်ဖျက်ရေးလုပ်ငန်းတွင် အပြည့်အဝပါဝင်ဆောင်ရွက်နေကြောင်း ပြင်သစ်ရေတပ်က ပြောကြားခဲ့သည်။

ပြင်သစ်ရေတပ်သည် စမ်းသပ်မှုနှင့်ပတ်သက်သည့် တိကျသောအသေးစိတ်အချက်အလက်များကို မဖော်ပြထားသော်လည်း အဆိုပါစမ်းသပ်မှုများကြောင့် ရွေ့ပြောင်းပုံစံ တီထွင်နိုင်မှုအတွက် လမ်းကြောင်းဖြူးသွားပြီလည်းဖြစ်သည်။

၎င်းသည် HELMA-P ပရိုဂရမ်ကို ထုတ်လုပ်မှုနှင့် စနစ်ပေါင်းစည်းမှုဆီသို့ ယခင်ထက် ပိုမိုနီးစပ်စွာအကောင်အထည်ဖော်နိုင်ခဲ့ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံထုတ် HELMA-P လေဆာလက်နက်စနစ်သည် ရန်သူ့ဒရုန်းများကို ပျက်ပြယ်စေရန် အဓိကထုတ်လုပ်ထားသည့် လေဆာအခြေခံစနစ်ဖြစ်သည်။

၎င်းသည် ရွေ့လျားနေသောပစ်မှတ်များတွင် မြင့်မားသောတိုက်ရိုက်သုံး စွမ်းအင်ကို ထုတ်လွှတ်ပြီး ဒရုန်း(ပစ်မှတ်များ)ရှိ အလင်းအာရုံခံကိရိယာများကို တိုက်ခိုက်ဖျက်ဆီးပစ်ကာ ရည်မှန်းချက်ကိုဆောင်ရွက်နိုင်စေခြင်းမရှိအောင် လောင်ကျွမ်းပျက်ပြယ်စေခြင်းမျိုးဖြစ်သည်။

ခေတ်မီဆန်းသစ်သော ရေဒါများ၏ အကူအညီဖြင့် လေဆာလက်နက်သည် ဒရုန်းအများအပြား(ဒရုန်းအုပ်)ကိုတစ်ပြိုင်နက်ရှာဖွေပြီး ပစ်ချဖျက်ဆီးနိုင်ကြောင်း သိရသည်။




ယခင်စမ်းသပ်မှုများတွင် HELMA-P လက်နက်စနစ်သည် ပစ်မှတ် ၃၈ စင်းအနက်မှ ၃၈ စင်းစလုံးကို စက္ကန့်အနည်းငယ်အတွင်း တစ်ကီလိုမီတာ (သုည ဒသမ ၆ မိုင်) အကွာအဝေးအတွင်း ဖျက်ဆီးနိုင်မှုကို သရုပ်ပြသခဲ့ပြီးဖြစ်သည်။

**France Trials HELMA-P Laser Weapon From Horizon Destroyer ကို ဘာသာပြန်ဆိုထားပါသည်။**

## ဥရောပကာကွယ်ရေးအေဂျင်စီက TALOS မြေပြင်မှဝေဟင်ပစ် လေဆာလက်နက်အစီအစဉ်ကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့

ဥရောပကာကွယ်ရေးအေဂျင်စီ (EDA) က နည်းဗျူဟာမြောက် အဆင့်မြင့် လေဆာအော့ပတီကယ်စနစ် (Tactical Advanced Laser Optical System -TALOS) မြေပြင်မှ ဝေဟင်ပစ်လေဆာလက်နက်အစီအစဉ် အောင်မြင်စွာ လုပ်ဆောင်ပြီးစီးခဲ့ပြီဖြစ်ကြောင်း ဇွန် ၂၀ ရက်က The Defense Post တွင် ဖော်ပြထားသည်။

TALOS ဟု အမည်ပေးထားသော အဆိုပါလက်နက်စနစ်သည် ကျစ်လျစ်သော ဒီဇိုင်းရှိပြီး လျင်မြန်တိကျစွာ ပစ်မှတ်ကို ဖျက်ဆီးနိုင်စွမ်းရှိမည်ဖြစ်ကြောင်း သိရသည်။



၎င်းလက်နက်စနစ်သည် ရန်သူ့ဒုံးကျည်များနှင့်ဒရုန်းများကိုပစ်ချနိုင်ပြီး မလိုလားအပ်သော မသက်ဆိုင်သည့် ထိခိုက်ပျက်စီးမှုကို သိသိသာသာ လျှော့ချနိုင်မည်ဟု သိရသည်။

EDA ၏ အဆိုအရ TALOS လက်နက်စနစ် ထုတ်လုပ်သူများသည် စနစ်ဖွံ့ဖြိုးတိုးတက်ရေးတွင် အမျိုးမျိုးသောစိုးရိမ်ပူပန်မှုများကို ဖြေရှင်းလုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ၎င်းတို့တွင် လက်နက်စနစ်၏ တိုက်ပွဲဝင်လုပ်ဆောင်ချက်များ၊ ပစ်မှတ်ကို ဖျက်ဆီးနိုင်စွမ်းနှင့် လေဆာပေါင်းစပ်နည်းပညာတို့ ပါဝင်ကြောင်း သိရသည်။

ပရောဂျက်၏ရလဒ်များသည် အရေးကြီးသော Laser Effector လေဆာနည်းပညာများတွင် EU အဖွဲ့ဝင်နိုင်ငံများ၏ ကာကွယ်ရေးစွမ်းရည်ကိုမြှင့်တင်ရန် သိသိသာသာ အထောက်အကူပြုနိုင်လိမ့်မည်ဟု အေဂျင်စီက ထုတ်ပြန်ချက်တွင် ရေးသားထားသည်။

အဆိုပါစနစ်သစ်သည် ပြင်သစ်၊ နယ်သာလန်၊ ဂျာမနီနှင့် အီတလီ အပါအဝင် ဥရောပနိုင်ငံ ကိုးနိုင်ငံအတွက် အကျိုးတစ်စုံတစ်ရာ ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သိရသည်။

လုံခြုံရေးခြိမ်းခြောက်မှုများ တိုးမြင့်လာခြင်းကြောင့် မကြာသေးမီနှစ်များအတွင်း တိုက်ရိုက်စွမ်းအင်သုံး လက်နက်စနစ်များတွင် ရင်းနှီးမြှုပ်နှံမှုများ သိသိသာသာတိုးတက်လာခဲ့သည်။ အမေရိကန်လေတပ်သည် ၎င်း၏ပထမဆုံးစွမ်းအင်မြင့်လေဆာလက်နက်ဖြစ်သည့် H4 ကို မကြာသေးမီက စမ်းသပ်ခဲ့သည်။

၁၀ ကီလိုဝပ်ထွက်ရှိသော အဆိုပါ လေဆာလက်နက်သည် တာတိုပစ်လေကြောင်းခြိမ်းခြောက်မှုမှ စစ်ဘက်ဆိုင်ရာပိုင်ဆိုင်မှုများနှင့် တပ်ဖွဲ့များကိုလုံခြုံစေရန် ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

၂၀၁၉ ခုနှစ်တွင် ပြင်သစ်နိုင်ငံသည် အာကာသအတွင်း လက်နက်နှင့်ထောက်လှမ်းမှုစွမ်းရည်အသစ်များ တီထွင်ထုတ်လုပ်နေသော ပြိုင်ဘက်များအပေါ် ကွာဟချက်ကို အမီလိုက်နိုင်ရန်အတွက် ဂြိုဟ်တုဖျက်လေဆာလက်နက်များ တီထွင်ထုတ်လုပ်ရန်အစီအစဉ်များကို ထုတ်ဖော်ပြသခဲ့သည်။

**EU Completes TALOS Surface-to-Air Laser Weapon Project ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့တွင် ရေကြီးရေလျှံမှုကြောင့် အိမ်ခြေ ၁၁၆ လုံး ရေနစ်မြုပ်



**အဘူဂျာ ဇွန် ၂၄**

နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့တွင် ဇွန် ၂၃ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရုတ်တရက်ရေကြီးရေလျှံမှုများဖြစ်ပွားပြီး နေအိမ် ၁၁၆ လုံး ရေနစ်မြုပ်ခဲ့ကြောင်း အမျိုးသားအရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီက ထုတ်ပြန်သောသတင်းများကိုကိုးကား၍ Vanguard သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အဘူဂျာမြို့တွင် ဇွန် ၂၃ ရက် နံနက်အစောပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့တော်၏ တောင်ဘက်ရှိ Trasemore အိမ်ရာဝန်းတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ အိမ်ခြေ ၁၁၆ လုံး ရေနစ်မြုပ်ခဲ့ပြီး လူလေးဦးကို အသက်အန္တရာယ်မှကယ်တင်နိုင်ခဲ့ကြောင်း အမျိုးသားအရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီ၏ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ Abbas G. Idris က အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

အစောပိုင်း သတင်းများအရ လူတစ်ဦးသေဆုံးကြောင်း ဒေသတွင်း လူမှုကွန်ရက်သတင်းများတွင် ပျံ့နှံ့ခဲ့သော်လည်း အဆိုပါသတင်းမှာဟုတ်မှန်မှုမရှိကြောင်း ဒေါက်တာ Abbas G. Idris က ငြင်းပယ်ခဲ့သည်။

ရေကြီးရေလျှံမှုဖြစ်ပွားရာနေရာတွင် အမျိုးသားအရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီ၊ အဘူဂျာမီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ဖက်ဒရယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ရေဘေးအန္တရာယ်ကာကွယ်ရေးဌာနတို့မှ ဝန်ထမ်းများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ဂျီးရီးယား မိုးလေဝသအေဂျင်စီက ယခုမိုးရာသီတွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားနိုင်ကြောင်းထုတ်ပြန်ခဲ့ပြီး ယခုရေကြီးရေလျှံမှုအတွင်း ကျရောက်နေသောဒေသရှိ ပြည်သူများကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြရန် တိုက်တွန်းထားကြောင်း သိရသည်။

AZH

# အမေရိကန်နိုင်ငံ ကိုချိစ်ကောင်တီတွင် တောမီးလောင်ကျွမ်းမှု ထိန်းချုပ်ရခက်သည့်အဆင့်သို့ရောက်ရှိ

**ဝါရှင်တန် ဇွန် ၂၄**

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် ကိုချိစ်ကောင်တီတွင် ဇွန် ၂၃ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး တောမီးမှာထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း အရီဇိုးနားပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Tucson သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးလောင်ကျွမ်းမှုသည် နေရာလေးနေရာတွင် ဖြစ်ပေါ်နေခြင်းဖြစ်ပြီး တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၂၀၀ ကျော်ကို စေလွှတ်ပေးထားကြောင်းလည်း အရီဇိုးနားမီးသတ်တပ်ဖွဲ့က ထုတ်ပြန်သွားခဲ့သည်။

"တောမီးလောင်ကျွမ်းမှုဟာ ဇွန် ၂၃ ရက် အစောပိုင်းမှာ စတင်ခဲ့တာဖြစ်ပါတယ်။ အပူချိန်မြင့်မားသလို လေတိုက်နှုန်းကြောင့်လဲ တောမီးကူးစက်လောင်ကျွမ်းမှု မြန်ဆန်နေပါတယ်။ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေတဲ့ သစ်တောမြေကလဲ ၇၄၇ ဧကထိရှိနေပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်အယောက် ၂၀၀ ကျော်အသုံးပြုပြီး တောမီးကိုထိန်းချုပ်နိုင်ဖို့ကြိုးစားနေပါတယ်။ အရီဇိုးနားပြည်နယ် မီးသတ်တပ်ဖွဲ့ဝင်တွေလဲ ရောက်ရှိနေပါတယ်"ဟု ကိုချိစ်ကောင်တီ မီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အပူချိန်မြင့်မားပြီး လေတိုက်နှုန်းလည်း မြင့်တက်နေခြင်းကြောင့် တောမီးလောင်ကျွမ်းမှုမှာ အချိန်တိုအတွင်း ထိန်းချုပ်ရခက်သည့်အဆင့်သို့ရောက်ရှိခဲ့ပြီး အရီဇိုးနားပြည်နယ်၏ ဝင်လမ်းထွက်လမ်းတချို့ကိုလည်း ယာယီပိတ်ထားကြောင်း၊ နေအိမ်များဆီသို့ တောမီးကူးစက်မှုမဖြစ်ပွားစေရေးအတွက် အတားအဆီးများပြုလုပ်နေပြီး မီးသတ်တပ်ဖွဲ့ဝင်များကလည်း နေအိမ်များဆီသို့ မကူးစက်ရေးအတွက်သာ ဦးစားပေး ငြိမ်းသတ်လျက်ရှိကာ လိုအပ်လာပါက လေကြောင်းအကူအညီကို ရယူသွားမည်ဖြစ်ကြောင်း ကိုချိစ်ကောင်တီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ခိုင်းဆက်



# ဗြိတိန်နိုင်ငံတွင် ယခုသီတင်းပတ်ကုန်ရက်များအတွင်း အပူချိန်မြင့်တက်နိုင်ကြောင်း သတိပေးချက်ထုတ်ပြန်

**လန်ဒန် ဇွန် ၂၄**

ဗြိတိန်နိုင်ငံ နေရာအနှံ့အပြားတွင် ယခုသီတင်းပတ်ကုန်ရက်များအတွင်း အပူချိန်မြင့်တက်နိုင်ကြောင်း သတိပေးချက်တစ်ရပ်ကို ဗြိတိန် ကျန်းမာရေးအေဂျင်စီနှင့် မိုးလေဝသအေဂျင်စီတို့က ထုတ်ပြန်ခဲ့သည်ဟု Sky News သတင်းဌာနက ဇွန် ၂၃ ရက်တွင် ရေးသားဖော်ပြထားသည်။

ဗြိတိန်နိုင်ငံတစ်ဝန်း အချို့ဒေသများတွင် မိုးကြိုးမုန်တိုင်းများဖြစ်ပေါ်ပြီး မိုးရွာသွန်းမှုများဖြစ်ပေါ်နိုင်သကဲ့သို့ အချို့ဒေသများတွင်လည်း ယခုသီတင်းပတ်ကုန်ကာလ ဇွန် ၂၃ ရက်မှ ဇွန် ၂၆ ရက်ထိ အပူချိန် ၃၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နိုင်ဖွယ်ရှိသည်ဟု သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

"ဒီသီတင်းပတ်အကုန်ကာလမှာ ဗြိတိန်နိုင်ငံရဲ့ ရာသီဥတုအခြေအနေက သိသိသာသာကွဲလွဲမှုတွေ ရှိနေပါတယ်။ ဇွန် ၂၅ ရက်မှာ နိုင်ငံမြောက်ပိုင်းဒေသတွေမှာ မိုးသည်းထန်စွာရွာသွန်းတာ၊ မိုးသီးကြွေကျတာ၊ လေပြင်းတိုက်ခတ်တာတွေဖြစ်ပေါ်ပြီး ပိုအေးတဲ့အခြေအနေကို ပြောင်းလာနိုင်ပေမဲ့ တောင်ပိုင်းဒေသတွေမှာတော့ ပိုပူလာမှာဖြစ်ပါတယ်"ဟု မိုးလေဝသပညာရှင် Matthew Lehanert က ပြောကြားခဲ့သည်။

အပူချိန် သတိပေးချက်တွင် နိုင်ငံအရှေ့တောင်ပိုင်း၊ အနောက်ပိုင်း၊ အရှေ့အလယ်ပိုင်း၊ အနောက်အလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများပါဝင်ပြီး အဆိုပါဒေသများတွင် အဓိကမြို့ကြီးများဖြစ်သော ယော့ရှိုင်းယား၊ ဟန်ဘာနှင့် လန်ဒန်မြို့ကြီးများ ပါဝင်လျက်ရှိရာ မြို့တော်လန်ဒန်သည် အင်္ဂလန်နိုင်ငံ၏ အပူဆုံးဒေသဖြစ်လာနိုင်ဖွယ်ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ နေရာအနှံ့အပြားတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေကျခြင်းကဲ့သို့ အခြေအနေများဖြစ်ပေါ်ပြီး အချို့ဒေသများတွင်လည်း အပူချိန်မြင့်တက်မည့် အခြေအနေများ ဖြစ်ပေါ်လျက်ရှိရာ ရာသီဥတုပြောင်းလဲမှုအခြေအနေများကို ဟန်ချက်ညီသတင်းထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် ရာသီဥတု သတိပေးချက်များကို ဂရုစိုက်နားထောင်၍ လိုက်ပါလုပ်ဆောင်ရန် အရေးကြီးကြောင်း မိုးလေဝသပညာရှင် Matthew Lehanert က ဆက်လက်ပြောကြားခဲ့သည်။

AZH

# ချီလီနိုင်ငံတွင် ဆယ်စုနှစ်အတွင်း အဆိုးရွားဆုံးရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရ

**ဆန်တီယာဂို ဇွန် ၂၄**

ချီလီနိုင်ငံတွင် ပြီးခဲ့သောရက်သတ္တပတ်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် မြစ်ရေလျှံတက်မှုဖြစ်ပွားခဲ့ရာ ဆယ်စုနှစ်အတွင်း အဆိုးရွားဆုံးသောရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရကြောင်း ချီလီအာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Inquirer သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာရင်ဆိုင်နေရသော ဒေသမှာ ဆန်တီယာဂိုမြို့ဖြစ်ပြီး မော်တော်ယာဉ်များပါမြုပ်သည်ထိ ရေလွှမ်းမှုဖြစ်ပေါ်လျက်ရှိကြောင်း၊ ဆန်တီယာဂိုမြို့ရှိ ရေလမ်းခရီးများကိုလည်း ယာယီပိတ်ထားရပြီး မာပိုချိုမြစ်ရေလျှံတက်မှုကြောင့် ရေကြီးရေလျှံမှုအခြေအနေ ပိုမိုဆိုးရွားခဲ့ခြင်းဖြစ်ကြောင်း၊ မာပိုချိုမြစ်အနီးနေထိုင်သောဒေသခံများကိုလည်း ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားပြီး မာပိုချိုမြစ်အနီးတစ်ဝိုက်ရှိ ဆက်သွယ်သွားလာရေးလမ်းများကိုလည်း ယာယီပိတ်ထားကြောင်း ဆန်တီယာဂိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဒီဆယ်စုနှစ်အတွင်းမှာ ဒီလောက်ထိ ဆိုးရွားတဲ့ ရေကြီးရေလျှံမှုမျိုး တစ်ခါမှ မကြုံဖူးသေးပါဘူး။ ဆန်တီယာဂိုတောင်ဘက်ပိုင်းမှာ ရေဘေးအန္တရာယ် အနီရောင်အဆင့်အဖြစ် သတ်မှတ်ထားရတယ်။ မာပိုချိုမြစ်ရေလျှံတက်မှုကြောင့်လဲ ရေကြီးရေလျှံမှုက ပိုဆိုးလာခဲ့တယ်။ မာပိုချိုမြစ်အနီးမှာ နေထိုင်တဲ့ ဒေသခံတွေဟာ မနက် ၃ နာရီ မိနစ် ၃၀ လောက်ကစပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ကြရတယ်။ ကားတွေလဲ ရေမြုပ်နေတဲ့အတွက် ကယ်ဆယ်ရေး ဝန်ထမ်းတွေကပဲ အသက်ကယ်လှေတွေနဲ့ ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရပါတယ်"ဟု ဆန်တီယာဂိုမြို့ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ကလောက်ဒီယိုက ပြောကြားခဲ့သည်။

ဆန်တီယာဂိုမြို့တောင်ဘက်ပိုင်း ဒေသများကိုလဲ ရေဘေးအန္တရာယ် အနီရောင်သတိပေးအဆင့် သတ်မှတ်လိုက်ပြီး ကယ်ဆယ်ရေး ဝန်ထမ်းအမြောက်အမြားကိုလည်း ရေဘေးဒဏ်သင့် ဒေသတစ်လျှောက် စေလွှတ်ပေးထားကြောင်း သိရသည်။

ခိုင်းဆက်

# ကမ္ဘာတစ်ဝန်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ချမ်းသာကြွယ်ဝသောနိုင်ငံများက တာဝန်ယူသင့်ကြောင်း ဘရာဇီးသမ္မတပြောကြား

**ဘရာဇီးလီးယား ဇွန် ၂၄**

ဘရာဇီးသမ္မတ လူလာဒါဆေးဗားသည် ဇွန် ၂၂ ရက်က ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော် အီဖယ်မျှော်စင်အနီးတွင် Power Our Planet အမည်ဖြင့် ပြုလုပ်ခဲ့သည့် ဟောပြောပွဲသို့တက်ရောက်ခဲ့ပြီး ကမ္ဘာတစ်ဝန်း သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်ခဲ့သော ပျက်စီးဆုံးရှုံးမှုများအတွက် ချမ်းသာကြွယ်ဝသောနိုင်ငံများက တာဝန်ယူသင့်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်ဟု France24 သတင်းဌာနက ဇွန် ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဘရာဇီးသမ္မတ လူလာဒါဆေးဗားသည် သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခံခဲ့ရပြီးနောက် ၂၀၂၃ ခုနှစ် အစောပိုင်းမှစ၍ ဘရာဇီးနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသူဖြစ်ပြီး ယခင်အစိုးရလက်ထက် သစ်တောပြုန်းတီးမှုများ ဖြစ်ပေါ်ခဲ့သော အမေဇုန် သစ်တောကြီးပိုင်းမှာလည်း သစ်တောပြုန်းတီးမှုလျော့ကျလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ နှစ်ပေါင်း ၂၀၀ အတွင်းမှာ ကမ္ဘာမြေကြီး လေထုညစ်ညမ်းမှုတွေဖြစ်ပေါ်လာအောင် ဆောင်ရွက်ခဲ့သူတွေဟာ စက်မှုတော်လှန်ရေးကို စတင်ခဲ့တဲ့သူတွေပဲဖြစ်ပါတယ်။ ကမ္ဘာမြေကြီး သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုတွေ ဖြစ်ပေါ်လာခဲ့တဲ့အတွက် စက်မှုတော်လှန်ရေးကို စတင်ခဲ့တဲ့သူတွေမှာ တာဝန်ရှိပါတယ်။ စက်မှုတော်လှန်ရေးကို စတင်ခဲ့တဲ့သူတွေဟာ လက်ရှိချမ်းသာကြွယ်ဝနေတဲ့ နိုင်ငံတွေဖြစ်ပါတယ်။ သူတို့အနေနဲ့ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်စေတဲ့သူတွေ ဖြစ်တဲ့အတွက် သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်ခဲ့တဲ့ ပျက်စီးဆုံးရှုံးမှုတွေကို သူတို့တွေ တာဝန်ယူပေးရမှာဖြစ်သလို သဘာဝဘေးဒဏ်သင့်နေတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် ငွေကြေးပံ့ပိုးတာတွေ ပြုလုပ်သွားဖို့လဲ တာဝန်ရှိပါတယ်"ဟု ဘရာဇီးသမ္မတလူလာဒါဆေးဗားက ပြောကြားခဲ့သည်။

ဆင်းရဲသော နိုင်ငံများသည် သဘာဝဘေးအန္တရာယ်များကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်ခြင်းမရှိဘဲ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်ခဲ့သော ပျက်စီးဆုံးရှုံးမှုများကိုသာ ပြန်လည်ထူထောင်နိုင်ရန် ဆောင်ရွက်နေရကြောင်း သိရသည်။

ခိုင်းဆက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များက (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင်တပ်မတော်သားအားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံစဉ်။

**တိုင်းပြည်အတွက် ခန္ဓာအစိတ်အပိုင်းပေးလှူခဲ့ရသူများက စိတ်ဓာတ်ခိုင်မာပြင်းပြစွာဖြင့် အောင်မြင်မှုရရှိအောင် စွမ်းဆောင်မှုများအတွက် ချီးကျူးဂုဏ်ပြု၊ အနိုင်မခံအရှုံးမပေးစိတ်ဓာတ်အပြည့်ဖြင့် နောက်ဆုံးမိနစ်၊ နောက်ဆုံးစက္ကန့်အထိ ခက်ခဲသည့် အင်အားကြီးပြိုင်ဘက်များကို မလျှော့သော ဇွဲ၊ လုံ့လများဖြင့် တုံ့ပြန်ယှဉ်ပြိုင်ခဲ့ကြသည့် တပ်မတော်သားအားကစားသမားများအပါအဝင် အမျိုးသမီးအားကစားသမားများ၏ ပုံရိပ်များသည် ပြည်သူများ၏ နှလုံးသားကို ဖမ်းစားနိုင်ခဲ့သည်အထိ အောင်မြင်မှုများရရှိခဲ့သည်ကို တွေ့ရှိရ...**

**စာမျက်နှာ ၁၇ မှအဆက်**

ဒုတိယအရာခံဗိုလ် အောင်ကျော်မိုးနှင့် တပ်ကြပ်ကျော်ဇေယျာဝင်းနှင့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ် မီတာ ၈၀၀ (တစ်ဦးချင်း)ပြိုင်ပွဲနှင့် ပြေးခုန်ပစ် မီတာ ၁၅၀၀ (တစ်ဦးချင်း)ပြိုင်ပွဲတို့၌ ရွှေတံဆိပ်ဆု၊ ပြေးခုန်ပစ် မီတာ ၄၀၀ (တစ်ဦးချင်း)ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုနှင့် ပြေးခုန်ပစ် မီတာ ၄၀၀ လက်ဆင့်ကမ်း (အသင်းလိုက်)ပြိုင်ပွဲ၌ ကြေးတံဆိပ်ဆုတို့ကိုရရှိခဲ့သည့် တပ်ကြပ်မောင်လင်းအား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဘောလုံး(အမျိုးသမီး)ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိခဲ့သည့် အရပ်သားအစားခန့်ဝန်ထမ်း မမေဇင်နွယ်နှင့် မအေးအေးမိုးတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်လုံးပစ်(တစ်ဦးချင်း)ပြိုင်ပွဲနှင့် ပြေးခုန်ပစ်သံလုံးပစ်(တစ်ဦးချင်း)ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုနှင့် ပြေးခုန်ပစ်သံပြားပစ်(တစ်ဦးချင်း)ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုတို့ကို ရရှိခဲ့သည့် ဒုတိယအရာခံဗိုလ်တင်ညို၊ ပြေးခုန်ပစ် မီတာ ၁၀၀ (တစ်ဦးချင်း)ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆု၊ ပြေးခုန်ပစ် မီတာ ၂၀၀(တစ်ဦးချင်း)ပြိုင်ပွဲ၌ ငွေတံဆိပ်ဆု၊ ပြေးခုန်ပစ် မီတာ ၁၀၀ (အသင်းလိုက်)ပြိုင်ပွဲ၌ ကြေးတံဆိပ်ဆုနှင့် ပြေးခုန်ပစ် မီတာ ၄၀၀ (တစ်ဦးချင်း)ပြိုင်ပွဲ၌ ကြေးတံဆိပ်ဆုတို့ကို ရရှိခဲ့သည့် တပ်ကြပ်ကြီးစိုးပေ၊ ပြေးခုန်ပစ် သံပြားပစ် (တစ်ဦးချင်း)ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုနှင့် ပြေးခုန်ပစ်သံလုံးပစ်(တစ်ဦးချင်း) ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုတို့ကို ရရှိခဲ့သည့် တပ်ကြပ်အောင်ထွန်းလင်းနှင့် ပြေးခုန်ပစ် သံပြားပစ်(တစ်ဦးချင်း)ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိခဲ့သည့် တပ်ကြပ်ရဲမင်းစိုးတို့အား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။



စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက ဆုရအားကစားသမားတစ်ဦးကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းက ဆုရအားကစားသမားတစ်ဦးကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီးက (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဘောလုံး(အမျိုးသမီး)ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိခဲ့သည့် အရပ်သားအစားခန့်ဝန်ထမ်း မရှုပါခိုင်နှင့် မခင်သန်းဝေတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)က (၃၂)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်း (အသင်းလိုက်)ပြိုင်ပွဲများ၌ ငွေတံဆိပ်ဆုနှင့် ကြေးတံဆိပ်ဆုရရှိခဲ့သည့် ဒုတိယအရာခံဗိုလ် သန့်ဇင်ဦး၊ (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်သံလုံးပစ် (တစ်ဦးချင်း)ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိခဲ့သည့် တပ်ကြပ်ဇော်မင်းလွင်၊ (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ကာယဗလ ၅၅ ကီလိုတန်း(တစ်ဦးချင်း)ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိခဲ့သည့် တပ်ကြပ်ပြည့်ဖြိုး၊ (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲတွင် ရေကူး မီတာ ၁၀၀ အလွတ်ကူး(တစ်ဦးချင်း)ပြိုင်ပွဲနှင့် မီတာ ၄၀၀ အလွတ်ကူး (တစ်ဦးချင်း)ပြိုင်ပွဲ၌ ကြေးတံဆိပ်ဆုနှစ်ဆုရရှိခဲ့သည့် ဒုတိယတပ်ကြပ်စိုးဝင်းတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ စစ်ရေးချုပ်နှင့် စစ်ထောက်ချုပ်တို့က (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင်တပ်မတော်သား အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများအား တပ်မတော် ကာကွယ်ရေး



တပ်ကြပ်ကြီးစိုးပေက ကျေးဇူးတင်စကားပြောကြားစဉ်။

ဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

**ကျေးဇူးတင်စကားပြန်လည်ပြောကြား**

ထို့နောက် (၃၂)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင်တပ်မတော်သား အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများ ကိုယ်စား တပ်ကြပ်ကြီးစိုးပေက ကျေးဇူးတင်စကားပြောကြားရာတွင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ကိုယ်စား ပြုယှဉ်ပြိုင်ခဲ့သည့် အတွေ့အကြုံများနှင့် ဆုတံဆိပ်များဆွတ်ခူးရရှိခဲ့သည့် အခြေအနေများကို ဦးစွာရှင်းလင်းတင်ပြပြီး **နိုင်ငံတကာပြိုင်ပွဲများတွင် တပ်မတော်သားအားကစားသမားများအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်ပြီး အောင်ပွဲများဆွတ်ခူးနိုင်ခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိ**ပါကြောင်း၊ ထိုကဲ့သို့ အောင်ပွဲများဆွတ်ခူးရရှိခဲ့ခြင်းမှာလည်း နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှ အားပေးမှု၊ ပံ့ပိုးကူညီမှုများကြောင့်ပင်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲယှဉ်ပြိုင်နေစဉ်ကာလအတွင်း ဆုတံဆိပ်ရရှိခဲ့သည့် အားကစားသမားများကို ထိုက်ထိုက်တန်တန်ချီးမြှင့်ပေးခဲ့သည့်အပြင် ဆုတံဆိပ်အမျိုးအစားအလိုက် ယခင်နှင့်မတူ ထပ်မံချီးမြှင့်ပေးမှုများကို ပြုလုပ်ပေးခဲ့သည့်အတွက် ယခုကဲ့သို့ အောင်မြင်မှုများရရှိခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ **မိမိတို့တပ်မတော်သား အားကစားသမားများနှင့် ဆုတံဆိပ်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြများအား တစ်ဆင့်မြင့်ရာထူးတိုးပေးခြင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ပေးသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိ**ပါကြောင်း၊ **နောင်တွင်ကျင်းပပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများတွင်လည်း နိုင်ငံတော်နှင့်တပ်မတော်အား ကိုယ်စားပြု၍ ယခုထက်အောင်မြင်မှုများ ပိုမိုရရှိအောင် ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ပြီး နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကို အစွမ်းကုန် မြှင့်တင်သွားမည်ဖြစ်**ကြောင်းကို ကတိပြုပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

**ဂုဏ်ပြုဖျော်ဖြေ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သားအားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သားအားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကူညီဆောင်ရွက်လျက်ရှိ





ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကူညီဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇွန် ၂၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများစုပေါင်း၍ အစိုးရရပ်ကွက်ရှိ မင်းပြင်ဝန်ထမ်းအိမ်ရာနှင့် ခရိုင်ဆေးရုံ ဝန်ထမ်းနေအိမ်လိုင်းခန်းခြံဝင်းတို့အား သန့်ရှင်းရေးဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ငါးကျဉ်တောက်- ဘူးသီးတောင်သွားလမ်းမကြီးဝဲယာ အနောက်ရပ်ကွက် မြို့ဝင်ပန်းခြံနှင့် မေယုလမ်း ဝဲယာတို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကိုသွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် တောင်ရပ်ကွက်ရှိ ဝေနေယျသုခ ပရဟိတဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်ကို ဖူးမြော်ကြည်ညိုပြီး ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် Gas မီးဖိုများ လှူဒါန်းပြီး အဆိုပါကျောင်း၌ ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများကို ကြည့်ရှုအားပေးစကားပြောကြားသည်။

ထို့အတူ ရခိုင်ပြည်နယ် မြောက်ဦးမြို့သို့ ရောက်ရှိနေသော ဗိုလ်ချုပ်သောင်းထိုက်ရွှေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရေတခါးပေါ်တော်မူ မဟာကျန်ဘုရားကြီး ကျောက်ရာဇ်ကျောင်းတိုက်၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ သံတွဲမြို့သို့ ရောက်ရှိနေသော ဗိုလ်ချုပ်စိုးနိုင်ဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဌာနဆိုင်ရာဝန်ထမ်းများက မြို့နယ်များသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် သံတွဲ သီတဂူမျက်စိဆေးရုံခြံဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီးလိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ရခိုင်ပြည်နယ် ကျောက်တော်မြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်သူဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ နှစ်ရှည်လေကာပင်များ စိုက်ပျိုးပေးပြီး ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

အလားတူ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်ဝင်းမောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အောင်မင်္ဂလာကန်ဘေး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ရခိုင်ပြည်နယ် မောင်တောမြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်တင်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ခုနှစ် မျိုးစေ့ထုတ်လုပ်မည့် တောင်သူများထံသို့ မျိုးကောင်းမျိုးသန့်စေ့နှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ပြီး ကိုင်းကြီးကျေးရွာရှိတောင်သူ ၁၈ ဦး၏ လယ်မြေ ဧက ၆၀ ကို စက်မှုလယ်ယာဦးစီးဌာနက လယ်မြေများအားထွန်စက် လေးစီးဖြင့် ထွန်ယက်ပေးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# သန့်ရှင်းသာယာသော မြို့ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

**နေပြည်တော် ဇွန် ၂၄**

မိမိတို့၏ နေ့စဉ်လူမှုဘဝ နေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသော လူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရှိရန် အလွန်လိုအပ်အရေးကြီးလှသည်။ မိမိတို့ တစ်ဦးချင်း နေထိုင်ကြသည့် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်နေမှသာလျှင် သန့်ရှင်းသာယာလှပသော မြို့ရွာ Clean City၊ Clean Village များ ဖြစ်လာမည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မျှတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာသန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများကိုလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရောဆောင်ရွက်လျက်ရှိသည့်အပြင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌လည်းကောင်း၊ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်နှင့် ရမ်းဗြဲမြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ မိုင်ဒါကွင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိလူငယ်လူရွယ်များစုစည်း၍ "မြို့ရွာသန့်ရှင်းရောဂါကင်း စုပေါင်းအမှိုက်ရှင်း" စာသားတံဆိပ်ပါ တူညီဝတ်စုံများဝတ်ဆင်ပြီး မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည် မြို့နယ် ကျွန်းလုံးဥဩဆောင်ရပ်ကွက် ၂၄ လမ်းနှင့် ၈၀-၈၁ လမ်းကြား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာလျှင် ငွေကျပ် ၁၀၀ ဖြင့် ဝယ်ယူ၍ စနစ်တကျ အမှိုက်စွန့်ပစ်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိ



သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇွန် ၂၄**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောက်တော်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ အရိပ်ရနှစ်ရှည်ပင်များ စိုက်ပျိုးပေးသည်။

အလားတူ ပုဏ္ဏားကျွန်းမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဌာနဆိုင်ရာများနှင့်အတူ ပုဏ္ဏားကျွန်းမြို့ရှိ အောင်မင်္ဂလာကန်ဘေး၌ အမှိုက်များရှင်းလင်းခြင်းနှင့် လဲကျနေသော သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ စစ်တွေမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ရေချမ်းပြင်ကျေးရွာရှိ လမ်းဘေးဝဲယာ၌ အမှိုက်များရှင်းလင်းခြင်းနှင့် လဲကျနေသော သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးပြီး နယ်လှည့်ဆေးကုသရေး အဖွဲ့များနှင့် ပူးပေါင်း၍ ပြင်ရှည်ကျေးရွာ၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

အလားတူ မြောက်ဦးမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ အမှိုက်များရှင်းလင်းခြင်းနှင့် လဲကျနေသော သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း စသည့် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးပြီး နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ရေတခါးပေါ်တော်မူမဟာကျန်ဘုရားကြီးကျောက်ရာဇ်ကေကျောင်းတိုက်၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

ထို့အတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်း၍ မြို့တွင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အစိုးရရပ်ကွက်၌ အမှိုက်များရှင်းလင်းခြင်းနှင့် သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးပြီး အစိုးရအဖွဲ့ရိပ်သာကြီးဘေး၌ အုန်းပင်များ စိုက်ပျိုးပေးသည်။

ထို့အတူ ရသေ့တောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ ကိုးတန်ကောက်ကျေးရွာ၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇွန် ၂၄**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့်ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့်တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ရသေ့တောင်မြို့ မေယုခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါးကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

## ဘင်္ဂလားပင်လယ်အော်တွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇွန် ၂၄**

ယနေ့ ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း-အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေတို့တွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း(Low Pressure Area) ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက် များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။


ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၈)ရပ်ကွက်နေ ခင်မေသက်သည် ၎င်းအသုံးပြုသည့် “Khin May That” Tik Tok အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

0 w Mv bd @

# ဆိုက်ကားသမား

ခင်ဇော်(သီတာကုန်းဖြင်)




(၁)

နံနက် ၃ နာရီကတည်းက ရွာသည့်မိုးကား ယခု မိုးလင်းချိန်ထိမစဲသေး၊ ကောင်းကင်တစ်ခုလုံး အုံ့ဆိုင်းမည်းမှောင်၍နေ၏။ သဲသဲမဲမဲရွာသည့် မိုးစက်မိုးပေါက်များအောက်တွင် လူငယ်သုံးဦး မိုးကာအကျႌကိုယ်စီဖြင့် ကွင်းပြားရွာ ဆိုက်ကားဂိတ်သို့ ရောက်ရှိလာသည်။

"တောက် အခုချိန်ထိဆိုက်ကားသမားတွေ ဂိတ်ကို မရောက်သေးဘူးကွာ။ အမြန်ရထားမီပါ့အုံးမလား မသိတော့ဘူး"

"အေးကွာ အိမ်ကနေ ဘူတာကိုသွားရတဲ့ကိစ္စကလဲ ဒုက္ခတစ်မျိုးပဲ။ ခြေကျင်လျှောက်ရင် အချိန်မမီမှာစိုးလို့ ဆိုက်ကားဂိတ်ကိုလာပါတယ်။ အခုချိန်ထိ သူတောင်းစားတွေ တစ်ယောက်မှမရှိသေးဘူး။ ထမင်းဝကြအုံးမယ် အားကြီးကြီး"

ဖြိုးသူရ၊ အောင်မင်းနိုင်၊ စိုးပိုင်တို့သုံးဦးက ဟသ်ာတတက္ကသိုလ်တွင် တက်ရောက်ကြသော ပထမနှစ်ကျောင်းသားများဖြစ်ကြသည်။ သူတို့မိဘများကလည်း ကွင်းပြားရွာတွင် စီးပွားရေးချောင်လည်ကြသူများလည်းဖြစ်၏။ တစ်ရွာလုံးတွင် တက္ကသိုလ်တက်နိုင်သည့် ကျောင်းသားဆို၍ သူတို့သုံးဦးပဲရှိသည်ဟုဆိုကာ သူတို့ကိုသူတို့ ဂုဏ်ယူနေကြသည့်အတွက် အခြားသက်တူရွယ်တူရွာသားများကို အဖက်လုပ်၍ စကားမပြောကြပေ။ ကွင်းပြားရွာမှ ရထားဘူတာရှိသည့် ဒိုက်ဖျက်သို့ရောက်ရန် တစ်မိုင်ခွဲခန့်ရှိသည်။ ထိုမှ တစ်ဆင့် ရထားစီး၍ ဟသ်ာတသို့သွားရောက်ပြီး ကျောင်းတက်ရသည်။ ယခုလည်း တနင်္လာနေ့ကျောင်းပြန်ဖွင့်သောနေ့ဖြစ်သည့်အတွက် မိုးရေများကြားတွင် ရထားအမီဘူတာသို့သွားနိုင်ရန်အတွက် ရွာဆိုက်ကားဂိတ်သို့ သူတို့သုံးဦးရောက်ရှိလာခြင်းဖြစ်၏။

ဆိုက်ကားဂိတ်ဟုဆိုသော်လည်း ကွင်းပြားရွာက တစ်စီး၊ ဒိုက်ဖျက်ရွာကနှစ်စီးဖြင့် သုံးစီးမျှသာရှိသည်။ ထိုအချိန် မိုးရေထဲတွင် ပလတ်စတစ်အဖြူစကို မိုးကာအဖြစ် ကိုယ်တွင်ခြုံကာ ခမောက်ကို ခပ်စိုက်စိုက်ဆောင်း၍ နင်းလာနေသော ဆိုက်ကားသမားတစ်ဦး ရောက်လာသည်။

"မင်းတို့ကွာ ကိုယ့်အလုပ်ကိုယ်လေးစားမှပေါ့ကွ။ ဘူတာကိုသွားမလို့ နောက်ကျနေပြီ"

စိုးပိုင်က ဆိုက်ကားသမားကို တွေ့တွေ့ချင်း ပြစ်တင်ပြောဆိုလိုက်သည်။

"မနက်က ဆိုက်ကားထွက်ခါနီး ရှေ့ဘီးလေမရှိလို့ စစ်ကြည့်လိုက်တော့ ဘီးပေါက်နေလို့ဆရာရေ။ အဲဒါဖာနေရတာနဲ့ ၁၀ မိနစ်လောက် နောက်ကျသွားတာပါ။ တောင်းပန်ပါတယ်ဗျာ"

"မင်းတို့တောင်းပန်လဲ ကုန်သွားတဲ့အချိန်က ပြန်မရတော့ဘူး။ လာသွားမယ်။ ဘူတာကိုအမြန်ရောက်အောင်သာ နင်းပေတော့"

သူတို့သုံးဦး ဆိုက်ကားပေါ်သို့ လွှားခနဲခုန်တက်လိုက်ကြသည့်အတွက် ဆိုက်ကားကလေးမှာ သိမ့်ခနဲတုန်ခါသွားသည်။

"ဪ ဆရာတို့ရယ် ဖြည်းဖြည်းတက်လဲရသားနဲ့။ ကျွန်တော်တို့မှာ ချမ်းသာတာဆိုလို့ အဖေ့ဒီဆိုက်ကားလေးပဲရှိတာ"

ဆိုက်ကားသမားလူငယ်က တောင်းပန်တိုးလျှိုးသော လေသံအေးအေးဖြင့် စိုးပိုင်ကိုပြောလိုက်၏။ ထိုအချိန်တွင် အောင်မင်းနိုင်က လူငယ်ကိုကြည့်၍ နှာခေါင်းတစ်ချက်ရှုံ့ကာ-

"ဟေ့ကောင် ဆိုက်ကားသမား သိပ်ပြီးမကြီးကျယ်နဲ့ကွ။ မင်းဆိုက်ကားပျက်သွားရင် တို့အဆင့်က ၁၀ စီးပြန်လျော်နိုင်တယ်ကွ။ ငါတို့အကြောင်းလဲစုံစမ်းလိုက်အုံး"

ဆိုက်ကားသမားလူငယ်ကို တစ်ယောက်ပြီး တစ်ယောက် ပြစ်တင်ပြောဆိုကြသော်လည်း လူငယ်က တစ်စုံတစ်ရာပြန်မပြောဘဲ ဘူတာဆီသို့သာ မြန်ဆန်သွက်လက်စွာနင်း၍ ထွက်ခွာလာခဲ့သည်။

"ဒါနဲ့ မင်းကို ဆိုက်ကားဂိတ်မှာ တစ်ခါမှမတွေ့ဘူးလို့ မင်းကဘယ်ကလဲ"

ဖြိုးသူရက လမ်းခုလတ်တွင် ဆိုက်ကားသမားလူငယ်ကို အကဲခတ်မိ၍ မေးလိုက်သည့် အမေးစကားဖြစ်သည်။ လူငယ်က အေးဆေးတည်ငြိမ်စွာ-

"ကျွန်တော်က ဒိုက်ဖျက်က ဆိုက်ကားဆရာဦးမြကြီးသားလေ။ ကျွန်တော် ရွာပြန်ရောက်တုန်းလေး အဖေ့ကို ခဏအနားပေးပြီး ဆိုက်ကားနင်းနေတာ"

လူငယ်၏အဖြေစကားကြောင့် စိုးပိုင်ကဝင်ပြီး မေးလိုက်ပြန်၏။

"ဒါဆိုမင်းက ဘယ်သွားနေတာလဲ"

"မြို့မှာအလုပ်လုပ်ရင်း ကျောင်းတက်နေတာပါ"

ဟား ဟား လူငယ်၏စကားကြောင့် သူတို့သုံးဦးသဘောကျစွာ ဟက်ဟက်ပက်ပက်ရယ်မောလိုက်ကြ၏။

"ဟေ. . . ဆိုက်ကားသမားသားက မြို့မှာနေသတဲ့လား။ ဟား ဟား ကိုယ့်အဆင့်ကိုယ်သိပေါ့ကွာ။ မင်းလိုဆိုက်ကားသမားသားက မြို့မှာနေရင် စားပွဲထိုးအလုပ်ပဲရမှာ။ တောမှာနေပြီး မိဘဆိုက်ကားနင်းတာမှ မြိုးမြိုးမြက်မြက်ကလေး ထမင်းစားရအုံးမယ်။ ဟား ဟား"

ပေါ်. . . ပေါ်. . . ပေါ် ထိုအချိန်ဘူတာသို့ရထားဝင်လာပြီဖြစ်ကြောင်း ဥဩဆွဲလာသည့်အသံကြောင့် စိုးပိုင်တို့သုံးဦး ဆိုက်ကားခ အမြန်ရှင်းကာ ဘူတာထဲသို့ ပြေးဝင်သွားကြသည်။ မိုးကတော့ စဲသွားလေပြီ။

"ဟေ့ ဆိုက်ကားအားလား၊ ဈေးထဲကို ဒီပန်းထုပ်တွေသယ်ချင်လို့"

"ရတယ်အစ်မကြီး လာပြီခင်ဗျ "

ဆိုက်ကားကလေးသည် ပန်းစည်းထုပ်များကို နိုင်နင်းစွာတင်ဆောင်ပြီး ဘူတာရုံအတွင်းမှဈေးရှိရာသို့ တရွေ့ရွေ့ထွက်ခွာသွားလေသည်။

(၂)

ယနေ့သောကြာနေ့ညနေဖြစ်သောကြောင့် မနက်ဖြန် ကျောင်းပိတ်သည့်အတွက် စိုးပိုင်တို့သူငယ်ချင်းသုံးဦး ရွာကိုညနေရထားကြုံသဖြင့် ပြန်လာခဲ့ကြသည်။ ရထားပေါ်မှာတင် နေလုံးကွယ်ခဲ့ပြီဖြစ်သဖြင့် ဒိုက်ဖျက်ဘူတာသို့ ရထားဆိုက်ပြီးချိန်တွင် ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုကဝါးမျိုသွားခဲ့လေပြီ။ ရွာပြန်ရန်အတွက် ဘူတာဆိုက်ကားဂိတ်ကို ကြည့်လိုက်ရာ ဘက်ထရီမီး မှိတ်တုတ်မှိတ်တုတ်အောက်ဝယ် ပထမ သူတို့နှင့်ဆုံဖူးသည့် ဆိုက်ကားသမားလူငယ်ကို တွေ့ရ၏။ မိုးချုပ်ပြီဖြစ်သဖြင့် အိမ်အပြန်လမ်းအတွက် တွေးပြီး စိုးရိမ်ခဲ့မိသမျှ လူငယ်ကိုတွေ့ရချိန်တွင် သူတို့ စိတ်အေးသွားရသည်။

ဤသို့ဖြင့် ဆိုက်ကားစီးလာကြရင်း တစ်နေရာ အရောက်တွင်-

"ဟိတ်ကောင် မင်းဆိုက်ကား ခဏရပ်ပါအုံး။ တို့တွေအပေ့ါသွားချင်တာ မနေနိုင်တော့ဘူး"

ကွင်းပြားရွာသို့အပြန် လမ်းခုလတ်တွင် စိုးပိုင်တို့သုံးဦး ဆိုက်ကားပေါ်မှဆင်းပြီးအပေါ့သွားကြ၏။

"အား. . . ကိုက်ပြီ အား. . . "

"မြွေဟေ့ မြွေ ဝိုင်းသတ်ကြစမ်း"

မြက်ခင်းစပ်တစ်နေရာတွင် အပေါ့သွားနေရင်း စိုးပိုင်၏ ရုတ်တရက်အော်သံကြောင့် အောင်မင်းနိုင်တွင် အသင့်ပါလာသော လက်နှိပ်မီး၏အလင်းရောင်ဖြင့် မြွေကိုဝိုင်းပြီး ခဲလုံးများဖြင့် ထုသတ်ကြရာ လက်ကောက်ဝတ်ခန့်ရှိသောမြွေမှာ ထိုနေရာတွင်ပင် သေလေပြီ။ စိုးပိုင်သည် ဝဲဘက်ခြေမျက်စိအထက်ကို ဆုပ်ကိုင်ရင်း တာလမ်းဘေးတွင် ထိုင်ပြီးရှုံ့မဲ့နေ၏။ အောင်မင်းနိုင်နှင့် ဖြိုးသူရမှာ ဘာလုပ်ရမှန်းမသိ ကြောင်ကြည့်နေကြသည်။

"အဆိပ်ရှိတဲ့မြွေကိုက်ရင် အသက်အန္တရာယ်ရှိတယ်လေ။ ဆေးခန်းကိုအမြန်ပို့ရမယ်။ အချိန်မီရောက်ရင် စိုးရိမ်စရာမလိုပါဘူး။ အခုခေတ်ဆေးဝါးတွေက အတော်ကောင်းတယ်။ နေအုံး။ မြွေဆိပ်မပြန့်အောင် အရင်တားမှရမယ်"

စိုးပိုင်၏ခြေဖမိုးမှ မြွေစွယ်ရာဝန်းကျင်ကို လူငယ်က ဆိုက်ကားခုံအတွင်းမှ ရေဘူးဖြင့် စင်ကြယ်အောင်ဆေး၍ သူ့ပါးစပ်နှင့်ငုံ၍စုပ်သည်။ ပါးစပ်မှသွေးနှင့် သွားရည်များကို ထွေးထုတ်လိုက်၊ ပြန်စုပ်လိုက်နှင့် အကြိမ်ကြိမ်လုပ်နေ၏။ ထို့နောက် သူ၏အကျႌစကိုဖြဲ၍ စိုးပိုင်၏ခြေချင်းဝတ်နားတွင် ပတ်တီးစည်းလိုက်၏။ ဘူးထဲမှကျန်သော ရေအနည်းငယ်ဖြင့် သူ့ပါးစပ်ကို ဆေးလိုက်သည်။

"ဟေ့လူတို့ ဘာလုပ်နေတာလဲ။ လာ ဆိုက်ကားပေါ်ကို တွဲတင်ပေးကြပါအုံး"

လူငယ်လုပ်နေသောအပြုအမူများကို ပါးစပ်အဟောင်းသားဖြင့် ကြောင်ကြည့်နေကြသော အောင်မင်းနိုင်နှင့် ဖြိုးသူရတို့ကိုခေါ်ပြီး စိုးပိုင်၏ချိုင်းကမထူ၍ ဆိုက်ကားပေါ်တင်လိုက်ကြ၏။

"ခဏနေအုံး။ ကျွန်တော် မြွေကို သွားကြည့်လိုက်အုံးမယ်"

"ဟာဗျာ ဆေးခန်းကိုသာ အမြန်သွားစမ်းပါ။ မင်းမြွေသားစားဖို့ယူချင်ရင် ပြီးမှပြန်လာယူ"

"စားချင်လို့မဟုတ်ပါဘူးဗျာ။ မြွေအမျိုးအစား သိချင်လို့ပါ"

"သိတော့ မင်းက ဘာလုပ်လို့ရမှာလဲ အလကားကောင်။ အချိန်တွေကြာလို့"

အောင်မင်းနိုင်က မြွေသေနေရာကို သွားကြည့်သောလူငယ်ကို စိတ်တိုတိုဖြင့် အော်ငေါက်လိုက်သည်။ ည ၉ နာရီခန့်တွင် သူတို့၏ဆိုက်ကားကလေး ကျေးလက်ဆေးပေးခန်းသို့ ရောက်ရှိလာသည်။ သူတို့ရောက်သည့်အချိန်တွင် စိုးပိုင်သည် မြွေဆိပ်ကြောင့် သတိလစ်မေ့မြောနေ၏။ အောင်မင်းနိုင်က ကျန်းမာရေးမှူးကိုသွား၍ အမြန်အကြောင်းကြားသည်။ ဖြိုးသူရနှင့် လူငယ်က စိုးပိုင်ကိုတွဲ၍ ခုတင်ပေါ်တင်လိုက်၏။

"လူနာကိုကိုက်တဲ့ မြွေအမျိုးအစား သိခဲ့ရဲ့လား"

စိုးပိုင်၏ကိုယ်ခန္ဓာကိုစမ်းသပ်ရင်း မေးလိုက်သည့် ကျန်းမာရေးမှူး၏ အမေးစကားကြောင့် အောင်မင်းနိုင်နှင့် ဖြိုးသူရမှာ ရုတ်တရက်အဖြေပြန်မပေးနိုင်ကြပါ။ ထိုအချိန် လူငယ်က ကျန်းမာရေးမှူး၏မျက်နှာကို တည်ငြိမ်စွာကြည့်၍ မည်သို့မျှ မမျှော်လင့်ခဲ့သော အင်္ဂလိပ်ဘာသာစကားဖြင့် ပြောလိုက်သည်။ လူငယ်၏စကားကြောင့် ကျန်းမာရေးမှူးဖြစ်သူသည် အံ့ဩသလိုဖြစ်ပြီး လူငယ်ဘက်ကို ကြည့်လိုက်သည်။ လူငယ်သည် အရောင်ပျက်နေသောအကျႌအစုတ်အပြဲကို ဝတ်ဆင်ထားပြီး ခမောက်ကိုဆောင်းထားသည်။ သူ့ပုဆိုးမှာ ချုပ်ရာအပြည့်ဖြင့် အနားစများဖွာလျက်ရှိနေသည်။ လူငယ်၏အသွင်အပြင်မှာ သာမန်ဆိုက်ကားသမားလေးအဖြစ် ပေါ်လွင်လှသည်။ သူ့အသားအရေမှာ ညိုသည်။ နေလောင်ထားသည့်အတွက် ပို၍မည်းနေ၏။ သို့သော် နုပျိုတက်ကြွသော မျက်နှာအသွင်အပြင်မှာ ကြည်လင်ချိုမြနေသည်။ လူငယ်ပြောပြနေသည်မှာ ဆေးပညာအရ အဆိပ်ပြင်းသော မြွေအမျိုးအစားနှင့် ဆေးကုသမှုဝေါဟာရများဖြစ်သည်။ ထိုအချိန် လူငယ်က ထပ်မံ၍ ကျန်းမာရေးမှူးအား စကားတချို့ပြောလိုက်ပြန်သည်။ ထိုအချိန်တွင် ကျန်းမာရေးမှူး၏မျက်နှာသည် ဝင်းလက်သွားပြီး လူငယ်အပေါ် လေးစားဟန်နှင့် ခေါင်းညိတ်လျက် ကျေးဇူးတင်စကားပြောကာ ဆေးကုသမှုကို စတင်တော့သည်။ မိနစ် ၂၀ ခန့်အကြာတွင် အခန်းအတွင်းမှ လူငယ်ထွက်လာပြီး ဖြိုးသူရကို ပခုံးကိုင်ကာ-

"ခင်ဗျားတို့သူငယ်ချင်းအတွက် စိတ်အေးအေးထားကြပါတော့ဗျာ။

စာမျက်နှာ ၂၅ သို့ ➤

# သံတောင်ကြီးမြို့နယ် မစ(အထက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သံတောင်ကြီး ဇွန် ၂၄**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သံတောင်ကြီးမြို့နယ် မစ(အထက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုကို ဇွန် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာကြည်၊ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မာကြည်၊ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မစ(အထက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ကြရာတွင် လစဉ်ပုံမှန် ဖြည့်သွင်းရမည့် စာရင်းဇယားများ ဆောင်ရွက်ထားမှုရှိ/မရှိနှင့် လုပ်ငန်းအမျိုးအစားအလိုက် ရန်ပုံငွေထုတ်ချေးထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မစ(အထက်)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၂၂ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၃ ငွေကျပ် ၃၅ သန်း ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၇ ဦးကို ထုတ်ချေးပေးထားကြောင်း သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ငယ်လေး**



➤ စာမျက်နှာ ၂၄ မှအဆက်

ကျွန်တော်တို့ ဆေးခန်းကိုအချိန်မီရောက်ပြီး ကုသမှုခံယူနိုင်ခဲ့ကြတာပဲ။ ဘာမှစိုးရိမ်ကြောင့်ကြစရာမလိုတော့ပါဘူး။ အခုခေတ် အဆိပ်ဖြေဆေးတွေက သိပ်ကောင်းတယ်။ လူနာကိုအားပေးရင်း စောင့်ပေးကြပါအုံး။ ခဏနေရင် ပြန်သတိရလာမှာပါ။ ကျွန်တော် ခင်ဗျားတို့မိဘတွေဆီသွားပြီး အသိပေးပြီးမှ ကျွန်တော့်အိမ်ပြန်မှာပါ။ ကဲ ကျွန်တော့်ကိုသွားခွင့်ပြုပါအုံး"

ပြောပြောဆိုဆို လူငယ်က ဖြိုးသူရတို့နှစ်ဦးရှေ့မှ သွက်လက်စွာထွက်သွားသည်။

"ဟေ့ ဟေ့လူ ခဏနေပါအုံး"

အောင်မင်းနိုင်က သတိရကာ လှမ်းခေါ်ရင်း အိတ်ထဲကပိုက်ဆံကိုထုတ်လိုက်သည်။

"နေပါစေဗျာ ကျွန်တော်ခင်ဗျားတို့ကို ကူညီခဲ့တာပါ"

လူငယ်က အောင်မင်းနိုင်တို့ကို လက်ခါပြ၍ ဆိုက်ကားပေါ်သို့ လျင်မြန်စွာတက်ကာ ဆေးခန်းအတွင်းမှ ပျောက်ကွယ်သွားသည်။

(၃)

နံနက်ခင်း၏ လေပြည်လေညင်းများသည် ညင်သာစွာတိုက်ခတ်လျက်ရှိနေသည်။ ရွာလမ်းမတစ်လျှောက်တွင် ထမင်းချိုင့်ကိုယ်စီဖြင့် လယ်ထဲသို့ ကောက်စိုက်သွားရန် သွားလာနေကြသော ကောက်စိုက်အမျိုးသမီးများမှာ ဟိုတစ်စု၊ သည်တစ်စုနှင့်ရှိကြ၏။ ထိုအချိန် ဆေးခန်းရှိရာသို့ ဆိုက်ကားတစ်စီးဖြင့် လူငယ်တစ်ဦး ဝင်ရောက်လာသည်။ ဆေးခန်းဝင်းက ကျယ်ဝန်းသောကြောင့် သူဝင်လာသည်ကို ဆေးခန်းအတွင်းကလူများ အဝေးကပင်မြင်နေရ၏။ သူသည် ခမောက်ကိုဆောင်းမြဲဆောင်းထားသည်။ အရောင်အဆင်းမဲ့၍ ချုပ်ရာဖရုပွရှိနေသောစစ်အင်္ကျီအဟောင်းပွပွကြီးကိုဝတ်ထားသည်။ သူ့ပုဆိုးက အောက်နားစပတ်လည်မရှိသဖြင့် မညီညာသော ချည်မျှင်စလေးများ ဖွာလန်ကြနေ၏။ သူ့ကို စိတ်ဝင်တစားငေးမောကြည့်နေကြသော လူတစ်စုကိုကျော်၍ လူနာခုတင်ပေါ်တွင်ထိုင်နေသော စိုးပိုင်ဆီကို တန်းတန်းမတ်မတ်လျှောက်လှမ်းသွား၏။ ကျန်းမာရေးမှူးနှင့် သူနာပြုဆရာမလေးက လေးစားသမှုနှင့် ခေါင်းညိတ်နှုတ်ဆက်ကြသည်။

"ဆရာ လူနာအခြေအနေကောင်းပါတယ်နော်"

"သိပ်ကောင်းပါတယ် ဒေါက်တာ အဲ"

"ဟာ ဆရာကလဲ ကျွန်တော့်ကို အဲဒီလိုမခေါ်ပါနဲ့ဗျာ"

လူငယ်က ရယ်ရယ်မောမော တောင်းပန်စကားဆိုသည်။ ကျန်းမာရေးမှူးက သဘောကျစွာရယ်၏။ သူနာပြုဆရာမလေးက လူငယ်ထိုင်ရန်အတွက် ထိုင်ခုံတစ်လုံးစီစဉ်ပေးသည်။ သူက ခေါင်းယမ်းပြလျက် မတ်တတ်ပင် ရပ်နေ၏။

"ကဲ ကိုစိုးပိုင် ကျွန်တော်မပြောဘူးလားဗျာ။ အခုခေတ်ဆေးတွေကအတော်ကောင်းတာမို့ ကြောက်စရာမဟုတ်ဘူး။ ဆေးရုံ၊ ဆေးခန်းကိုအချိန်မီရောက်ဖို့ပဲလိုတယ်လို့။ အခုတော့ လုံးဝစိတ်ချရပါပြီ"

ရှက်ခြင်း၊ အားနာခြင်း၊ လေးစားခြင်းများစွာ ပြည့်နေသောမျက်လုံးများနှင့် စိုးပိုင်က ခေါင်းကိုအကြိမ်ကြိမ်ညိတ်ပြသည်။ ခုတင်နံဘေးတွင်ထိုင်နေကြသော ဖြိုးသူရနှင့် အောင်မင်းနိုင်တို့က ဆိုက်ကားသမားလူငယ်၏ မျက်နှာကိုမကြည့်ရဲသဖြင့် ဦးခေါင်းများကို ငုံ့ထားကြသည်။ သူတို့၏ လည်ချောင်းဝတွင် ဝမ်းနည်းခြင်း၊ နောင်တရခြင်း၊ အရှက်တရားများနှင့် ဆို့နစ်နေသည်။

"ကျွန်တော်တို့ ဆရာ့အပေါ် ပြစ်မှားစော်ကားခဲ့တဲ့အပြစ်တွေကို ခွင့်လွှတ်ပါခင်ဗျာ"

စိုးပိုင်က တုန်ယင်စွာတစ်လုံးချင်းပြော၍ ခုတင်ပေါ်မှ လက်အုပ်ချီ၍ ကန်တော့နေ၏။ စိုးပိုင်၏အပြုအမူကြောင့် လူငယ်၏ခန္ဓာကိုယ်မှာတုန်သွားသည်။ ထို့နောက် စိုးပိုင်၏ပခုံးလေးကိုကိုင်၍ ကြင်နာရိပ်လွှမ်းနေသောစကားလုံးများ သူ့နှုတ်ဖျားက ထွက်ပေါ်လာသည်။

"ဟာ. . . ကိုစိုးပိုင်ကလဲ ခင်ဗျားတို့ရဲ့ ပြောစကားတွေကို ကျွန်တော်အပြစ်မတင်ပါဘူးဗျာ။ ခင်ဗျားတို့မှာ အပြစ်မရှိပါဘူး။ ရှိခဲ့ရင်လဲ ကျွန်တော်က ခွင့်လွှတ်ပြီးသားပါ"

ထိုအချိန် စိုးပိုင်၏အဖေက လူငယ်ကိုလေးစားသောအကြည့်ဖြင့် ကြည့်ရင်းပြောသည်။

"ကျွန်တော်က မောင်စိုးပိုင်ရဲ့အဖေ ဦးထွန်းနိုင်ပါ။

"ငါ့တူဟာ ဒိုက်ပျက်ရွာက ဆိုက်ကားဆရာကိုမြကြီးရဲ့သားဆိုတာရယ်၊ ပညာရေးမှာ လူရည်ချွန်နှစ်ထပ်ကွမ်းဆိုတာရယ်၊ အခုဆိုရင် အစိုးရထောက်ပံ့စရိတ်နဲ့ ဆေးတက္ကသိုလ်နောက်ဆုံးနှစ်ကျောင်းသားဖြစ်တာရယ်၊ အခုကျောင်းနားတုန်း အဖေ့ဆိုက်ကားအလုပ်ကို ကူပြီးလုပ်ပေးတာရယ်၊ ဦးသားကို ကိုက်တဲ့မြွေဟာ အဆိပ်ပြင်းတဲ့မြွေပွေးဆိုတာရယ်၊ ငါ့တူက အဆိပ်မပြန့်အောင် ဆေးပညာတားနည်းတွေနဲ့တားပြီး ဆေးခန်းကို အချိန်မီပို့ခဲ့တာရယ်၊ ငါ့တူပြောပြတဲ့ဆေးပညာရပ်တွေနဲ့ ကျန်းမာရေးမှူးက ကုသခဲ့လို့ ဦးသားအသက်ရှင်ခဲ့ရတယ်ဆိုတဲ့အကြောင်းစုံကို ဒီကကျန်းမာရေးမှူးကြီး ပြောပြထားလို့ ဦးတို့သိပြီးပါပြီ။ ဦးတို့သားမှာ ဦးတို့က မွေးရုံတင်မွေးခဲ့တာပါ။ ဦးသားရဲ့အသက်က ငါ့တူပေးတဲ့အသက်ပဲရှိတာပါ။ အဲဒီအတွက် ငါ့တူကိုကျေးဇူးတင်ပါတယ်ကွာ။ ငါ့တူဟာ ဦးတို့မိသားစုအတွက် ကျေးဇူးရှင်ပါ"

"ကျေးဇူးတင်စရာမလိုပါဘူး ဦးလေးရယ်။ ကျွန်တော်တို့လို ကျန်းမာရေးစောင့်ရှောက်မှုပေးသူတွေဆိုတာက ကိုယ့်ရှေ့မှာ အသက်အန္တရာယ်ရှိနေတဲ့လူနာကို မျက်ကွယ်မပြုဘဲနဲ့ ကယ်တင်ရမယ့်တာဝန်က ကျွန်တော့်တို့ရဲ့ အဓိကအလုပ်ပဲမလား။ ပြီးတော့ ကျွန်တော်က ကျောင်းမပြီးသေးလို့ ဆရာဝန်မဖြစ်သေးသလို ကုသခွင့်လဲမရှိသေးပါဘူး။ ဦးလေးရဲ့သားကို တကယ်ကယ်လိုက်တာက ဒီကကျေးလက်ကျန်းမာရေးမှူးကြီးပါ"

ကျန်းမာရေးမှူးက ရယ်နေ၏။ ဖြိုးသူရ၊ စိုးပိုင်၊ အောင်မင်းနိုင်တို့က လူငယ်ကို လေးစားခြင်း၊ အားကျခြင်းအကြည့်များနှင့် မျက်တောင်မခတ်ကြည့်နေကြသည်။

"ကဲ ကိုစိုးပိုင်လဲ သက်သာနေပြီဆိုတော့ နေမမြင့်ခင် အလုပ်သွားလိုက်ပါအုံးမယ်။ ကျွန်တော့်ကိုခွင့်ပြုကြပါအုံးခင်ဗျာ"

လူငယ်က ရိုကျိုးစွာ အားလုံးကိုနှုတ်ဆက်၍ ဆိုက်ကားလေးကို ခွန်အားအပြည့်ဖြင့်နင်းရင်း ထွက်ခွာသွားလေသည်။

"တကယ့်ကို မာနတရားကင်းပြီး ရိုးသားကြိုးစားတဲ့ တိုင်းပြည်ရဲ့အဖိုးတန်လူငယ်လေးတစ်ယောက်ပါပဲဗျာ။ ဒီလိုလူတော်လေးတွေ ကျွန်တော်တို့တိုင်းပြည်မှာ အများကြီးပေါ်ထွန်းလာပါစေလို့ ဆုတောင်းမိတယ်ဗျာ"

ကျန်းမာရေးမှူးကြီးက သူ့ရင်ထဲကဆန္ဒကို အများသိအောင် ထုတ်ဖော်ပြောဆိုရင်း ခေါင်းတညိတ်ညိတ်ဖြင့် ကျန်နေခဲ့ပါတော့သည်။

## ထူးမြတ်ပေစွ ဝါဆိုလ

\- လရာသီ ကရကဋ်ရယ်နဲ့
နက္ခတ်က ပြုဗ္ဗာသာဠ်တွင်၊
ဖျိုင်းတာရာ ယုဂန်ထက်မှာ
မြူးလျက်သာမြင်၊
ရာသီပန်း မြတ်လေးပင်
ပွင့်ဝေလွင် သင်းမြမြ၊
ရဟန်းခံ ရာသီပွဲကိုလည်း
ပြုမြဲသာပ။

\- ဘုရားရှင် သန္ဓေခလို့
တောထွက်လ မှတ်ကြရာ၊
လပြည့်မှာ ဓမ္မစက်ကိုလည်း
ဟောရက်မှတ်ပါ၊
ထူးမြတ်လ ဝါဆိုမှာ
မြန်မာတွေ သဒ္ဓါဖွေး၊
ဝါကပ်ယူ ရှင်ရဟန်းတွေအား
သင်္ကန်းလှူပေး။

\- တောင်သူတွေ သံချိုတေးနဲ့
မိုးအေးအေး လယ်ယာဝင်၊
ကောက်စိုက်ချိန် မိုးဦးလမို့
စိမ်းမြလယ်တွင်၊
မိုးစပါး ယိမ်းကသွင်
ပြည်တစ်ခွင် ရှုမဆုံး၊
လဝါဆို မိုးလေမြူးခါကွဲ့
(တောင်သူတွေ)
ကြည်နူးရွှင်ပြုံး။ ။

**မောင်ရွှေဦး(လယ်ဝေး)**

# သရက်မြို့နယ် သဲဖြူကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**သရက် ဇွန် ၂၄**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ပိသလိမ်းကျေးရွာအုပ်စု သဲဖြူကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၃ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဇော်ဟန်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ခဲ့ကြသည်။

သဲဖြူကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများကိုအသုံးပြုကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်မာ**

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး**

# မူးယစ်ဆေးအန္တရာယ် စုပေါင်းကာကွယ်ကြပါစို့

မူးယစ်ဆေးဝါးသုံးစွဲမှုက သုံးစွဲတဲ့ လူတစ်ဦးတစ်ယောက်ချင်းစီကို ထိခိုက်စေရုံသာမက ဆေးစွဲနေသူရဲ့ မိသားစု၊ မိတ်ဆွေအပေါင်းအသင်း၊ တိုင်းပြည်ရဲ့ အရင်းအမြစ်တွေနဲ့ လူ့အဖွဲ့အစည်းတစ်ခုလုံးကိုပါ ထိခိုက်စေနိုင်ပါတယ်။ သုံးစွဲသူအနေနဲ့လဲ HIV၊ AIDS ရောဂါကူးစက်ခံရခြင်းအပါအဝင် အခြားသောရောဂါပေါင်းစုံဝင်ရောက်နိုင်ပြီး လူမှုရေးကို ထိခိုက်စေတဲ့ ဆိုးကျိုးတွေကို ချက်ချင်းလက်ငင်းကြုံတွေ့ခံစားရမှာဖြစ်ပြီး မိသားစုရှိတဲ့သူဖြစ်မယ်ဆိုရင် ၎င်းရဲ့ သားသမီးတွေမှာလဲ မိသားစုနဲ့ ပတ်ဝန်းကျင်ရဲ့ ရုပ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း လျစ်လျူရှုခြင်းခံရမှုတွေကြောင့် သနားဖွယ်ရာစိတ်ဒဏ်ရာတွေနဲ့ ကြီးပြင်းလာကြရပါတယ်။

ဒီလိုမျိုး တစ်ဦးချင်းနဲ့ မိသားစုဆိုင်ရာဆိုးကျိုးတွေက ဒီနေရာမှာ ရပ်တန့်မနေဘဲ ပတ်ဝန်းကျင်နဲ့ လူ့အဖွဲ့အစည်းတစ်ခုလုံးကိုပါ သက်ရောက်လာပါတော့တယ်။ မူးယစ်ဆေးဝါးထုတ်လုပ်ရာမှာ အထူးသဖြင့် မက်သာဖက်တမင်းထုတ်လုပ်တဲ့နေရာတွေရဲ့ ပတ်ဝန်းကျင်မှာ ဓာတုအဆိပ်သင့်မှုကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးကို ကြီးကြီးမားမားသက်ရောက်မှုရှိနိုင်ပါတယ်။ ဆေးစွဲသူတွေနဲ့ မိသားစုတွေကို စောင့်ရှောက်ကုသရတဲ့ အရင်းအမြစ်တွေကလဲ သက်ဆိုင်ရာတိုင်းပြည်အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်လာပြီး တိုင်းပြည်ကိုပါ ထိခိုက်လာပါတော့တယ်။ မူးယစ်ဆေးဝါးကြောင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေးစတဲ့ ဘက်ပေါင်းစုံက ဆုတ်ယုတ်မှုတွေ ဖြစ်ပေါ်လာပြီး အဆုံးသတ်မှာ လူရာမဝင်၊ လူစဉ်မမီတဲ့ မျိုးဆက်တွေ၊ လူသားအဖွဲ့အစည်းတွေဖြစ်လာကာ တစ်နိုင်ငံလုံး၊ ကမ္ဘာကြီးတစ်ခုလုံးပျက်စီးရတဲ့ အခြေအနေကို ဆိုက်ရောက်လာနိုင်ပါတယ်။ ဒါကြောင့် ကမ္ဘာ့နိုင်ငံအားလုံးက မူးယစ်ဆေးဝါးကို အားလုံးရဲ့ဘုံရန်သူအဖြစ် သတ်မှတ်ပြီး တိုက်ဖျက်တားဆီးနေကြတာဖြစ်ပါတယ်။ ဇွန် ၂၆ ရက်ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (International Day against Drug Abuse and Illicit Trafficking) အဖြစ် သတ်မှတ်ပြီး နှစ်စဉ်ကျင်းပလျက်ရှိရာမှ ယခု ၂၀၂၃ ခုနှစ်မှာဆိုရင် (၃၆)ကြိမ်တိုင်ခဲ့ပြီဖြစ်ပါတယ်။

**နစကာအစိုးရရဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး**

ကမ္ဘာ့နိုင်ငံများနည်းတူ ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံအနေနဲ့လဲ တပ်မတော်သားတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ပြည်သူတွေလက်တွဲပြီး ကိုလိုနီခေတ်မှစတင် အမြစ်တွယ်ခဲ့တဲ့ မူးယစ်ဆေးဝါးကို ခေတ်အဆက်ဆက် တားဆီးတိုက်ဖျက်ခဲ့ကြပါတယ်။ ယခုအခါမှာ နည်းပညာများတိုးတက်လာသည်နှင့်အမျှ နည်းစနစ်တွေနဲ့ ဓာတုပစ္စည်းတွေလဲ ပေါ်များလာပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို လွယ်လွယ်ကူကူထုတ်လုပ်ဖြန့်ဖြူးလာကြတဲ့အတွက် မူးယစ်ဆေးဝါးနှိမ်နင်းရေးများကိုလဲ အစိုးရအဆက်ဆက်က အရှိန်အဟုန်မြှင့်ဆောင်ရွက်လာကြပါတယ်။

**၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့ ရက်စွဲနဲ့ ထပ်မံပြင်ဆင်ပြီး အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၂၂ ဖြင့် အဖွဲ့ဝင် ၁၉ ဦး၊ လုပ်ငန်းတာဝန် ၂၁ ချက်ဖြင့် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ ဗဟိုအဖွဲ့က လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့ကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ခဲ့ပါတယ်။**

**ဒါကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းတွေ ထိရောက်အောင်မြင်ခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအမြောက်အမြားဖမ်းဆီးရမိမှုစာရင်းတွေကို နှစ်အလိုက်ဖော်ပြပေးလိုက်ပါတယ်။**

**၂၀၂၁ ခုနှစ်၊ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ် မေလ ၃၁ ရက်နေ့အထိ မြန်မာတစ်နိုင်ငံလုံးမူးယစ်ဆေးဝါးဖမ်းဆီးရမိမှု**

| စဉ် | အမျိုးအမည် | ၂၀၂၁ ခုနှစ် | | ၂၀၂၂ ခုနှစ် | | ၂၀၂၃ ခုနှစ်၊ မေလအထိ | | ရေတွက်ပုံ |
|---|---|---|---|---|---|---|---|---|
| | | အရေအတွက် | တန်ဖိုး (ကျပ်သန်း) | အရေအတွက် | တန်ဖိုး (ကျပ်သန်း) | အရေအတွက် | တန်ဖိုး (ကျပ်သန်း) | |
| ၁ | ဘိန်း | ၂၆၃၂.၀၀၉၇၅ | ၂၆၃၂.၀၀၉၇၅ | ၁၂၀၉.၇၇၀၇၄ | ၁၂၀၉.၇၇၀၇၄ | ၂၀၉.၃၀၀၇ | ၂၀၉.၃၀၀၇ | ကီလို |
| ၂ | ဘိန်းဖြူ | ၂၅၂၆.၁၀၉၁၁၄ | ၇၅၇၈၃.၂၇၃၄၂ | ၁၃၄၅.၄၉၈၁၄၈ | ၄၀၃၆၄.၉၄၄၄၄ | ၉၂၁.၇၉၀၉၇ | ၂၇၆၅၃.၇၂၉၁ | ကီလို |
| ၃ | စိတ်ကြွရူးသွပ်ဆေးပြား | ၁၉၈၁၈၈၇၁၅.၅ | ၃၉၆၃၇၇.၄၃၁ | ၁၆၉၀၇၀၉၀၉ | ၃၃၈၁၄၁.၈၁၈ | ၉၂၀၈၁၂၁ | ၁၈၄၁၆၂.၄၂၂ | ပြား |
| ၄ | အိုက်စ် | ၁၃၈၁၅.၇၇၅၄၂ | ၂၇၆၃၁၅.၅၀၈၄ | ၂၃၄၀၁.၉၁၉၈ | ၄၆၈၀၃၈.၃၉၆ | ၇၂၁၅.၂၇၁၉၉ | ၁၄၄၃၀၅.၄၃၉၈ | ကီလို |
| ၅ | ဆေးခြောက် | ၅၀၃.၇၁၅၉၆၁၁ | ၁၅၁.၁၁၄၇၈၈၉ | ၉၂၉.၄၃၀၀၂၅ | ၂၇၈.၈၂၉၀၀၇၅ | ၃၄၈.၁၀၀၄၃ | ၁၀၄.၄၃၀၁၂၉ | ကီလို |
| ၆ | ဘိန်းစာရွက် | ၃၀၈၈.၂၁၃၁၇ | ၃၀၈.၈၂၁၃၁၇ | ၁၆၀၈.၇၀၇၆၇ | ၁၆၀.၈၇၀၇၆၇ | ၄၆၀.၇၁၁၆၅ | ၄၆.၀၇၁၁၆၅ | ကီလို |
| ၇ | ဘိန်းစာမှုန့် | ၁၀၅၈.၄၈၀၅၅၁ | ၁၅၈.၇၇၂၀၈၂၇ | ၇၆၆.၄၇၇၀၁ | ၁၁၄.၉၇၁၅၁၅ | ၁၁၆.၅၄၄၉၅ | ၁၇.၄၈၀၇၅ | ကီလို |
| စုစုပေါင်း (ကျပ်သန်း) | | ၉၇၀,၂၈၈.၉၇ အမေရိကန်ဒေါ်လာ(၄၆၂.၀၄)သန်း | | ၁,၁၂၀,၃၆၀.၃၁ အမေရိကန်ဒေါ်လာ(၅၃၃.၅၀) သန်း | | ၃၇၇,၀၀၈.၉၅ အမေရိကန်ဒေါ်လာ(၁၇၉.၅၃) သန်း | | |

ဒီစာရင်းဇယားတွေနဲ့ ဖမ်းဆီးရမိမှုဖြစ်စဉ်တွေကို လေ့လာကြည့်ခြင်းအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းတွေရဲ့ စွမ်းစွမ်းတမံဆောင်ရွက်မှုများက မှတ်တမ်းတင်ထိုက်ပါပေတယ်။

မူးယစ်ဆေးဝါးကို ထိရောက်စွာ တားဆီးကာကွယ်နိုင်ဖို့ ပြည်သူလူထုက မူးယစ်ဆေးဝါးရဲ့ဆိုးကျိုးကို နားလည်သဘောပေါက်ပြီး ပူးပေါင်းဆောင်ရွက်ဖို့က အရေးကြီးကိစ္စတစ်ခုဖြစ်တဲ့အတွက် လူငယ်မျိုးဆက်သစ်တို့ မူးယစ်ဆေးဝါးရဲ့အန္တရာယ်ကို သိရှိနိုင်စေဖို့ အသိပညာပေးလုပ်ငန်းတွေကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။ လူငယ်တွေနဲ့ ပြည်သူလူထုအတွင်းမှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်ကို သိရှိတွေ့မြင်ပြီး ရှောင်ကြဉ်ကြစေရေးအတွက် ရေဒီယို၊ ရုပ်မြင်သံကြား၊ ဗီဒီယို၊ ရုပ်ရှင်၊ သဘင်၊ တေးဂီတ စတဲ့ လူထုဆက်သွယ်ရေးနည်းလမ်းတွေနဲ့ ထိရောက်စွာပညာပေးနိုင်ဖို့ စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

**နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုများ**

မြန်မာနိုင်ငံက မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် ကုလသမဂ္ဂမူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်း သုံးခုမှာ ပါဝင်လက်မှတ်ရေးထိုးထားပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (INCB)၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)၊ အစိုးရမဟုတ်သောအဖွဲ့အစည်းတွေ၊ ဒေသတွင်းနိုင်ငံတွေ၊ ဒေသအပြင်ဘက်နိုင်ငံတွေနဲ့ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာကိစ္စရပ်တွေမှာ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့အပြင် ရန်ကုန်မြို့အခြေစိုက်ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး(UNODC)၊ ဩစတြေးလျပြည်ထောင်စုရဲအဖွဲ့ (AFP)၊ အမေရိကန်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအုပ်ချုပ်မှုအဖွဲ့ (DEA)၊ တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် (NNCC)၊ ထိုင်းနိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB)တို့နဲ့လဲ အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**အာဆီယံနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှု**

မြန်မာနိုင်ငံက အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အတွက် မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းတွေကို အာဆီယံဒေသအတွင်း ပူးပေါင်းဆောင်ရွက်မှုတွေမှာ တက်ကြွစွာဆောင်ရွက်လျက်ရှိပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစည်းအဝေးတွေဖြစ်တဲ့ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့်အစည်းအဝေး (AMMD)၊ အာဆီယံမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (ASOD)၊ အာဆီယံလေကြောင်းကြားဖြတ်စစ်ဆေးရေးအထူးအဖွဲ့အစည်းအဝေး(AAITF)၊ အာဆီယံပင်လယ်ဆိပ်ကမ်းကြားဖြတ်စစ်ဆေးရေးအထူးအဖွဲ့အစည်းအဝေး(ASITF)၊ အာဆီယံမူးယစ်ဆေးဝါးစောင့်ကြပ်ကြည့်ရှုမှု ကွန်ရက်အစည်းအဝေး (ADMN) များကို ပါဝင်တက်ရောက်ပြီး ဘက်ပေါင်းစုံကနေ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အာဆီယံအဖွဲ့ကချမှတ်ထားတဲ့ ဘေးကင်းလုံခြုံတဲ့လူမှုအဖွဲ့ဖြစ်စေဖို့ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအာဆီယံလုပ်ငန်းစီမံချက် ၂၀၁၆-၂၀၂၅ (ASEAN Work Plan - 2016-2025) မှာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**မဲခေါင် MoU လက်မှတ်ရေးထိုးထားသောအဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု**

ရွှေတြိဂံဒေသအဖြစ် သတ်မှတ်ထားတဲ့ မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ် အရှေ့ဘက်၊ ထိုင်းနိုင်ငံ မြောက်ဘက်၊ လာအိုနိုင်ငံမြောက်ဘက်နဲ့ တရုတ်နိုင်ငံအနောက်တောင်ဘက်ဒေသတွေဟာ ကမ္ဘာပေါ်မှာ ဘိန်းနဲ့ ဘိန်းဖြူအများဆုံးထုတ်လုပ်တဲ့ ဒေသအဖြစ်ကျန်ရှိနေသေးတဲ့အတွက် အဲဒီဒေသအတွင်းမှာရှိတဲ့ နိုင်ငံတွေက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်နိုင်ဖို့ မဲခေါင်သဘောတူညီချက်ကို မြန်မာ၊ ထိုင်း၊ လာအိုနဲ့ တရုတ်နိုင်ငံတို့က ၁၉၉၃ ခုနှစ်မှာ သဘောတူညီချက်လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ၁၉၉၅ ခုနှစ်မှာ အဖွဲ့ဝင်သစ်အဖြစ် ကမ္ဘောဒီးယားနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတို့ ပါဝင်လက်မှတ်ရေးထိုးပြီး မဲခေါင်ဒေသခွဲခြောက်နိုင်ငံအတွင်းမှာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းတွေကို ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။ မဲခေါင် MoU အဖွဲ့ဝင်နိုင်ငံတွေက အလှည့်ကျအိမ်ရှင်အဖြစ် ဝန်ကြီးအဆင့်အစည်းအဝေးကို နှစ်နှစ်လျှင် တစ်ကြိမ်၊ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးနဲ့ ဗဟိုတာဝန်ခံများအစည်းအဝေးကို တစ်နှစ်လျှင် တစ်ကြိမ် လက်ခံကျင်းပဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံက ကိုယ်စားလှယ်များ ပါဝင်တက်ရောက်လျက်ရှိပါတယ်။ အဖွဲ့ဝင်နိုင်ငံများကြား မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်မှုသတင်းများဖလှယ်ပြီး ရွှေတြိဂံဒေသမှတစ်ဆင့် မူးယစ်ဆေးဝါးတွေ အခြားကမ္ဘာ့နိုင်ငံအသီးသီးကို ပျံ့နှံ့မှုမရှိစေရေး တားဆီးနှိမ်နင်းရေးလုပ်ငန်းတွေ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်က ကျင်းပခဲ့တဲ့ ဘင်းမ်စတက်ဒေသအတွင်း အကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးဆိုင်ရာ ပထမကြိမ်အစည်းအဝေးမှာ လုပ်ငန်းခွဲအုပ်စုများဖွဲ့စည်းပြီး အဖွဲ့ဝင်နိုင်ငံတွေက တာဝန်ယူဆောင်ရွက်ဖို့ သတ်မှတ်ခဲ့တဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါး၊ စိတ်ပြောင်းဆေးဝါးနှင့် ပရီကာဆာဓာတုပစ္စည်းများ တရားမဝင်သယ်ဆောင် ရောင်းဝယ်မှုကြိုတင်ကာကွယ်ရေးလုပ်ငန်းခွဲအုပ်စုအစည်းအဝေးကို တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံတွင်းက ထွက်ရှိတဲ့ စိတ်ကြွဆေးဝါးတွေဟာ ပြည်ပနိုင်ငံတွေက ရောက်ရှိလာတဲ့ ပရီကာဆာဓာတုပစ္စည်းများကြောင့် ထွက်ရှိလာတာဖြစ်လို့ မြန်မာနိုင်ငံတွင်းက စိတ်ကြွဆေးဝါးထုတ်လုပ်မှုပပျောက်ဖို့အတွက် ပြည်ပနိုင်ငံတွေက ဝင်ရောက်လာမဲ့ ပရီကာဆာဓာတုပစ္စည်းတွေ ဖမ်းဆီးရမိရေး အလွန်အရေးကြီးပါတယ်။ ဒါကြောင့် တရားမဝင်ဓာတုပစ္စည်းတွေ ရောင်းဝယ်မှုကိုလဲ ဒေသတွင်းနိုင်ငံတွေနဲ့ ပူးပေါင်းတားဆီးထိန်းချုပ်နိုင်ရေး အလေးထားလုပ်ဆောင်လျက်ရှိပါတယ်။

**MoU/ LoA လက်မှတ်ရေးထိုးဆောင်ရွက်မှု**

မြန်မာနိုင်ငံက မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးအတွက် အမေရိကန်၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ ကိုရီးယား၊ လာအို၊ ဖိလစ်ပိုင်၊ ရုရှား၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများနှင့် နှစ်နိုင်ငံသဘောတူညီချက်များ၊ နားလည်မှုစာချွန်လွှာများ (MoU/ LoA) စုစုပေါင်း ၂၄ ခုလက်မှတ်ရေးထိုးထားရှိပါတယ်။ ဒါ့ပြင် အင်ဒိုနီးရှားနိုင်ငံနဲ့ နားလည်မှုစာချွန်လွှာ (MoU)လက်မှတ်ရေးထိုးနိုင်ရေးအတွက်ဆောင်ရွက်လျက်ရှိပြီး ဖိလစ်ပိုင်နိုင်ငံနဲ့ ရေးထိုးထားတဲ့ နားလည်မှုစာချွန်လွှာ (MoU) ကို ပြင်ဆင်လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

**နစကရဲ့ သမိုင်းမှတ်တိုင်**

မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် သုံးစွဲသူတွေကိုယ်တိုင်သာမက လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို ထိခိုက်နိုင်ပြီး လူငယ်တွေရဲ့ စွမ်းအားဆုံးရှုံးခြင်းအပြင် မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်ရာကနေရရှိတဲ့ ငွေကြေးတွေဟာ ပြစ်မှုကျူးလွန်သူတွေနဲ့ သောင်းကျန်းသူအဖွဲ့အစည်းတွေရဲ့ အင်အားကို ပိုမိုကြီးထွားစေပြီး ဒေသတွင်းနိုင်ငံတွေရဲ့ လုံခြုံရေးနဲ့တည်ငြိမ်ရေးကို ခြိမ်းခြောက်မှုတွေဖြစ်ပေါ်လာစေပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု

စာမျက်နှာ ၂၇ သို့ ➤

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

# သူဌေးကြီးနှင့် တပည့်သုံးယောက်

တစ်ခါတုန်းကပေါ့ကွယ်။ မြို့တစ်မြို့မှာ ကြွယ်ဝချမ်းသာတဲ့ မုဆိုးဖိုသူဌေးကြီးတစ်ယောက် ရှိလေသတဲ့။ သူဌေးကြီးဆီမှာ သမီးတစ်ယောက်လဲရှိတာပေါ့ကွယ်။ သူဌေးကြီးရဲ့သမီးဖြစ်သူဟာ အရွယ်ရောက်လာတာနဲ့အမျှ ချောမောလှပလာတာကြောင့် သူ့ရဲ့အလှဂုဏ်သတင်းဟာ တစ်မြို့လုံးမွှေးပျံ့နေတာပေါ့ကွယ်။

ဒါကြောင့် သူဌေးကြီးဟာ သမီးလေးအတွက် စိုးရိမ်ပူပန်မှုဖြစ်နေတာပေါ့။ သမီးလေးအိမ်ထောင်ဖက်အရွေးမှားသွားရင် ငါတော့ရင်ကျိုးရချည်ရဲ့ဆိုပြီးတော့လဲ ခဏခဏတွေးတောနေမိသတဲ့ကွယ်။ ဒီလိုနဲ့ သူဌေးကြီးမှာ နှလုံးရောဂါရလာတာပေါ့ကွယ်။ ဒါကြောင့် သူဌေးကြီးဟာ သူရှိနေစဉ်ကာလအတွင်း သမီးဖြစ်သူကို သူမွေးစားထားတဲ့ မိဘမဲ့တပည့်သုံးယောက်ထဲက တစ်ယောက်ယောက်နဲ့ အိမ်ထောင်ချပေးဖို့ ဆုံးဖြတ်လိုက်သတဲ့ကွယ်။

သူဌေးကြီးရဲ့တပည့်သုံးယောက်ဟာ လုပ်ရည်ကိုင်ရည်ရှိကြပြီး အသောက်အစားလဲကင်းကြသလို သူဌေးကြီးရဲ့လုပ်ငန်းကိုယ်စီမှာ ယုံကြည်စိတ်ချနိုင်အောင် ကြိုးစားလုပ်ကိုင်နေကြသူတွေဖြစ်သတဲ့ကွယ်။ သုံးယောက်စလုံးဟာ အရည်အချင်းတူညီနေကြသတဲ့။ သူတို့သုံးယောက်ထဲက အသင့်တော်ဆုံးသူကို ရွေးချယ်နိုင်ဖို့အတွက် သူဌေးကြီးက လုပ်ငန်းတာဝန်တစ်ခုစီ ဖန်တီးလိုက်သတဲ့ကွယ်။

"တပည့်တို့ မင်းတို့သုံးယောက်ထဲက တစ်ယောက်ကို ကျွန်ုပ်ရဲ့သမီးနဲ့ပေးစားလိုတယ်။ ဒါကြောင့် မင်းတို့သုံးယောက်ကို ကိစ္စတစ်ခုဆောင်ရွက်ခိုင်းမယ်။ မင်းတို့ရဲ့ကြိုးစားဆောင်ရွက်မှုအပေါ်မူတည်ပြီး သင့်တော်တဲ့သူကို သမီးနဲ့ပေးစားပါမယ်။ မင်းတို့လက်ခံနိုင်ရဲ့လား"

သူဌေးကြီးရဲ့ပြောစကားကို တပည့်သုံးယောက်က သဘောတူလက်ခံလိုက်တာပေါ့ကွယ်။ အဲဒီနောက် သူဌေးကြီးပေးတဲ့စာရွက်တွေကိုယ်စီယူပြီး နေရာအသီးသီးကို ထွက်ခွာသွားကြလေသတဲ့ကွယ်။ သုံးရက်မြောက်နေ့လဲရောက်ရော တပည့်သုံးယောက်ဟာ သူဌေးကြီးဆီကို အသီးသီးပြန်လည်ရောက်ရှိလာကြတာပေါ့။




ပထမတပည့်မောင်ဝက သူဌေးကြီးကို ဘူးတစ်ဘူးပေးရင်း ဦးစွာစကားဆိုလေသတဲ့။

"သူဌေးကြီးသမီးအတွက် တန်ဖိုးအရှိနိုင်ဆုံးအရာကိုယူခဲ့ပါဆိုလို့ ကျွန်ုပ်ရဲ့လုပ်အားခတွေထဲက နေစုပြီး ဟောဒီက အဖိုးတန်ရွှေဘယက်ကြီးကို ယူလာခဲ့ပါတယ်။ သူဌေးကြီးသမီးရဲ့အလှနဲ့ဆိုရင် အခု ကျွန်ုပ်ပေးတဲ့ဘယက်က တော်တော်ကိုလိုက်ဖက်မှာပါခင်ဗျ"

သူဌေးကြီးလဲ ဘယက်ကိုဖွင့်ကြည့်ပြီး ပြုံးလိုက်တာပေါ့ကွယ်။ ဒီလိုနဲ့ ဒုတိယတပည့် မောင်လှကလဲ သူဌေးကြီးကို အထုပ်တစ်ထုပ်ပေးရင်း ပြောလာပြန်သတဲ့။

"ဟောဒီက ကျွန်ုပ်ယူလာတဲ့အရာကတော့ သူဌေးကြီးသမီးဝတ်ဆင်ဖို့အတွက် တန်ဖိုးကြီးတဲ့ ချည်သားနဲ့ရက်လုပ်ထားတဲ့ အဝတ်အထည်ပဲဖြစ်ပါတယ်။ ရတနာရွှေငွေဟာ တန်ဖိုးကြီးပေမဲ့ အဝတ်အထည်ဟာ မိန်းမသားတစ်ယောက်အတွက် ပိုပြီးလိုအပ်ပါတယ်သူဌေးကြီးခင်ဗျာ"

သူဌေးကြီးလဲ နောက်တစ်ခေါက်ထပ်ပြုံးပြီး ယူလိုက်တာပေါ့ကွယ်။ နောက်ဆုံးတပည့် မောင်မြကတော့ ဘာမှပါမလာဘဲ တောထဲကခူးလာတဲ့ အရွက်တချို့နဲ့ ဆေးမြစ်တချို့ကို သူဌေးကြီးကို ပေးလိုက်တာပေါ့ကွယ်။ သူဌေးကြီးလဲ အံ့အားသင့်သွားတာပေါ့။ မောင်မြက ဒီလိုဆိုလေသတဲ့။

"သူဌေးကြီးသောက်ဖို့ တောထဲက ဆေးမြစ်၊ ဆေးရွက်တချို့ခူးခဲ့ပါတယ်။ ဒီအရာတွေကို ကျိုသောက်ခြင်းဖြင့် သူဌေးကြီးရဲ့နှလုံးရောဂါကို သက်သာပျောက်ကင်းစေနိုင်ပါတယ်"

"အို မောင်မြ မင်းကို ကျွန်ုပ်သမီးအတွက် တန်ဖိုးအရှိဆုံးအရာရှာခိုင်းခဲ့တာလေ"

"ဟုတ်ကဲ့ သူဌေးကြီးသမီးရဲ့ တန်ဖိုးအရှိဆုံးအရာက သူဌေးကြီးကိုယ်တိုင်ပါပဲ။ ဒါကြောင့် သူဌေးကြီးကျန်းမာရေးကောင်းဖို့ လိုအပ်ပါတယ်။ သူဌေးကြီးသမီးအတွက် သူဌေးကြီးလောက်တန်ဖိုးရှိမဲ့အရာ မရှိနိုင်တဲ့အတွက် အခုလို ဆေးမြစ်တွေပဲယူခဲ့ရတာဖြစ်ပါတယ်။ လူတိုင်းအတွက် တန်ဖိုးအရှိဆုံးအရာဟာ မိဘပဲဖြစ်ပါတယ်"

သူဌေးကြီးလဲ မောင်မြရဲ့အဖြေကို သဘောကျပြီး သမီးဖြစ်သူနဲ့ အိမ်ထောင်ပြုပေးဖို့ ဆုံးဖြတ်လိုက်တာပေါ့ကွယ်။ အခြားတပည့်နှစ်ယောက်ကလဲ သဘောတူလေသတဲ့ကွယ်။

ကဲ. . . ကလေးတို့ရေ လောကမှာ မိဘကို တန်ဖိုးထားပြီး ရိုးသားမှန်ကန်စွာလုပ်ဆောင်သွားမယ်ဆိုရင် သူများတွေထက်သာလွန်ပြီး အောင်မြင်မှုကိုရနိုင်မယ်ဆိုတာ မှတ်ထားရမယ်နော်။ ကလေးတို့အားလုံး မိဘကျေးဇူး၊ မိဘတန်ဖိုးကို နားလည်သိမြင်ပြီး တန်ဖိုးထားတတ်ကြပါစေကွယ်။ ပုံပြင်လေးကတော့ ဒါပါပဲကွယ်။

ကလေးတို့ ရွှင်လန်းချမ်းမြေ့ကြပါစေ။

**ဗိုင်ဆု(ပညာရေး)**

## ကြာရွက်ထီးကလေး

♦ ဝသန်ကာလ မိုးရာသီ
ကောင်းကင်မှိုင်းညို့ရီ၊
အနောက်တောင်ဆီက ကိုရွှေမိုး
သည်းစွာရွာသွန်းဖြိုး။

♦ လယ်ကန်သင်းရိုး တစ်လျှောက်မှာ
ကောက်စိုက်ပြန်လို့လာ၊
ခမောက်မပါ လုံမေအပေါင်း
ကြာရွက်ထီးကိုဆောင်း။
မိုးလုံပါစေကြောင်း။ ။

**သာကီနွယ်(ညောင်ရမ်း)**




## ပန်းကလေးတွေ

♦ မမစိုက်ထား ပန်းပင်များ
ပွင့်ကြပါပေါ့လား။

♦ ဘုရားတင်မယ် ညီမရယ်
ကတ်ကြေးယူခဲ့ကွယ်။

♦ စံပယ်ကိုခူး နှင်းဆီခူး
နံနက်နေရောင်ဦး။

♦ အလှထူးစွာ ပန်ဆင်ကာ
ကျောင်းသွားကြတဲ့အခါ။

♦ ဆရာမဖို့ ပန်းတချို့
ယူခဲ့ကြပါစို့။

**စွန်မန်းရို**



## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံအင်ဂျင်နီယာသင်တန်း ဝင်ခွင့်လျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းနှင့်ပတ်သက်၍ ထပ်မံရက်တိုးမြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ၊ အင်ဂျင်နီယာသင်တန်းဝင်ခွင့် လျှောက်လွှာများ ထုတ်ပေး/တင်သွင်းခြင်းကို **၂၄-၆-၂၀၂၃ ရက်နေ့အထိ** နောက်ဆုံး ထုတ်ယူ/တင်သွင်းရန် ကြော်ငြာထားရှိခဲ့သော်လည်း တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းထုတ်ပြန်ပြီးချိန်တွင် စာမေးပွဲအောင်မြင်သူများ ထပ်မံလျှောက်ထားနိုင်ရန် အတွက် လျှောက်လွှာထုတ်ပေး/တင်သွင်းခြင်းအား **၁၅-၇-၂၀၂၃** ရက်နေ့အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် လျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်း၊ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ၌ **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပြီး လျှောက်လွှာထုတ်ယူထားသူများ အနေဖြင့် လျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


**ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်**

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကဏ္ဍတွင် ဘဏ်စနစ်ဖြင့်ဆောင်ရွက်ခြင်းကို ယခုနှစ် ဩဂုတ် ၁ ရက်မှ စတင်ကျင့်သုံးဆောင်ရွက်သွားမည်



**နေပြည်တော် ဇွန် ၂၄**

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကဏ္ဍတွင် ဘဏ်စနစ်ဖြင့်ဆောင်ရွက်ခြင်းကို ယခုနှစ် ဩဂုတ် ၁ ရက်မှ စတင်ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ထုတ်ပြန်သတင်းများအရ သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနသည် နယ်စပ်ကုန်သွယ်မှုကိစ္စရပ်များကို ဘဏ်စနစ်ဖြင့် ဆောင်ရွက်ခြင်းကို ကနဦးအဆင့်အနေဖြင့် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးကဏ္ဍတွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်က စတင်ကျင့်သုံးဆောင်ရွက်ခဲ့ရာ ဒုတိယအဆင့်အနေဖြင့် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးကဏ္ဍတွင် ဘဏ်စနစ်ဖြင့်ဆောင်ရွက်ခြင်းကို ယခုနှစ် ဩဂုတ် ၁ ရက်မှ စတင်ကျင့်သုံးဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် သွင်းကုန်ပစ္စည်းများ တင်သွင်းမှုအတွက် တစ်ဖက်နိုင်ငံသို့ ပို့ကုန်တင်ပို့ခြင်းမှရရှိသည့်ဝင်ငွေ၊ အခြားဝင်ငွေများနှင့် ပြည်တွင်းဘဏ်မှဖြစ်စေ ဝယ်ယူရရှိထားသော ငွေစာရင်းလက်ကျန် (ယွမ်ငွေ) ကို အသုံးပြုတင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း၊ အဆိုပါရငွေများကို သက်ဆိုင်ရာဘဏ်များမှတစ်ဆင့် သွင်းကုန်အတွက် ငွေပေးချေမှုများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်စည်တင်သွင်းမှုများအတွက် သွင်းကုန်လိုင်စင်လျှောက်ထားဆောင်ရွက်ရာမှာ ကုမ္ပဏီများအနေဖြင့် မိမိ၏ဘဏ်ငွေစာရင်းသို့ ပို့ကုန်တင်ပို့ခြင်းမှရရှိသည့်ဝင်ငွေ သို့မဟုတ် အခြားဝင်ငွေဝင်ရောက်ကြောင်း သို့မဟုတ် ပြည်တွင်းဘဏ်မှ ဝယ်ယူထားကြောင်း သက်ဆိုင်ရာဘဏ်ကထုတ်ပေးသည့် အထောက်အထားနှင့် ဘဏ်ငွေစာရင်းရှင်းတမ်းမူရင်းတို့ကိုပူးတွဲကာ ကုန်သွယ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

ကုန်သွယ်ရေးဦးစီးဌာနသည် သွင်းကုန်တင်သွင်းလိုသည့်ကုမ္ပဏီကတင်ပြလာသော ပို့ကုန်မှရရှိသည့်ဝင်ငွေ သို့မဟုတ် အခြားဝင်ငွေဝင်ရောက်မှု သို့မဟုတ် ပြည်တွင်းဘဏ်မှ ဝယ်ယူထားမှုပမာဏကိုစိစစ်၍ ဘဏ်ငွေစာရင်းလက်ကျန်ပမာဏထက် မကျော်လွန်ဘဲ သွင်းကုန်လိုင်စင်ကို ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သွင်းကုန်လိုင်စင်ထုတ်ပေးခြင်းဆောင်ရွက်ရာတွင် ၂၀၂၃ ခုနှစ် ဩဂုတ် ၃၀ ရက်ထိကာလအတွင်း လျှောက်ထားပြီးဖြစ်သည့် သွင်းကုန်လိုင်စင်လျှောက်ထားမှုများ အကျုံးမဝင်ကြောင်း၊ အဆိုပါနေ့ရက်မတိုင်မီ ထုတ်ပေးပြီးဖြစ်သည့် သွင်းကုန်လိုင်စင်များဖြင့် ကုန်ပစ္စည်းတင်သွင်းမှုကို ၂၀၂၃ ခုနှစ် ဩဂုတ် ၃၁ ရက်မတိုင်မီ ပြီးပြတ်အောင်တင်သွင်းကြရမည် ဖြစ်ပြီး အဆိုပါသတ်မှတ်ကာလအတွင်း တင်သွင်းနိုင်ခြင်းမရှိပါက သွင်းကုန်လိုင်စင်ပျက်ပြယ်မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ တင်သွင်းခွင့်ပြုရာတွင် ပို့ကုန်မှရရှိသည့် ဝင်ငွေနှင့်အခြားဝင်ငွေဝင်ရောက်မှုများနှင့် ပတ်သက်၍ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်နောက်ပိုင်း ဝင်ရောက်သည့်ဝင်ငွေကိုသာ အသုံးပြုဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးတွင် ပို့ကုန်တင်ပို့သည့်ကုမ္ပဏီသည် ရရှိသည့်ပို့ကုန်ဝင်ငွေကို ကိုယ်တိုင်သွင်းကုန်တင်သွင်းခြင်းကိုဖြစ်စေ၊ အခြားကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းပေး၍ သွင်းကုန်တင်သွင်းခြင်းကိုဖြစ်စေဆောင်ရွက်နိုင်ကြောင်း၊ အဆိုပါပို့ကုန်မှရရှိသည့်ဝင်ငွေကိုအသုံးပြု၍ သွင်းကုန်ပစ္စည်းတင်သွင်းဆောင်ရွက်ရာတွင် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုခုမှ အခြားတစ်ခုခုသို့ လွှဲပြောင်းသုံးစွဲနိုင်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

SKL

# မကွေးခရိုင်အတွင်း မြို့နယ်များ၌ ဆောင်ရွက်မည့် ကျေးလက်လုပ်ငန်းများ ရှင်းလင်းဆွေးနွေး

**မကွေး ဇွန် ၂၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မကွေးခရိုင်အတွင်း မြို့နယ်များ၌ ပြည်ထောင်စုရန်ပုံငွေနှင့် တိုင်းဒေသကြီးရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတား၊ ကျေးလက်ရေရရှိရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၂၃ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြီးက အမှာစကားပြောကြားပြီး မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ)က ကျေးလက်ကုန်ထုတ်လမ်း၊ တံတားနှင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရန်အချက်များ၊ လုပ်ငန်းတစ်ခုချင်းအလိုက် ဌာနက ချမှတ်ထားသည့် အရည်အသွေး စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် လုပ်ငန်းစာချုပ်ပါ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မကွေးခရိုင်အတွင်းရှိ မကွေးမြို့နယ်၊ မြို့သစ်မြို့နယ်နှင့် တောင်တွင်းကြီးမြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးများက ယခုဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတား၊ ကျေးလက်ရေရရှိရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တင်ဒါအောင်မြင်သည့် လုပ်ငန်းရှင်ကုမ္ပဏီများက လုပ်ငန်းတစ်ခုချင်းအလိုက် ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြရာ ရှင်းလင်းတင်ပြမှုများအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားခဲ့သည်။

မကွေးခရိုင်အတွင်းရှိ မြို့နယ်သုံးမြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေနှင့် တိုင်းဒေသကြီးရန်ပုံငွေ စုစုပေါင်း ငွေကျပ် ၇၀၇ ဒသမ ၇၆၉ သန်းဖြင့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်း ၁၀ ခု၊ ကျေးလက်ရေရရှိရေးလုပ်ငန်း ခြောက်ခုတို့ကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီ ခုနစ်ခုတို့က တင်ဒါလုပ်ငန်းပါ စည်းကမ်းချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်ကြီးထံမှ သိရသည်။

**ကိုလှိုင်**


ရန်သူမီးဘေး တားဆီးရေး
မနေးဆောင်ရွက်ကြ

ထာဝရလှပသော အပြုံးအတွက်

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTIST RECOMMENDED

DENTOMEC




ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

FDA အမှတ်-1907 PC 0040

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နစ်မြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအစစ်ရဲ့ အရသာထူး စိတ်ရွှင်ကြည်နူး ....

(ASEAN-OSHNET AWARD) တွင်

BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး



ရွှေဖီဦး




ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

## စားသောက်ဆိုင်အတွက် ဝန်ထမ်း "မ" အလိုရှိသည်

- စားပွဲထိုး၊ မီးဖိုချောင်အကူ၊ စားပွဲထိုးအကူ
- အသက် (၁၆)နှစ်မှ (၂၅)နှစ်အတွင်း
- အိမ်ထောင်မရှိသူ၊ ရေရှည်လုပ်ကိုင်နိုင်သူ
- နေစားစရိတ်ငြိမ်း၊ အရက်(ဘီယာ) လုံးဝမသောက်ရပါ။
- ဖုန်း 09-979041072, 09-789320089

## ပျောက်ဆုံးကြောင်း

ရမည်းသင်းမြို့နယ်၊ သရက်ကန်ရွာနေ မညို (ဘ) ဦးမောင်သန်း (၉/ရမသ(နိုင်)၁၄၀၀၇၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(M-002518) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၈၅၃၃၁၉၃၈

## ပျောက်ဆုံးကြောင်း

ရမည်းသင်းမြို့နယ်၊ သရက်ကန်ရွာနေ သန့်ဇင်ဦး (ဘ) ဦးစောမောင် (၉/ရမသ(နိုင်)၁၈၆၈၂၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-397567) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၆၇၁၃၇၈၇၂၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၇၉၉/ပန်းပဲတန်း)၊ မြေကွက်အမှတ် (၀တ/၁၇/က)၊ မြေဧရိယာ (၀. ၀၇၄) ဧကရှိမြေသည် ဦးဇော်ဝင်း အမည်ဖြင့် မြေငှားဂရန်စာချုပ်နံပါတ်(၃၀၈၁)၊အမှုတွဲအမှတ် RP No. ၁၅၁ of 1997-1998(30 Year) မြေငှားဂရန်သက်တမ်းမှာ (၂၀-၆-၁၉၉၇) မှ (၁၉-၆-၂၀၂၇)ရက်နေ့ထိ ဖြစ်ကြောင်း၊ (၈-၃-၂၀၀၃)ရက်နေ့တွင် ဦးဇော်ဝင်း မှ ဦးသက်ဝင်းသို့ အရပ်ကတိစာချုပ်ဖြင့် ချုပ်ဆိုရောင်းချပြီး(၂၁-၂- ၂၀၂၃)ရက်နေ့တွင် ဦးသက်ဝင်း(၉/တကန(နိုင်)၀၈၇၆၃၂)မှ စစ်ကိုင်းမြို့နယ်တရားရုံးတွင် လက်ရှိနေထိုင်လျက်ရှိသည်မှာမှန်ကန်ကြောင်း ကျမ်းကျိန်ဆိုခဲ့၍ (၂၃-၃-၂၀၂၃)ရက်နေ့တွင် ဦးသက်ဝင်း မှ ဦးသန်းထိုက်အောင်သို့ မြေကွက်အရောင်းအဝယ်စာချုပ်အား တရားဝင်ချုပ်ဆို ရောင်းချခဲ့ပါသည်။ ယခုအခါ မြေကွက်ဝယ်ယူပိုင်ဆိုင်သူ ဦးသန်းထိုက်အောင်(ဘ)ဦးသန်းထွန်း (၉/ဝတန(နိုင်)၁၃၉၀၁၉)အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းလျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်)အတွင်း တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခနဲ့ကြုံတွေ့ခဲ့ရတဲ့ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူတွေရဲ့အကျိုးကို ရှေးရှုငဲ့ကွက်ပြီး သက်ဆိုင်သူအားလုံးက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကို (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကစပြီး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နောင်မျိုးဆက်သစ်များကို ငြိမ်းချမ်းရေး အမွေပေးခဲ့ကြပါစို့လို့ တိုက်တွန်းပြောကြားလိုပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# ရန်ကုန်ဆိပ်ကမ်းတံတားများတွင် ရေလမ်းကြောင်းတိုးတက်ကောင်းမွန်မှုကြောင့် အရွယ်အစားကြီးမားသည့် ကုန်သေတ္တာတင်သင်္ဘောကြီးများကို ဝန်ဆောင်မှုပိုမိုပေးနိုင်



**ရန်ကုန် ဇွန် ၂၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ရန်ကုန်ဆိပ်ကမ်းဧရိယာရှိ ဆိပ်ကမ်းများသို့နိုင်ငံတကာမှကုန်သင်္ဘောကြီးများ ချိန်ခါမရွေးဆိုက်ကပ်နိုင်သည်။ ရေလမ်းကြောင်းသစ်ကိုဖော်ဆောင်နိုင်ခဲ့ပြီး ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် သောင်တူးဖော်ထိန်းသိမ်းခြင်းကိုအလေးထားဆောင်ရွက်မှုကြောင့် ဆိပ်ကမ်းတံတားတို့၌အရွယ်အစားကြီးမားသည့် နိုင်ငံတကာကုန်သေတ္တာတင်သင်္ဘောကြီးများကို ဝန်ဆောင်မှုပိုမိုပေးလာနိုင်ကြောင်း သိရသည်။

ရေလမ်းကြောင်းတိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ရန်ကုန်ဆိပ်ကမ်းဧရိယာရှိ ဆိပ်ခံတံတားများသို့ ယခင်ကလက်ခံနိုင်ခဲ့သည့် သင်္ဘောအရွယ်အစားထက် ပိုမိုကြီးမားသည့် သင်္ဘောကြီးများကို ဝန်ဆောင်မှုပေးနိုင်ခဲ့ရာ ဇွန် ၂၂ ရက်

**စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ☆**

**"မြတ်မောင်" စိန်ရွှေရတနာဆိုင်အား စားပြတိုက်လုယက်မှုကျူးလွန်ခဲ့သည့်ဖြစ်စဉ်မှတစ်ဆင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နေသည့် တွံတေးမြို့ပြပြောက်ကျားအမည်ခံအကြမ်းဖက်အဖွဲ့ ဒုတိယခေါင်းဆောင်နှင့်အဖွဲ့ဝင်များကို ထပ်မံဖော်ထုတ်ဖမ်းဆီးရမိ**

စာမျက်နှာ - ၂၂

**မိုခါမှန်တိုင်းဒဏ်သင့်တောင်သူလယ်သမားများ မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ရခိုင်ပြည်နယ်သို့ မျိုးစပါးများတင်း ၇၀၀၀၀ ကျော် ပေးပို့သွားမည်**

စာမျက်နှာ - ၂၀

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la

Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar